# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သဟာသဝဂ် တစ်ထောင်**

ခွန်းပေါင်း တစ်ထောင် ပါသော်လည်း
ကျိုးမဲ့ခွန်းတို့ ဖြစ်ပါက
ထိုစကားသည် မမြတ်ပါ။
တစ်ခွန်းတည်းပင် ဖြစ်သော်လည်း
ကြားရသူ့စိတ် ငြိမ်းပါက
ထိုတစ်ခွန်းသည် မြတ်ပါ၏။

ဓမ္မပဒ - သဟာသဝဂ်တစ်ထောင်-၁၀၀။
(မြန်မာပြန်-မင်းသုဝဏ်)


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၁၃ ရက်၊ သောကြာနေ့ | အတွဲ (၅၅)၊ အမှတ် (၂၂၁)


# ရန်ကုန်မြစ်ကြောင်းထိန်းသိမ်းရေး ထိရောက်စွာဆောင်ရွက်မည်

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် မေ ၁၂**

ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အကြီးဆုံး စီးပွားရေးမြို့တော်ဖြစ်ပြီး လူဦးရေ ခုနစ်သန်းကျော် နေထိုင်လျက်ရှိသည့် မြို့ကြီးဖြစ်သည်။ ရန်ကုန်မြို့သည် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာရာ အဓိကဆိပ်ကမ်းမြို့ကြီးလည်းဖြစ်သည်။ သို့သော်လည်း စက်မှုလုပ်ငန်းများ တိုးလာခြင်း၊ စည်းကမ်းလိုက်နာမှု အားနည်းခြင်းတို့ကြောင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် အချို့သောနေရာများ၌ အမှိုက်သရိုက်များ၊ နုန်းတင်အနည်ပို့ချမှုများကြောင့် မြစ်ကြောင်း ထိန်းသိမ်းရေးကို ထိရောက်စွာဆောင်ရွက်ရန် လိုအပ်လာသည်။ ယင်းအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြစ်ကြောင်းထိန်းသိမ်းရေးကို

*စာမျက်နှာ ၃ ကော်လံ ၃* ✻



ရန်ကုန်မြစ်ကြောင်းတစ်လျှောက် နုန်းတင်အနည်ပို့ချမှုကြောင့် ရေယာဉ်သင်္ဘောများသွားလာမှု ခက်ခဲခဲ့ရသည်

# သံလွင်တံတား(ချောင်းဆုံ)တည်ဆောက်မှု ၅၀ ရာခိုင်နှုန်း ပြီးစီး




သံလွင်တံတား (ချောင်းဆုံ)တည်ဆောက်နေမှုကို ဤသို့တွေ့ရသည်

တင်လှိုင်(မိတ္ထီလာ)

**ချောင်းဆုံ မေ ၁၂**

မွန်ပြည်နယ်၌ မြို့နယ် ၁၀ ခုရှိရာ ချောင်းဆုံမြို့နယ်လည်း ပါဝင်သည်။ ချောင်းဆုံမြို့နယ်သည် မော်လမြိုင်မြို့တစ်ဖက်ကမ်း၌ တည်ရှိသည်။ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့နယ်ကြားတွင် သံလွင်မြစ်ကြီးက ခြားနေ၍ ခရီးသွားပြည်သူများ ခက်ခက်ခဲခဲ သွားလာလှုပ်ရှားနေကြရပေသည်။ သံလွင်မြစ်အကျယ်သည် ပေ ၄၂၀၀ ကျယ်ဝန်းပြီး ရေစီးကကြမ်းလှသည်။

ချောင်းဆုံမြို့နယ်၌ ကျေးရွာအုပ်စု ၄၆ စုရှိပြီး ကျေးရွာပေါင်း ၇၈ ရွာရှိသည်။ လူဦးရေ ၁၆၀၀၀၀ ကျော်ရှိသည်။ ချောင်းဆုံမြို့နယ်၏ အကျယ်အဝန်းမှာ စတုရန်းမိုင် ၂၅၀ ရှိသည်။ ဒေသ၏ အဓိကစီးပွားရေးမှာ စပါး ၊ ပဲမျိုးစုံနှင့် ရော်ဘာ ဖြစ်သည်။ ကျန်းမာရေးအတွက် မွေးလူနာများ၊ ထိခိုက်ဒဏ်ရာရရှိ သည့် အသည်းအသန် လူနာများကို ချောင်းဆုံမြို့မှ စက်လှေများဖြင့် မော်လမြိုင်ဘက်ကမ်းသို့ သွားရောက်ကုသပေးနေရသည်။ စက်လှေများဖြင့် သွားရသဖြင့် တစ်ခါတစ်ခါ လှေမှောက်၍ အသက်ဆုံးရှုံးမှုလည်းရှိခဲ့သည်။ ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁) နှင့် အဖွဲ့(၄)တို့က သံလွင်တံတား (ချောင်းဆုံ)ကို ၈-၂-၂၀၁၅ ရက်က စတင်တည်ဆောက်ခဲ့သည်။ သံလွင်တံတား(ချောင်းဆုံ)ကို ဆောက်လုပ်ပေးသဖြင့်

*စာမျက်နှာ ၃ ကော်လံ ၁* ◆





ALPHA CEMENT | အယ်လ်ဖာ ဘိလပ်မြေ

HOT LINE- 09-787878749, 787878729

တစ်ရက်လျှင် ဘိလပ်မြေ တန်ချိန် (၇ သိန်း) ထုတ်လုပ်သော ကမ္ဘာ့ထုတ်လုပ်မှု ပထမ ဖြစ်သည့် CONCH ကုမ္ပဏီ မှ မြန်မာပြည် တွင်ဂုဏ်ယူစွာထုတ်လုပ်ပါသည်။

မြန်မာ့အလင်း

# အမြစ်မပြတ်သရွေ့ ဆက်လက်ဆောင်ရွက်

ရန်ကုန်မြို့တော်နယ်မြေအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပြီဖြစ်သည်ဟု သိရသည်။ "ဒဂုံစစ်ဆင်ရေး" ဟု အမည်ပေးထားသည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အထူးစီမံချက် အတိုင်းထက်အလွန် အောင်မြင်စေရန်လည်း ဆန္ဒပြုလိုသည်။

ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုတို့နှင့်ပတ်သက်လျှင် မြန်မာနိုင်ငံကို နိုင်ငံတကာက လက်ညှိုးထိုးနေကြသည်မှာ ကြာပြီဖြစ်သည်။ ဘိန်းကို ရှမ်းပြည်နယ်တွင် ၉၀ ရာခိုင်နှုန်းကျော်စိုက်ပျိုး၍ ကချင်ပြည်နယ်တွင် ခုနစ်ရာခိုင်နှုန်းစိုက်ပျိုးကာ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ခုနစ်ရာခိုင်နှုန်းကျော်စိုက်ပျိုးပြီး ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်လည်း အနည်းငယ်စီစိုက်ပျိုးကြကြောင်း မှတ်တမ်းများအရ သိရသည်။ ဘိန်းစိုက်ပျိုးမှု အများစုက ဥပဒေအဖွဲ့အစည်းများနှင့်အလှမ်းဝေးသည့်ဒေသများ၊ တရားဥပဒေစိုးမိုးမှုအားနည်းသည့်ဒေသများတွင် ဖြစ်သည်။

ဘိန်းစိမ်း၊ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြား၊ အိုက်စ်၊ ဆေးခြောက်၊ ဘိန်းစာမှုန့် စသည့်မူးယစ်ဆေးဝါးများကို လွန်ခဲ့သည့်လေးနှစ်တာကာလ ၂၀၁၂ မှ ၂၀၁၅ အထိ ဖမ်းဆီးရမိမှုအခြေအနေများမှာ လျော့ကျသွားသည်ဟုမရှိဘဲ တိုးလာနေသည်ကို တွေ့မြင်ရသည်။ ၂၀၁၂ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှုပေါင်း ၄၀၀၆ မှု တရားခံပေါင်း ၅၇၄၀၊ ၂၀၁၃ ခုနှစ်တွင် ၄၉၂၈ မှု တရားခံ ၅၇၄၀၊ ၂၀၁၄ ခုနှစ်တွင် ၆၆၉၆ မှု တရားခံ ၇၁၃၇၊ ၂၀၁၅ ခုနှစ်တွင် ၆၄၁၄မှု တရားခံ ၉၄၂၅ တို့ကို ဖမ်းဆီးရမိခဲ့ရာ မူးယစ်ဆေးဝါးနှင့် ဆက်စပ်၍ လူထောင်ပေါင်းများစွာတို့ ပါဝင်ပတ်သက်နေကြသည်များကို တွေ့မြင်နိုင်သည်။

ထို့အပြင် မူးယစ်ဆေးဝါးအမှုအခင်းများအနက် အလွယ်တကူ ထုတ်လုပ်သယ်ယူနိုင်သည့် စိတ်ကြွရူးသွပ်ဆေးပြားပြဿနာများက ရှေ့တန်းသို့ ရောက်လာသည်။ မူးယစ်ဆေးဝါးကို ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ (အရှေ့ပိုင်း)စသည့် ဒေသများမှ စတင်သယ်ဆောင်လာကာ မြန်မာနိုင်ငံ တစ်နံတစ်လျားကိုဖြတ်သန်း၍ ရန်ကုန်မြို့မှတစ်ဆင့် အိမ်နီးချင်းနိုင်ငံအချို့သို့ ကုန်းလမ်း၊ ရေကြောင်းလမ်းထွက်ပေါက်များမှ သယ်ဆောင်လျက်ရှိရာ ရန်ကုန်သည် မူးယစ်ဆေးဝါးများ ခရီးတစ်ထောက်ရပ်နားသည့်နေရာတစ်ခုသဖွယ် ဖြစ်နေသည်။

၂၀၁၅ ခုနှစ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားများ စံချိန်တင်ဖမ်းမိခဲ့ရာ ယင်းနှစ် ဇူလိုင်လအတွင်းက မင်္ဂလာဒုံမြို့နယ် ဇေကမ္ဘာဝင်း အိုးအိမ် ခြောက်လမ်းသွားလမ်းမပေါ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၇ သန်း၊ တစ်ဖန် ယင်းနှစ် စက်တင်ဘာလအတွင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း) တက္ကသိုလ်ရိပ်မွန်အိမ်ရာတွင် စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၈၂၅ သန်းတို့အပြင် မင်္ဂလာတောင်ညွန့်၊ မရမ်းကုန်းနှင့် မြောက်ဥက္ကလာ အောင်မင်္ဂလာကားဝင်းတို့တွင်လည်း သိန်းနှင့်ချီသော စိတ်ကြွရူးသွပ်ဆေးများနှင့် လက်နက်ခဲယမ်းအချို့ပါ ဖမ်းမိခဲ့သည်။

မူးယစ်ဆေးဝါးပြဿနာသည် မိမိတို့နိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ စသည်တို့နှင့်ပါ နက်နက်ရှိုင်းရှိုင်း ဆက်စပ်ပတ်သက်နေခြင်းဖြစ်ပြီး မိမိတို့၏အမျိုးသားရေးဂုဏ်သိက္ခာနှင့်လည်း သက်ဆိုင်လျက်ရှိသည်။ သို့ဖြစ်ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးသည် ရက် ၁၀၀ နှင့် အပြီးတိုင် ပြီးမြောက်မည်မဟုတ်ဘဲ မိမိတို့နိုင်ငံအတွင်း မူးယစ်ဆေးဝါးအမြစ်မပြတ်သရွေ့ ဆက်လက်ဆောင်ရွက်ကြရဦးမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါကြောင်း။ ။




## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မေ ၁၂**

ထူးခြားသည့် နေ့အပူချိန်များမှာ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် ဘော်လခဲ မြို့တို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်စီ၊ မုံရွာမြို့၊ မန္တလေးမြို့၊ ချောက်မြို့၊ မကွေး မြို့၊ အောင်လံမြို့၊ တောင်တွင်းကြီးမြို့၊ ဂန့်ဂေါမြို့၊ ပေါက်မြို့နှင့် သာယာဝတီမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီ၊ မော်လိုက်မြို့၊ ရေဦးမြို့၊ မိတ္ထီလာမြို့၊ နေပြည်တော် (ရေဆင်း)၊ တပ်ကုန်းမြို့၊ ပျဉ်းမနားမြို့၊ တောင်ငူမြို့၊ ရွှေကျင်မြို့နှင့် ညောင်လေးပင်မြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီ၊ ကလေးဝမြို့၊ ကန့်ဘလူမြို့၊ ရွှေဘိုမြို့၊ စစ်ကိုင်းမြို့၊ ရမည်းသင်းမြို့၊ ကျောက်ဆည်မြို့၊ နေပြည်တော် လေဆိပ် (ဇလော)၊ မင်းဘူးမြို့၊ ပခုက္ကူမြို့၊ ဆင်ဖြူကျွန်းမြို့၊ ဇောင်းတူမြို့၊ ပဲခူးမြို့၊ ဖြူးမြို့၊ ကြို့ပင် ကောက်မြို့၊ ဟင်္သာတမြို့၊ ဇလွန်မြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၄၂ ဒီဂရီစင်တီ ဂရိတ်စီတို့ဖြစ်ကြသည်။

(မိုး/ဇလ)

## စစ်ကိုင်းတိုင်းဒေသကြီး၌ အာဆီယံ ၁၀ နိုင်ငံအတွင်းမောင်းနှင်ခွင့်ရှိသည့် ယာဉ်မောင်းလိုင်စင်များ စတင်ထုတ်ပေး

**မုံရွာ မေ ၁၂**

မြန်မာနိုင်ငံအတွင်းသာမက အာဆီယံ ၁၀ နိုင်ငံအတွင်းမောင်းနှင်ခွင့်ရှိသော Chip ပါသော Smart Card များကို 'ခ'၊ 'ဂ'၊ 'ဃ'၊ 'င' ယာဉ်မောင်းလိုင်စင်ရှိသူများကို သက်တမ်းတိုးထုတ်ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်မိုးထံမှ သိရသည်။

"အာဆီယံ ၁၀ နိုင်ငံမှာ မောင်းလို့ရတဲ့ Chip ပါတဲ့ Smart Card တွေကို ဧပြီ ၁ရက်ကစပြီး ထုတ်ပေးနေပါပြီ။ တိုင်းဒေသကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး (မုံရွာ) အပါအဝင် စစ်ကိုင်း၊ ရွှေဘို၊ ကလေး၊ တမူးစတဲ့ ခရိုင်ရုံးတွေကနေ 'ခ'၊ 'ဂ'၊ 'ဃ'၊ 'င' ယာဉ်မောင်းလိုင်စင်တွေကို Smart Card ထုတ်ပေးရာမှာ သက်တမ်းတိုးတာ၊ နယ်ဝင်ဆောင်ရွက်တာ၊ အသစ်ထုတ်တာ၊ မိတ္တူထုတ်တာတွေ ဆောင်ရွက်ပေးနေပါတယ်။ 'ခ'၊ 'ဂ'၊ 'ဃ'၊ 'င' လိုင်စင်ကိုင်တဲ့သူတွေရဲ့ ဆန္ဒအရ သက်တမ်းမကုန်ပေမယ့် လဲလှယ်ချင်ရင် ယာဉ်မောင်းလိုင်စင်ကို Chip ပါ တဲ့ Smart Card ကို လဲလှယ်ထုတ်ပေးနေတာဖြစ်ပါတယ်။ Smart Card သက်တမ်းကို 'ခ'၊ 'ဂ'၊ 'ဃ'၊ 'င' လိုင်စင်သက်တမ်းအတိုင်း ငါးနှစ်သတ်မှတ်ထားပါတယ်" ဟု ဦးအောင်ကျော်မိုးက ပြောသည်။

တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာယာဉ်မောင်းခွင့်လက်မှတ်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးလျက်ရှိသလို ပြည်ပမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်တင်ပြ၍ ပြည်တွင်း၌မောင်းနှင်ရန်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာနေရာတွင် အသက်အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရန် သတ်မှတ်ချက်များနှင့်အညီစစ်ဆေးပြီး မှတ်ပုံတင်ပေးလျက်ရှိသလို မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့်သူအား သတ်မှတ်ထားသည့်အရည်အချင်းများပြည့်မီမှု ရှိ မရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ထိုင်းနိုင်ငံမှ ဒုတိယခရိုင်ဝန်နှင့်အဖွဲ့ မြိတ်မြို့သို့ လာရောက်

**မြိတ် မေ ၁၂**

ထိုင်းနိုင်ငံ၏ ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်မြှင့်တင်ရေးစီမံချက်အရ အစိုးရနှင့် ပုဂ္ဂလိကဆိုင်ရာ တိုးတက်မြှင့်တင်ရေးအတွက် ပရာကျွတ်ခရီခန်ခရိုင် ဒုတိယခရိုင်ဝန် Mr.Somchai Bumrungsuo ဦးဆောင်သောအဖွဲ့သည် မေ ၁၁ ရက်က မောတောင်နယ်စပ်မှ မြိတ်မြို့သို့ လာရောက်ခဲ့ကြပြီး မေ ၁၂ ရက် နံနက် ၉ နာရီတွင် GRAND JADE ဟိုတယ် အစည်းအဝေးခန်းမ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် မြိတ်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပရာကျွတ်ခရီခန်ခရိုင် ဒုတိယခရိုင်ဝန်၊ ပရာကျွတ်ခရီခန်ခရိုင်နှင့် မြိတ်ခရိုင်မှ အစည်းအဝေးတက်ရောက်လာကြသူများက ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နှစ်နိုင်ငံ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး (**ယာပုံ**) ပရာကျွတ်ခရီခန်ခရိုင် ဒုတိယခရိုင်ဝန် ဦးဆောင်သောအဖွဲ့သည် ထိုင်းနိုင်ငံ၏ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်မြှင့်တင်ရေးအတွက် မြိတ်မြို့ရှိ စက်မှုလုပ်ငန်းများကို သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက် )**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၂-၅-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၉၀၀၀ |

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၅၄.၀၈ |
| ထိုင်း | တစ်ဘတ် | ၃၃.၂၁၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၃၈ |
| တရုတ် | တစ်ယွမ် | ၁၇၉.၆၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၁.၈၁ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄၀ / ၂၀၁၆**
**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်)**

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးကျော်မျိုး ကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄၁ / ၂၀၁၆**
**၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်**
**(၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်)**

**ဒုတိယရှေ့နေချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၉၊ ပုဒ်မခွဲ(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၀) နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၆ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဝင်းမြင့်ကို ဒုတိယရှေ့နေချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း DRI အဖွဲ့မှ ကျွမ်းကျင်ပညာရှင်အား တွေ့ဆုံ

**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ယနေ့နံနက် ၉ နာရီတွင် Democracy Reporting International (DRI) အဖွဲ့မှ ကျွမ်းကျင်ပညာရှင် Ms. Charlemagne Sophia Gomez အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် CSO များအနေဖြင့် ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေးအတွက် Capacity Building မြှင့်တင်ခြင်းဆောင်ရွက်ရာ၌ DRI အဖွဲ့က အကူအညီပေးနေမှု၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် လွှတ်တော်များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေး၊ အနာဂတ်တွင် ကော်မရှင်နှင့် CSO များအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် ဥပဒေရေးရာမူဘောင်များ ပြင်ဆင်ရာတွင် CSO များအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့ကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



# BBC Media Action နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့အကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၁၂**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးနှင့် ပိုမိုကောင်းမွန်သည့် အစီအစဉ်များ ထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံအခြေစိုက် BBC Media Action မှ Country Director ဖြစ်သူ Edward Pauker တို့ ယနေ့နံနက် ၁၀နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မည့်အခြေအနေများ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ဆွေးနွေး

**နေပြည်တော် မေ ၁၂**

ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးသည် မေ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ဂျပန်နိုင်ငံ KaKe Educational Institution ၊ Department for International affairs မှ Director H.E. Mr. Fumitsugu Otsuki အား လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Mohd Haniff Abd Rahman အား လည်းကောင်း။

မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် ဂျပန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန International Cooperation Bureau, Country Assistance Planning Division I မှ Director Mr. Keiichi HARA နှင့် အဖွဲ့အား လည်းကောင်း။

နံနက် ၁၁ နာရီတွင် ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်နှင့် အဖွဲ့အား လည်းကောင်း နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် မေ ၁၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

***✻ ရှေ့ဖုံးမှ***

ထိရောက်စွာဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နော်ပန်းသဇ္ဇာမျိုးနှင့် ချက်ထရီယံဟိုတယ်၌ တွေ့ဆုံမေးမြန်းခဲ့သည်။

"ရန်ကုန်မြစ်ကြောင်းထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးအစိုးရအနေနဲ့ ထိထိရောက်ရောက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်က ကျွန်မကိုယ်တိုင် သွားရောက်လေ့လာတဲ့အခါမှာ ညစ်ညမ်းမှုတွေအများကြီးတွေ့ရတယ်။ တွေ့တဲ့အခါကျတော့ အခု Action Plan တွေလုပ်ရပြီပေါ့။ နောက်ဒီလိုမျိုးထပ်မဖြစ်အောင်ကာကွယ်ဖို့ Plan ရော၊ မြစ်ချောင်းကမ်းပါးတွေ ပြိုနေတဲ့အခြေအနေရော၊ ဒါတွေအကုန်လုံးက တွေ့ရုံနဲ့မပြီးဘူး။ တကယ်ကို ထိထိရောက်ရောက်ဆောင်ရွက်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေက တာဝန်ရှိသူတွေကိုဖိတ်ကြားပြီး ခေတ်ပုံနဲ့တကွ ကိုယ်တာဝန်ယူရတဲ့အပိုင်းကို ချက်ချင်းAction ယူနိုင်အောင်လုပ်ဆောင်ထားပါတယ်။ ပြီးရင်ခေတ်ပုံတွေကို မလုပ်ခင်ပုံ၊ လုပ်ပြီးပုံတွေနဲ့တကွ ရန်ကုန်တိုင်းဒေသကြီးအစိုးရရုံးကို ပြန်ပြီးတင်ပြမှာဖြစ်ပါတယ်။ လူကြီးလာလို့ ပြီးသွားပြီ၊ ဒီမှာပဲရပ်သွားပြီလို့ မလုပ်ပါနဲ့၊ တစ်ခါတည်းမှတ်ထားသွားမှာဖြစ်ပါတယ်။ လုပ်ရမယ့်အလုပ်တွေက အချက်ပေါင်း ၅၀ ကျော်လောက်တွေ့ရတယ်။ ဝန်ကြီးဌာနလေးခုလောက် လုပ်ဆောင်ရမယ့်ဟာတွေရှိတယ်။ အဲဒါ တာဝန်ရှိတဲ့သူတွေအကုန်လုံး ခေါ်တွေ့တယ်။ဝန်ကြီးဌာနအလိုက် ဘတ်ဂျက်သော်လည်းကောင်း၊ လူအင်အားသော်လည်းကောင်း၊ အားနည်းတာတွေရှိတယ်။ ဒါကို နိုင်ငံတော်အပိုင်းကရော အုပ်ချုပ်ရေးပိုင်းဆိုင်ရာတွေကပါ ဘယ်လိုပံ့ပိုးပေးရမလဲ၊ ဒါတွေကို ကြိုးစားပြီး ပံ့ပိုးပေးသွားမယ်။ ဝန်ကြီးဌာနတစ်ခုနဲ့တစ်ခု ချိတ်ဆက်မှုအားနည်းနေတာတွေကိုလည်း ကျွန်မတို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ချိတ်ဆက်ပေးသွားမှာဖြစ်ပါတယ်။ အကုန်လုံးအတူတကွ ဟာမိုနီဖြစ်ဖြစ် အလုပ်လုပ်နိုင်အောင် ကြိုးပမ်းထားပါတယ်။ အဲဒီတော့ မြစ်ကြောင်းခရီးစဉ်တွေ ပေါ်ထွန်းဖို့၊ မြစ်ကြောင်းထိန်းသိမ်းဖို့ကိစ္စနောက်ပိုင်းမှာ ရေရှည်မှာအများကြီးလုပ်ဆောင်သွားမယ်။ ပြည်သူတွေကို မြစ်ထဲမှာ အမှိုက်တွေမပစ်ဖို့ ပညာပေးရေးအစီအစဉ်တွေအများကြီးလုပ်ဆောင်သွားမယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်မှသာ ကျွန်မတို့နိုင်ငံကို ကမ္ဘာလှည့်ခရီးသွားတွေ လာရောက်ရာမှာ မြန်မာလူမျိုးတွေရဲ့စည်းကမ်းရှိမှုကို ပြသနိုင်ပြီး နိုင်ငံနဲ့လူမျိုးဂုဏ် တိုးတက်လာမှာဖြစ်ပါတယ်။

***◆ ရှေ့ဖုံးမှ***

ချောင်းဆုံမြို့နယ်မှ ပြည်သူများသည် သံလွင်မြစ်ကို ဖြတ်သန်းစရာ မလိုတော့ဘဲ အချိန်တိုအတွင်း၌တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်သည်။

သံလွင်တံတား(ချောင်းဆုံ)သည် မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်အရပ်၌တည်ရှိသည်။ ပင်မတံတားအရှည်မှာ ၅၃၆ မီတာဖြစ်သည်။ ချဉ်းကပ်တံတားအရှည်မှာ မုပွန်ဘက်ကမ်း မီတာ ၂၁၀ ဖြစ်ပြီး ကညော်ဘက်ကမ်း မီတာ ၈၄၀ ဖြစ်သည်။ စုစုပေါင်းတံတားအရှည်မှာ ၁၅၈၆ မီတာဖြစ်သည်။ မော်တော်ယာဉ်ခံနိုင်ဝန်မှာ ၂၅ တန်ဖြစ်သည်။ နှစ်လမ်းသွားဖြစ်ပြီး လမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းအကျယ် (တစ်ဖက်လျှင်) သုံးပေစီဖြစ်သည်။ ရေလမ်းကင်းလွတ်အကျယ် ၁၃၈ မီတာ ဖြစ်သည်။ ရေလမ်းကင်းလွတ်အမြင့်/ အမြင့်ဆုံးရေအမှတ်မှာ ၁၄ မီတာဖြစ်သည်။ သံလွင်တံတား (ချောင်းဆုံ) သည် ရေလယ်ခုံနှစ်ခုတံတားဖြစ်သည်။

သံလွင်တံတား(ချောင်းဆုံ) တည်ဆောက်ရေးအတွက် လိုအပ်သောသံပေါင်များကို မြောင်းတကာသံမဏိစက်ရုံနှင့် သာကေတရှိ JNM စက်ရုံတို့မှ ဂျပန်နည်းပညာဖြင့်ထုတ်လုပ်ထားသော အဆင့်မြင့်သံပေါင်များဖြစ်သည်။ သံလွင်တံတား (ချောင်းဆုံ)ကိုတည်ဆောက်ရေးအဖွဲ့(၄)မှ ညွှန်ကြားရေးမှူး ဦးသိန်းမြင့်လွင်(မြို့ပြ) ဦးဆောင်၍ ဦးကျော်သူတည်ဆောက်ရေးအဖွဲ့(၁)ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ဦးမျိုးသက်ထွန်း (လက်ထောက်ညွှန်ကြားရေးမှူး) (မြို့ပြ) တည်ဆောက်ရေးအဖွဲ့(၄) က ကြီးကြပ်ကာ အင်ဂျင်နီယာပေါင်း ၆၀ ကျော်၊ ကျွမ်းကျင်တံတားလုပ်သား ၄၆၀ တို့ဖြင့် တည်ဆောက်လျက်ရှိပြီး ၂၀၁၇ ခုနှစ် မတ်လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

သံလွင်တံတား (ချောင်းဆုံ) ပြီးစီးပါက ချောင်းဆုံမြို့နယ်ရှိ ဘီလူးကျွန်း၊ ကုလားတို့နှင့် ကျေးရွာအုပ်စု ၄၆ အုပ်စုရှိ ကျေးရွာပေါင်း ၇၈ ရွာမှ ဒေသခံတောင်သူလယ်သမားများ၊ လက်မှုလုပ်ငန်းရှင်များ၊ ရော်ဘာစိုက်ပျိုးသူများ သံလွင်မြစ်ကို မဖြတ်ရတော့ဘဲ ကားလမ်းပေါ်မှ ဒေသထွက်ကုန်များ စီးပွားရေးဈေးကွက်သို့ အမြန်တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ ယခုအခါ သံလွင်တံတား (ချောင်းဆုံ) တည်ဆောက်မှုမှာ ၅၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ် သည်။ ထို့ပြင် သံလွင်တံတား (ချောင်းဆုံ) ပြီးစီးသွားလျှင် ချောင်းဆုံမြို့နယ်မှ ဒေသခံပြည်သူများသည် ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးလာမည်ဖြစ်သည်။



# မြန်မာ - ဩစတြေးလျ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၂**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး မစ္စတာ နီကိုလပ်စ် ကာပယ်အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ရေးနှင့် သင်တန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံအလိုက်ထုတ်ပြန်ထားသော တပ်မတော်ဆိုင်ရာကာကွယ်ရေး စက္ကူဖြူစာတမ်းများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီဖွဲ့စည်း

**နေပြည်တော် မေ ၁၂**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီသို့ နိုင်ငံတော်သမ္မတရုံး၏ မေ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၇/၂၀၁၆ ဖြင့် ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတွင်းရေးမှူးအဖြစ် စစ်ဥပဒေချုပ်ရုံး ဒုတိယ စစ်ဥပဒေချုပ်တို့ပါဝင်ပြီး တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအပါအဝင် စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

အဆိုပါကော်မတီ၏ လုပ်ငန်းတာဝန်အဖြစ် အချက် ၁၂ ချက်ပါဝင်ပြီး ယင်းအချက်များအနက် စနစ်တကျရွေးချယ်စိစစ်ပြီးသော တပ်သားသစ်များအား စစ်အခြေခံလေ့ကျင့်ရေးတပ်များ၌ လေ့ကျင့်သင်ကြားနေချိန်တွင်လည်းကောင်း၊ စစ်မှုထမ်းဆောင်နေချိန်တွင် လည်းကောင်း၊ အသက်(၁၈) နှစ်မပြည့်သူများ၊ ဆန္ဒမရှိသူများအား စိစစ်တွေ့ရှိပါက မိဘအုပ်ထိန်းသူထံ ပြန်လည်လွှဲပြောင်းအပ်နှံရေး ဆောင်ရွက်ရန်၊ ကော်မတီသည် ကုလသမဂ္ဂ အဖွဲ့အစည်းများဖြစ်သော UNICEF, UNDP အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအဖွဲ့များမှ ဌာနေကိုယ်စားလှယ်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု ပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်ရန်ဆိုသည့် အချက်များလည်း ပါဝင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းနိုင်ရေး စည်းဝေး

**နေပြည်တော် မေ ၁၂**

အစိုးရယန္တရား လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်နှင့် ဝန်ကြီးဌာနများ၏ ဖွဲ့စည်းပုံ ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် စီမံကိန်းနှင့်ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့၏ (၂/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ စီမံကိန်းနှင့် ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

အစည်းအဝေးတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ ဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းရန်နှင့် တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း H.E.Mr. Domingo L Siazon, Jr ကွယ်လွန်သွားသဖြင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် မေ ၁၂ ရက်က နိုင်ငံခြားရေး ဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ယုလက်မှတ်ရေးထိုးစဉ် (သတင်းစဉ်)

● *ကျောဖုံးမှ*

ရမှတ် ၃၈ မှတ်ရရှိပြီး အဆင့် ၁၇ တွင် ရပ်တည်နေသည်။

ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည့် တန်းဆင်းဇုန်မှ နော့ဝှစ်ချ်နှင့် ဝက်ဖို့ဒ်ပွဲတွင် နော့ဝှစ်ချ်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပွဲချိန် ၁၁ မိနစ်တွင် ဒီနေးက ဝက်ဖို့ဒ်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ၁၅ မိနစ်တွင် နော့ဝှစ်ချ်အတွက် ချေပဂိုးကို ရဒ်မန့်က သွင်းယူခဲ့သည်။ ၁၈ မိနစ်တွင် အမ်ဘိုကနီက နော့ဝှစ်ချ် အတွက်ဒုတိယဂိုး သွင်းယူပြီး ၃၇ မိနစ်တွင် ဝက်ဖို့ဒ်နောက်တန်းလူ ခရိန်းကတ် ကိုယ့်ဂိုးကိုယ် သွင်းမိခဲ့သဖြင့် ပထမပိုင်းတွင် နော့ဝှစ်ချ် သုံးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၅၁ မိနစ်တွင် ဝက်ဖို့ဒ်အတွက် ဒုတိယမြောက်ဂိုးကို အီဟာလိုကသွင်းယူခဲ့ပြီး ၅၇ မိနစ် တွင် နော့ဝှစ်ချ်အတွက် စတုတ္ထမြောက်အနိုင်ဂိုးကို အမ်ဘိုကနီက ထပ်မံသွင်းယူခဲ့သည်။

ပရီမီယာလိဂ် ပွဲကျန်နောက်ဆုံးပွဲ ဖြစ်သည့် လီဗာပူးနှင့် ချယ်လ်ဆီးပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ချယ်လ်ဆီးအတွက် သွင်းဂိုးကို ပွဲချိန် ၃၂ မိနစ်တွင် ဟာဇက်က သွင်းယူခဲ့ပြီး အိမ်ရှင်လီဗာပူးအတွက် ချေပဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဘန်တီကီက သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းသည် ရမှတ် ၅၉ မှတ်ဖြင့် အဆင့် ၈ တွင် ရှိနေပြီး ချယ်လ်ဆီးက ရမှတ် ၄၉ မှတ်ဖြင့် အဆင့် ၉ တွင် ရပ်တည်နေသည်။

ပွဲစဉ်(၃၇)အထိ ပြီးဆုံးချိန်တွင် တန်းဆင်းဇုန်အသင်းများအဖြစ် နယူးကာဆယ်နှင့် နော့ဝှစ်ချ်တို့က ၃၄ မှတ်နှင့် ဗီလာက ၁၇ မှတ်ရရှိကာ ပွဲစဉ်မကုန်မီ တန်းဆင်းသွားရပြီဖြစ်သည်။

# ပြင်သစ် ဆန်းသစ်တီထွင် အကနှင့်ဆပ်ကပ်သွင်ပြင် ပထမဆုံးအကြိမ် မြန်မာနိုင်ငံတွင် ဖျော်ဖြေ

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံး ယဉ်ကျေးမှုဌာန၏ မေလအစီအစဉ်အဖြစ် ယခင်က တင်ဆက်ပြသခဲ့ဖူးခြင်းမရှိသည့် ပွင့်လင်းလက်မှတ် ဆပ်ကပ် ကုမ္ပဏီမှ “SANS QUEUE NI TET E”ဆပ်ကပ်၊ ပြဇာတ်နှင့် ဆန်းပြားသည့် သရုပ်ဖော်တင်ဆက်မှုများကို ယနေ့ည ၇ နာရီက ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ တင်ဆက်ဖျော်ဖြေသည်။

ရန်ကုန်မြို့တွင် တင်ဆက်သည့် ဖွင့်ပွဲ၌အဖွင့် အစီအစဉ်အဖြစ် Myanmar Street Dance အဖွဲ့က ကပြဖျော်ဖြေ တင်ဆက်သည်။ ယင်းနောက် ပြင်သစ်ဆပ်ကပ် အနုပညာဆိုင်ရာ အမျိုးသားအဖွဲ့အစည်းက ကမ္ဘောဒီးယားလူမျိုး ဆပ်ကပ်ပညာရှင် VoleakUng အပါအဝင် နိုင်ငံတကာ အနုပညာရှင် ခုနစ်ဦးက ကျွမ်းဘားဆပ်ကပ် အနု ပညာဖြင့် ဖျော်ဖြေခဲ့သည်။

ယနေ့ ဖျော်ဖြေပွဲတွင် ထူးခြားသော စိတ်ကူးစိတ်သန်း၊ ပရိသတ်ကြိုက်နှစ်သက်စေမည့် သရုပ်ဆောင်မှုများ၊ အစီစဉ်တကျမဟုတ်သော ဇာတ်လမ်းများဖြင့် ကိုယ်ခန္ဓာဟန်ချက်ညီစွာဖြင့် စည်းလုံးညီညွတ်စွာ ကပြဖျော်ဖြေခဲ့ကြသည်။ နိုင်ငံတကာမှ ကျောင်းသားများ ဖန်တီးထားသည့် ကဗျာဆန်သည့် ခရီးစဉ်တစ်ခုအပေါ် ခေတ်ပေါ်သရုပ်ပြတင်ဆက်မှုများဖြင့် ဖျော်ဖြေခဲ့သည်။

ပြင်သစ်ဆပ်ကပ်အနုပညာဆိုင်ရာ အမျိုးသားအဖွဲ့ (CNAC) သည် ကမ္ဘာပေါ်ရှိ အကောင်းဆုံးဆပ်ကပ်အဖွဲ့များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ပြင်သစ်နိုင်ငံတွင် အခြေစိုက်သည့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်ပြီး ၁၉၈၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ဆက်သွယ်ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တင်ဆက်ခဲ့ခြင်းဖြစ်သည်။

“SANS QUEUENI TETE”ဆပ်ကပ်ကို လာမည့် မေ ၁၄ ရက် ညနေ ၆ နာရီ ၁၅ မိနစ်၌ မန္တလေးမြို့ရှိ မန္တလေးအမျိုးသားကဇာတ်ရုံ၌ ဆက်လက်ဖျော်ဖြေမည်ဖြစ်သည်။ ယင်းနောက် အဆိုပါ ဆပ်ကပ်အဖွဲ့သည် အရှေ့တောင်အာရှဖျော်ဖြေမှုအဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ ဆက်လက်သွားရောက်ဖျော်ဖြေမည် ဖြစ်သည်။

လာမည့် မေ ၂၄ ရက်တွင် မြေဝိုင်းအက ကုမ္ပဏီက အကအနုပညာသမားလေးဦးက ဘရိတ်ဒန့်စ် အက၊ ခေတ်ပေါ်အကနှင့် waacking ကခုန်မှုများဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မြတ်သန္တာမောင်**
**ဓာတ်ပုံ - ရဲခေါင်ညွှန့်**



ပြင်သစ် ဆပ်ကပ်အဖွဲ့မှ စွမ်းရည်ပြတင်ဆက်မှုကို တွေ့ရစဉ်

# အောင်မြင်သည့် ရုပ်ရှင်အနုပညာရှင်ဘဝမှ ပရဟိတသမားဘဝကို ရွေးချယ်လျှောက်လှမ်းခဲ့သူ ကျော်သူနှင့်တွေ့ဆုံခြင်း



**တွေ့ဆုံမေးမြန်း - ခင်မောင်ထွေး၊ ဓာတ်ပုံ - ကိုထွေး**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ကျွန်တော်ရောက်တော့ အသင်းဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ဦးကျော်သူအား ပရဟိတလုပ်ငန်းများနှင့် ပျော်မွေ့နေသည်ကို တွေ့လိုက်ရသည်။

ဂျပန်နိုင်ငံခရီးစဉ်မှ ပြန်ရောက်လာသည်မှာ တစ်ရက်နှစ်ရက်အတွင်းသာရှိသေးသော်လည်း ပြည်တွင်းနယ်ခရီးစဉ်တစ်ခုကို ပြန်လည်ထွက်ခွာရန် ကြိုတင်စီစဉ်နေပြန်သည်။ တကယ်တော့ ပရဟိတသည် သူ့ဘဝ၊ သူ့ဘဝသည် ပရဟိတသာဖြစ်သည်။

**မေး ။ ။ နာရေးကူညီမှုအသင်းဘက်ကို လုံးလုံးလျားလျား ပြောင်းလဲဆောင်ရွက်ဖို့ ဘယ်အရာတွေက စေ့ဆော်တိုက်တွန်းခဲ့ပါသလဲ။**

ဖြေ ။ ။ ၂၀၀၀ ပြည့်နှစ်လောက်မှာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင် စာရေးဆရာ ဒါရိုက်တာကြီး ဘဘဦးသုခက နာရေးကူညီမှုအသင်း ထူထောင်မယ်ဆိုပြီး ကြေညာလိုက်တယ်။ အဲဒီမှာ ကျွန်တော်တို့ ပါခဲ့တယ်။ ကျွန်တော်တို့အသင်းက ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာ စခဲ့တယ်။ စခဲ့တဲ့အတိုင်းအတာမှာ ဘယ်လိုပါလာသလဲဆိုတော့ အဲဒီတုန်းက ကျွန်တော်က အနုပညာသမား၊ ရုပ်ရှင်မင်းသား၊ ဒါရိုက်တာလုပ်နေတယ်။ ဘဝကို ကိုယ်တတ်သိနားလည်တဲ့ အနုပညာလုပ်ငန်းနဲ့ရပ်တည်နေတယ်။

ကျွန်တော့်အမျိုးသမီး ရွှေဇီးကွက်က ကျွန်တော့်သားတွေသမီးတွေကို ငယ်ငယ်ကလေးတည်းက ကျောင်းပိတ် ရက်ရောက်တယ်ဆို တရားစခန်းတွေ ဝင်ခိုင်းတယ်၊ ဘုန်းတော်ကြီးကျောင်းတွေမှာ လုပ်အားပေးခိုင်းတယ်၊ အဲဒီလိုလုပ်ရင်းနဲ့ သူတို့အင်းစိန်မှာ တရားစခန်းဝင်ရင်းနဲ့ တစ်နှစ်မှာ သူတို့က ဆရာတော်ကြီးကို လျှောက်တယ်။ ရုပ်ရှင်မင်းသားတွေသေရင် ဘယ်ဘုံရောက်သလဲတဲ့၊ အဲဒီတော့ ဆရာတော်ကြီးက သားတွေသမီးတွေကိုပြန်ပြောတယ်။ "ဒါမြတ်စွာဘုရားလက်ထက်ကတည်းကရှိခဲ့တယ်။ သဘင်သည်တွေ၊ အနုပညာရှင်တွေဟာ ဇာတ်ခုံပေါ်ကနေ ကြည့်ရှုတဲ့ပရိသတ်ကို ဒေါသတွေ၊ လောဘတွေ၊ မောဟတွေ ဒါတွေပေးတယ်။ ဒီလိုပေးခြင်းဟာ အကုသိုလ်တစ်မျိုးပဲ။ ဒီလိုလုပ်ရင်းနဲ့ ဆုံးသွားတယ်ဆိုရင် ငရဲဘုံတစ်ဘုံရောက်တယ်ဆိုတာ မြတ်စွာဘုရားကလည်း ဟောခဲ့တယ်"လို့ ပြောတယ်။ အဲဒါကို ကျွန်တော်ကြားတော့ ကြောက်သွားတယ်၊ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ ကျွန်တော်ပြန်စဉ်းစားမိတယ်။

အဲဒီမှာ ဘဘဦးသုခက အနုပညာသမား၊ စာလည်းရေးတယ်၊ ရုပ်ရှင်လည်းရိုက်တယ်၊ သီချင်းလည်းဆိုတယ်။ ဒီလို အနုပညာရှင်ကြီးက ဘယ်လိုအနုပညာလုပ်ငန်းတွေကိုဖော်ကျူးခဲ့သလဲ။ ဘဘရိုက်ခဲ့တဲ့ကားတွေက မိဘမေတ္တာကို သရုပ်ဖော်တယ်။ ဘာသာရေးအနေနဲ့ ရဟန်းစားသော ဆွမ်းတစ်နပ်စတဲ့ ဒါတွေဟာ လူထုကို အကျိုးပြုတဲ့ အနုပညာဖော်ကျူးချက်ပဲ။ ဘဘက ဘာသာရေးလည်း တကယ့်ထဲထဲဝင်ဝင်ကို လိုက်စားတယ်၊ ပရဟိတစိတ်ဓာတ်လည်းရှိတယ်၊ အနုပညာကို လုပ်တဲ့နေရာမှာလည်း အများအကျိုးရှိမယ့်၊ တန်ဖိုးရှိမယ့် ဇာတ်ကားတွေ ရိုက်တယ်၊ အဲဒီမှာ ကျွန်တော်ဘဘကို စိတ်ဝင်စားသွားတယ်။ ဘဘနဲ့လည်း ရုပ်ရှင်ရိုက်ခဲ့ဖူးတယ်။ တီဗွီဇာတ်လမ်းပါလေ။ အဖေနဲ့သားဆိုတဲ့ မိဘမေတ္တာပေါ့။ အဲဒီမှာ နာရေးကူညီမှုအသင်းကို ဘဘလုပ်မယ်ဆိုတော့ ကျွန်တော်စိတ်ဝင်စားသွားတယ်။

နောက်တစ်ချက်က ကျွန်တော်ရဲ့ဇနီး ရွှေဇီးကွက်ရဲ့ အဒေါ် ဒေါ်လှမြတ်က ကျွန်တော်တို့နာရေးကူညီမှုအသင်း (ရန်ကုန်)ထက် သုံးနှစ်၊ လေးနှစ်လောက်စောပြီး မန္တလေးမြို့မှာ စာရေးဆရာမကြီး လူထုဒေါ်အမာ၊ ဆရာတော် ဦးတိက္ခတို့ ဆရာတော် ဦးနေမိန္ဒတို့ ထူထောင်ထားတဲ့ ဖြတ်မှုစိုရ်နာရေးကူညီမှုအသင်းမှာ နာယကအဖြစ်ပါတယ်။ အဲဒီတော့ သူ့အဒေါ်ဆီကနေ ဒီနာရေးကူညီမှု လုပ်ငန်းတွေကို နေ့တိုင်းကြားနေတော့ သူလည်း စိတ်ဝင်စားတယ်။ ကျွန်တော်ကလည်း ဒါကို စိတ်ပါတဲ့အတွက် ဒီလုပ်ငန်းကို ကျွန်တော်တို့လုပ်ခဲ့တာ။

အဲဒီတော့ ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှာ ကျွန်တော်တို့ စခဲ့တယ်။ စခဲ့တဲ့အချိန်မှာ ဘဘဦးသုခရဲ့မိတ်ဆွေ၊ ဘဘဦးသုခရဲ့ကြေးရုပ်ကိုထုပေးခဲ့တဲ့ ပန်းပုဆရာကြီး ဦးဟန်တင်ရဲ့ ရုပ်အလောင်းကို ကျွန်တော်ကိုယ်တိုင်သယ်ပိုးပြီး နိဗ္ဗာန်ယာဉ်မောင်းပြီး သင်္ဂြိုဟ်ပေးခဲ့တယ်။ ဒုတိယမြောက် အလောင်းကိုတော့ ကျွန်တော့်ဇနီးကိုယ်တိုင် နိဗ္ဗာန်ယာဉ်မောင်းပို့ခဲ့တယ်။

**မေး ။ ။ နာရေးကူညီမှုအသင်း(ရန်ကုန်စတင်တည်ထောင်စဉ်က ဘယ်လိုအခက်အခဲမျိုးတွေ တွေ့ခဲ့ရပါသလဲ။**

ဖြေ ။ ။ အခက်အခဲတွေကြုံတွေ့တာကတော့ အများကြီးပဲ ပထမဦးဆုံးက ကျွန်တော်တို့ ရုပ်ရှင်လောကက အယူသည်းတာတွေပါ။ ကျွန်တော် ရုပ်ရှင်မင်းသားဖြစ်တဲ့ အချိန်မှာ ဒီနာရေးကူညီမှုလုပ်ငန်းကို လုပ်တယ်။ လုပ်တော့ တချို့သရုပ်ဆောင်တွေက ကျွန်တော်နဲ့ဆို ရုပ်ရှင်တွဲမရိုက်ချင်တော့ဘူး။ ထုတ်လုပ်သူအပိုင်းက ကျွန်တော်နဲ့ဆို ရုပ်ရှင်မထုတ်လုပ်ချင်တော့ဘူး။ ကျော်သူက မသာတွေကိုင်တယ်။ အသုဘချပေးတယ်။ သူနဲ့ရုပ်ရှင်တွဲရိုက်ရင် ငါတို့ လာဘ်ပိတ်မယ်ဆိုတဲ့ အယူတွေ၊ ဒါတွေကို ကြုံရတယ်။ အဲဒီလိုကြုံတော့ ကျွန်တော် ဘဘကို ရင်သွားဖွင့်တယ်။ ရုပ်ရှင်လောကမှာ ဒီလိုဖြစ်တယ်ပေါ့။ ဘဘက ဘာပြောသလဲဆိုရင် "သား၊ မောင်ကျော်သူတဲ့ ပြင်သစ်သမ္မတနာမည်သိလားတဲ့၊ အီတလီဝန်ကြီးချုပ်ကို သိလား"တဲ့။ ကျွန်တော်က မသိပါဘူးလို့၊ အဲဒီတုန်းက မသိဘူး။ မသိလို့ မသိဘူးပြောတာ။ "ဒါဖြင့် ချာလီချက်ပလင်ကို သိလား"တဲ့။ သူကတော့ ကမ္ဘာကျော်ဟာသရုပ်ရှင်သရုပ်ဆောင်ဆိုတော့ကျွန်တော်သိတာပေါ့။ "သိပါတယ်ဘဘ"လို့ပြောတော့၊ "အေး၊ အဖြေက ဒါပဲ"တဲ့။ အောင်မြင်ကျော်ကြား လူကြိုက်များနေတဲ့ အနုပညာသမားတစ်ယောက်ဟာ ကိုယ်အောင်မြင်နေတဲ့အချိန်မှာ အများအကျိုးကို သယ်ပိုးရင် ကိုယ့်အတွက်လည်းကောင်းတယ်။ အများအတွက်လည်း အကျိုးရှိတယ်။ အဲဒီတော့ ဒီစကားနဲ့ပဲ ကျွန်တော် ယနေ့တိုင် ဒီလုပ်ငန်းကို လုပ်ကိုင်နေတာဖြစ်တယ်။

ဒုတိယမြောက် အယူသည်းမှုတွေနဲ့ ကြုံတွေ့ရတာက ပြည်သူလူထုရဲ့ အယူသည်းမှုပဲ။ ပြည်သူလူထု အယူသည်းတာတွေက အသုဘချရင် နိဗ္ဗာန်ယာဉ်ကို လမ်းထဲဝင်တာ မကြိုက်ဘူး။ အိမ်ရှေ့မှာ ကားလာကွေ့ရင် မကြိုက်ဘူး။ ဒါတွေ ရှိတယ်။ နောက်ပြီး ဆုံးသွားတဲ့အလောင်းကို ကလေးက သွားကိုင်ရင် "ဟဲ့၊ မကိုင်နဲ့"တို့ ဘာတို့ပေါ့။ တကယ်တော့ မကိုင်နဲ့လို့ပြောတဲ့လူတွေက ဘာဖြစ်လို့ တိရစ္ဆာန်မသာတွေဖြစ်တဲ့ ကြက်တို့၊ ငါးတို့ကိုခုတ်ထစ်ပြီး ပါးစပ်ထဲထည့်နေရသလဲ။ တိရစ္ဆာန်မသာတွေရဲ့သင်္ချိုင်းက လူ့ပါးစပ်။ ဒါကို မေ့နေကြတယ်။ ဒီလိုအယူသည်းတာတွေကျတော့ ဆရာတော် ဦးတိက္ခရဲ့ ယသ သတို့သားအဖေတရားခွေက ဒီလို ကောက်နုတ်ပြီး နယ်တွေ၊ ဟောပြောပွဲတွေမှာ လိုက်ဟောပြောတော့ အယူသည်းတာတွေ တော်တော်လေးပပျောက်သွားတယ်။

နောက်တစ်ချက် အခက်အခဲ ဘာတွေရင်ဆိုင်ရသလဲဆိုတော့ ဘဘဦးသုခဆုံးပြီး နောက်ပိုင်းမှာ ကျွန်တော်တို့ကို ဖိအားတွေ အမျိုးမျိုးပေးလာတယ်။ ဘာတွေပေးသလဲဆိုတဲ့ ဒီလိုအသင်းအဖွဲ့တွေကို ရပ်ကွက်ထဲမှာ ဘုန်းကြီးကျောင်းမှာမထားရဘူးဆိုပြီး ဖြစ်လာတယ်။ အရင်တုန်းက ကျွန်တော်တို့အသင်းက သဃ်န်းကျွန်း ဖြတ်မ္ဗဝိဟာရကျောင်းဝင်းထဲမှာထားတယ်။ အဲဒါနဲ့ မြောက်ဒဂုံပို့တယ်။ နှစ်ဧကဆိုတော့ ကျွန်တော်တို့က ဝမ်းသာအားရနဲ့လာကြည့်တော့ အမှိုက်ပုံကြီး။ အဆောက်အအုံဆောက်ဖို့ မြေကြီးတူးတော့ ပေ ၂၀ တူးရတယ်။ မြေကြီးကို မတွေ့ဘူး။ ကွပ်ကွပ်အိတ်တွေပဲ တွေ့ရတယ်။

နောက် ၂၀၀၇ ခုနှစ်မှာ သံဃာတော်တွေကို ဆွမ်းကပ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော့်ကို အနုပညာလုပ်ငန်းတွေ မလုပ်ရဘူးဆိုပြီး အပိတ်ခံခဲ့ရတယ်။ ကျော်သူနာမည်ပါရင် ကြော်ငြာကအစ ထည့်ခွင့်မပေးဘူး။ ကျွန်တော်သွားလေရာနောက်ကို တကောက်ကောက်အလိုက်ခံရတယ်။ ကျွန်တော့်အိမ်ရှေ့ကနေ အမြဲတမ်းစောင့်ကြည့်ခံရတယ်။ ဒါတွေကို ကျွန်တော်ရင်ဆိုင်ခဲ့ရတယ်။ အမျိုးမျိုးကြုံတွေ့ခဲ့ရတယ်။

**မေး။ ။ ဒါတွေကို ဘယ်လိုရင်ဆိုင်ကျော်ဖြတ်ခဲ့ပါသလဲ။**

ဖြေ။ ။ ကျွန်တော်တို့ ဘာအားကိုးရသလဲဆိုတော့ သစ္စာပဲဆိုတယ်။ မြတ်စွာဘုရားဆီမှာ သစ္စာဆိုတယ်။ တပည့်တော် ၂၀၀၁ ခုနှစ်ကနေ ယနေ့တိုင် အများအကျိုးကို တကယ်အနစ်နာခံပြီး ပေးဆပ်ခဲ့ပါတယ်။ အလှူငွေတွေကို အလွဲသုံးစားမလုပ်ပါဘူးစသဖြင့် မှန်ကန်ပါက ဒီလိုအခက်အခဲတွေ ကျော်လွှားနိုင်ပါစေ၊ ဒီလိုသစ္စာဆိုတယ်။ တစ်ခါတလေ ရေဝေး သုသာန်သွားပြီး ဘဘဦးသုခအုတ်ဂူရှေ့မှာ ညဘက် မြေကြီးကိုကိုင်ပြီး ကျွန်တော်သစ္စာသွားဆိုတယ်။ အဲဒီလို သစ္စာနဲ့ပဲ ဒီလိုအခက်အခဲမှန်သမျှကို ကျော်ဖြတ်ခဲ့ရတယ်။

**မေး။ ။ နာရေးကူညီမှုအသင်း အပါအဝင် လက်ရှိဆောင်ရွက်နေတဲ့ ပရဟိတလုပ်ငန်းတွေအပေါ် ကျေနပ်မှုရှိပါသလား။**

ဖြေ။ ။ ကျွန်တော်တို့စတုန်းက နာ/ကူနဲ့စခဲ့တယ်။ ၂၀၀၁ ခုနှစ်ကနေ ဒီနေ့အထိဆို အခမဲ့သင်္ဂြိုဟ်ပေးခဲ့တာ အလောင်းပေါင်း၁၆၀၀၀၀ နီးပါးရှိပြီ။ တစ်ရက်တစ်ရက်ဆို ပျမ်းမျှအလောင်း ၄၀ ကနေ ၆၀ ကို နေ့တိုင်းသင်္ဂြိုဟ်ပေးရတယ်။ အဲဒီတော့ ဘာကြောင့် လူတွေဒီလောက်သေတာလဲဆိုတာကို သုံးသပ်တော့ ကျန်းမာရေးချို့ယွင်းတာကို တွေ့တယ်။ ကျန်းမာရေးဘာကြောင့် ချို့ယွင်းသလဲ။ ဆေးဝါးကုသမှုစရိတ်တွေ မြင့်မားတယ်။ အဲဒါကြောင့် ဆုံးတဲ့သူတွေများတယ်။ အဲဒါကြောင့် ကျွန်တော်တို့ သုခကုသိုလ်ဖြစ် ဆေးခန်းဆိုပြီး ကုသိုလ်ဖြစ် လုပ်အားပေးတဲ့ ဆရာဝန်တွေရဲ့ အကူအညီနဲ့ ကျွန်တော်တို့ ဖွင့်ပေးခဲ့တယ်။ နယ်တွေမှာဆိုရင် ပဲခူး၊ ပြည်၊ ကြို့ပင်ကောက် မြို့တွေမှာ ဆေးခန်းခွဲတွေထားတယ်။ နောက်နယ်ဒေသတွေမှာ တကယ်ကို ကိုယ့်အားကိုယ်ကိုးကုသပေးနေတဲ့ ဆေးခန်းတွေကို လစဉ်ဆေးဝါးထောက်ပံ့မှုတွေလုပ်တယ်။

အခု ရန်ကုန်မှာဆို ရောဂါပေါင်းစုံကုသပေးနေပြီ။ မျက်စိပါ ခွဲပေးနေပြီ။ အခု ကျောက်ကပ်ဆေးတဲ့ဆေးရုံ ဇွန်လမှာဖွင့်ဖို့ ကျွန်တော်တို့လုပ်နေပြီ။ တစ်ရက်၊ တစ်ရက်ကို လူနာက အယောက် ၂၀၀ ကျော်တယ်။ ဘာကြောင့် ကျန်းမာရေးဒီလို ချို့ယွင်းတာလဲ သုံးသပ်တော့ အသိဉာဏ်နည်းပါးတဲ့အတွက်ဆိုတာသိလာတယ်။ အဲဒါကြောင့် ကျွန်တော်တို့ သုခအလင်းပညာရေးဆိုပြီး ဖွင့်ခဲ့တယ်။ နွေရာသီ အင်္ဂလိပ်စာသင်တန်းတွေ၊ ယဉ်ကျေးလိမ္မာသင်တန်းတွေ၊ နောက်ကိုယ်လက်လှုပ်ရှားမှုအတွက် ရိုးရာလည်း ထိန်းသိမ်းတဲ့အနေနဲ့ မြန်မာ့အက သင်တန်းတွေ၊ ပန်းချီသင်တန်း၊ ကွန်ပျူတာသင်တန်း၊ နောက် ၁၀ တန်းကလေးတွေအတွက် ဘာသာစုံသင်တန်း၊ နောက် အလုပ်အကိုင်ရရှိရေးအတွက် LCCI စာရင်းကိုင်သင်တန်း၊ ဟိုတယ်နှင့်ခရီးသွားသင်တန်း။ ဒါတွေအပြင် နယ်ဒေသတွေ မှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ သင်ကြားပေးတဲ့ ဆရာ ဆရာမတွေအတွက် စွမ်းရည်မြှင့်သင်တန်း၊ နောက်နယ်ဒေသတွေမှာရှိတဲ့ ပရဟိတအသင်းတွေအတွက် ပရဟိတစွမ်းရည်မြှင့်သင်တန်း။ ဒါတွေကို ကျွန်တော်တို့ Camp သွင်းပြီး ဒီမှာသင်တယ်။ ဒါတွေအားလုံးလုပ်ခဲ့တယ်။

အမှန်တော့ ပရဟိတတွေအများကြီးလုပ်ရတယ်။ အသုဘတွေ အများကြီးချပေးရလို့ ကျေနပ်နေတာ အဓိပ္ပာယ် မရှိဘူး။ ကျွန်တော်တို့က အသုဘချပေးရတာတွေ နည်းသွားရမယ်။ ကျန်းမာရေးချို့တဲ့တဲ့ လူနာတွေ နည်းသွားရမယ်။ ပညာရေးအသိဉာဏ်နည်းသူတွေ နည်းသွားရမယ်။ အမှန်ကျွန်တော်တို့ရဲ့လုပ်ဆောင်မှုက တစ်နှစ်ထက်တစ်နှစ် အရေအတွက်များလာရင် တိုင်းပြည်အတွက် အလားအလာမကောင်းဘူး။ အရေအတွက် လျော့လျော့သွားရင် တိုင်းပြည်အတွက် အလားအလာကောင်းတယ်။ ဟိုတစ်လောက ကမ္ဘာ့နိုင်ငံတွေထဲမှာ အလှူတန်းဆုံးက မြန်မာနိုင်ငံ၊ နောက်ပရဟိတအသင်းအဖွဲ့တွေ အများဆုံးက မြန်မာနိုင်ငံတဲ့။ ဒါဟာ အလားအလာမကောင်းဘူး။ အမှန်က ပရဟိတအသင်းအဖွဲ့တွေများတဲ့နိုင်ငံဆိုတာ ဒုက္ခသုက္ခတွေဖိစီးနေရတဲ့နိုင်ငံမို့လို့သာ ပရဟိတအသင်းအဖွဲ့တွေ များလာတာ။ အမှန်က ပရဟိတအသင်းအဖွဲ့တွေ မရှိတော့တဲ့နိုင်ငံမှ အင်မတန်အေးချမ်းတဲ့နိုင်ငံဖြစ်မှာ။

ကျွန်တော်တို့ အခု ၁၀ နှစ်ကျော် ၁၅ နှစ်ကျော်လာပြီ။ ၁၀ နှစ်ကျော်ဖြတ်သန်းလာရာမှာ အယူသည်းတာတွေ တော်တော်ပပျောက်သွားတယ်။ အရင်တုန်းက ဒီလို အလောင်းထမ်းတာကို မင်္ဂလာမရှိဘူးလို့ ပြောကြတယ်။ အခုဆို မင်္ဂလာဆောင်တဲ့ ဇနီးမောင်နှံတွေ မင်္ဂလာဆောင်ပြီးတာနဲ့ ဒီကိုလာပြီး မင်္ဂလာဝတ်စုံနဲ့ကို နိဗ္ဗာန်ယာဉ်မောင်းတယ်။ တချို့ မင်္ဂလာလက်ဖွဲ့ရတာ လာလှူတယ်။ ဒါတွေကောင်းလာတယ်။ သို့သော် အခုနောက်ပိုင်းကျတော့ ဒါဟာပေါ်ပြူလာလိုဖြစ်လာတယ်။ ပရဟိတ မလုပ်ရရင် ခေတ်မမီဘူးဆိုတဲ့ အနေအထားလေးတွေ ဖြစ်လာတယ်။ အဲဒီလိုဖြစ်လာတဲ့အတိုင်းအတာမှာ ပရဟိတလောကက အန္တရာယ်ဖြစ်လာတယ်။ တချို့က ပေါ်ပင်လုပ်ချင်တယ်။ တချို့က ပေါ်ပြူလာဖြစ်အောင် လုပ်ချင်တယ်။ တချို့က ဒီငွေကြေးကို အလွဲသုံးစားလုပ်မယ့်အဖွဲ့တွေ၊ လူတွေ ပေါ်လာတယ်။ အလှူရှင်တွေ အလှူငွေလှူမယ်ဆိုရင် ဒီလူရဲ့ နောက်ကြောင်းရာဇဝင်၊ ဒီအသင်းအဖွဲ့ရဲ့ နောက်ကြောင်းရာဇဝင်ကိုကြည့်လေ့လာပြီး လှူကြပါ။ ဒီလိုမှမဟုတ်ရင် ဒီအလှူငွေတွေက အလဟဿဆုံးသွားလိမ့်မယ်။ အဲဒါက အရေးအကြီးဆုံးပဲ။

*စာမျက်နှာ ၆ သို့*

**ကမ္ဘာ့နိုင်ငံတွေထဲမှာ အလှူတန်းဆုံးက မြန်မာနိုင်ငံ၊ ပရဟိတအသင်းအဖွဲ့တွေအများဆုံးက မြန်မာနိုင်ငံတဲ့။ ဒါဟာ အလားအလာမကောင်းဘူး။ အမှန်က ပရဟိတအသင်းအဖွဲ့တွေများတဲ့နိုင်ငံဆိုတာ ဒုက္ခသုက္ခတွေဖိစီးနေရတဲ့နိုင်ငံမို့လို့ ဒါပရဟိတအသင်းအဖွဲ့တွေ များလာတာ။**

# ကြေးသွန်းရုပ်တုများ ပြည်ပမှ မှာယူမှုများရှိလာ အတတ်ပညာအရရော အနုပညာအရပါ အောင်မြင်မှုဖြစ်

**မန္တလေး မေ ၁၂**

မြန်မာ့ရိုးရာပန်း ၁၀ မျိုးတွင် တစ်ခုအပါအဝင်ဖြစ်သော ပန်းတဉ်းလုပ်ငန်းများမှ ပြုလုပ်သောရုပ်တုများမှာ ပြုလုပ်ပုံစနစ်ကောင်းမွန်ခြင်းနှင့် ဖန်တီးမှုအနုပညာပြောင်မြောက်ခြင်းတို့ကြောင့် ရဟန်း၊ သံဃာတော်နှင့်လူပုဂ္ဂိုလ်များ၏ ပုံတူရုပ်တုများ ပြည်တွင်းပြည်ပမှ မှာယူအပ်နှံမှုများရှိလာရာ ပန်းတဉ်းပညာအတွက် အတတ်ပညာအရရော အနုပညာအရပါ အောင်မြင်မှုဖြစ်ကြောင်း မန္တလေးမြို့ တမ္ပဝတီရပ် ကြာငါးပွင့်ကြေးသွန်းလုပ်ငန်းမှ ပန်းတဉ်းပညာရှင် ဦးတင်ထွေးက ပြောသည်။

ပန်းတဉ်းလုပ်ငန်းမှာ ကြေးကို အသုံးပြုပြီး ဘုရားဆင်းတု၊ ရဟန်း၊ သံဃာနှင့် လူပုဂ္ဂိုလ်ပုံတူများနှင့် အခြားအလိုရှိရာ ရုပ်တုများကို သွန်းလောင်းပုံဖော်ခြင်း၊ ရိုက်ခတ်၍ တူရိယာပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း ဆောင်ရွက်သည့် ပညာရပ်ဖြစ်ပြီး အထောက်အထားများအရ ပျူခေတ်ကပင် စတင်ခဲ့သော ပညာရပ်ဖြစ်သည်။

ရုပ်တုရုပ်လုံးအဖြစ် ပုံဖော်ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် ပန်းတဉ်းပညာရှင်များသည် ပန်းပုပညာကို တတ်မြောက်ရမည်ဖြစ်ပြီး ပန်းပုပညာ၏ အခြေခံပန်းချီပညာကိုလည်း တတ်ကျွမ်း ရမည်ဖြစ်သည်။ လုပ်ငန်းများလက်တွေ့ဆောင်ရွက်သည့်အခါတွင် ပန်းပဲ၊ ပန်းထိမ်ကဲ့သို့ ပညာရပ်များနှင့် ဆောင်ရွက်ရသည်များ ပါဝင်သကဲ့သို့ သွန်းလောင်းမည့်ပုံ (ဖယောင်းပုံ) ပြုလုပ်ရာတွင်လည်း ပန်းရန်၊ ပန်းတော့၊ ပန်းတမော့ပညာရပ်များကဲ့သို့ ဆောင်ရွက်ရသည်များကိုလည်း တွေ့ရပြီး ပန်းတဉ်းပညာသည် ပန်း ၁၀ မျိုးဝင် ပညာရပ်အများစုပါ လုပ်ဆောင်ရသော ပညာရပ်ဖြစ်၍ အနုပညာရော၊ အတတ်ပညာပါ ရောယှက်ပါဝင်သော အဆင့်မြင့်ပညာရပ်တစ်ရပ် ဖြစ်ပေသည်။

ပန်းတဉ်းလုပ်ငန်းတွင် အများဆုံးလုပ်ကိုင်ရသောလုပ်ငန်းမှာ ဘုရားဆင်းတုဖြစ်ပြီး ရောင်းတန်းအနေဖြင့်ရော အပ်ထည်အနေဖြင့်ပါ ဉာဏ်တော်ပေ ၂၀ ကျော်ရှိသော ဆင်းတုတော်ကြီးအထိ ပြုလုပ်ကြရကြောင်း တွေ့ရသည်။ ရုပ်တုများတွင် လူသိများပြီး တန်ခိုးကြီးထင်ရှားသည့် မဟာမုနိရုပ်ရှင်တော်၊



မိုးကုတ်ဆရာတော်ဘုရားကြီး၏ ပုံတူထုလုပ်နေမှုကို တွေ့ရစဉ်

အလိုတော်ပြည့်အစရှိသည့် ဆင်းတုတော်များဆောင်ရွက်ရာတွင် မူရင်းဘုရားပုံတော်၏ ပုံတော်အတိုင်းအလိုရှိရာ အရွယ်အချိုးချပြီး ဆောင်ရွက်ကြခြင်းဖြစ်၍ ထပ်တူနီးပါးတူညီသော ပုံတော်များကို ပြုလုပ်နိုင်ကြောင်း တွေ့ရသည်။ အခြားပုံတော်များကို ပြုလုပ်ကြရာတွင် ပန်းတဉ်းဆရာတစ်ဦးနှင့်တစ်ဦး ကိုယ်ပိုင်ဟန်များနှင့် အနည်းငယ်ကွဲလွဲကြောင်း တွေ့ရသည်။ လက်ဟန်အနေအထား မုဒြာအနေနှင့် ဘူမိဖဿမုဒြာနှင့် ဓမ္မစက္ကမုဒြာများ အများဆုံးပြုလုပ်ရပြီး အခြားသော မုဒြာပုံတော်များ အလိုရှိကလည်း ဆောင်ရွက်ပေးကြသည်။

"ပုံတူရုပ်တုတွေ ဆောင်ရွက်ရာမှာ သက်ရှိပုဂ္ဂိုလ်များဖြစ်ပါက ကိုယ်တိုင်သွားရောက်ပုံစံယူခြင်းဖြင့် အဆင်ပြေနိုင်ပေမယ့် ကွယ်လွန်သွားပြီဖြစ်တဲ့ ပုဂ္ဂိုလ်များရဲ့ ပုံတူများကိုပြုလုပ်ရာမှာ ရနိုင်သမျှရုပ်ရှင်၊ ရုပ်သေမှတ်တမ်းများကို အကိုးအကားပြုပြီး ဆောင်ရွက်ရပါတယ်။ ပုံကြမ်းအဆင့်၊ ပုံချောအဆင့်များမှာ သိမီရင်းနှီးခဲ့သူတွေကိုပြသကာ ကွဲလွဲနေတဲ့အချက်တွေကိုပြုပြင်ပြီး အနီးစပ်ဆုံးတူညီအောင် ဆောင်ရွက်ရပါတယ်။ ပုံတူရုပ်တုတွေ ဆောင်ရွက်ရာမှာ ပုံသဏ္ဌာန်အရတူညီအောင် ဆောင်ရွက်ရုံမကဘဲ ရယ်ပုံ၊ ပြုံးပုံ၊ မျက်နှာထားပုံ၊ ကိုယ်နေဟန်ထားက ဂရုတစိုက်ဆောင်ရွက်နိုင်မယ်ဆိုရင်တော့ ပြီးပြည့်စုံတဲ့ ရုပ်တုဖြစ်လာမှာပါ။ ပုံတူရုပ်တုတွေပြီးတဲ့အခါ ဆင်းတုတော်တွေကို ပွတ်တိုက်၍ အချောကိုင်တာတို့၊ အရောင်တင်တာတို့မလုပ်ရပါဘူး။ ဒီလိုလုပ်လိုက်မယ်ဆိုရင် အသေးစိတ်အချက်အလက်လေးတွေ ပျောက်သွားပြီး ပုံသဏ္ဌာန်ပြောင်းသွားနိုင်သလို ကြေးကိုပွတ်တိုက်လို့ ထွက်လာတဲ့အရောင်ကြောင့် အမြင်လည်း ပြောင်းသွားနိုင်ပါတယ်"ဟု ကြာငါးခိုင်ကြေးသွန်းလုပ်ငန်းမှ ပုံဖော်ဆရာ ကိုဇာနည်က ပြောသည်။

ပန်းတဉ်းပညာရပ်တွင် ကြေးကို အဓိကထားဆောင်ရွက်သောလုပ်ငန်းဖြစ်သော်လည်း ရှေးအခါက ပဥ္စလောဟာခေါ် ရွှေ၊ ငွေ၊ ကြေး၊ သွပ်၊ သံတို့ကို အချိုးကျရောစပ်၍ လည်းကောင်း၊ သံချည်းသတ်သတ်အသုံးပြု၍ လည်းကောင်း၊ သွန်းလောင်းခဲ့ကြကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်နှင့် ဘုရားဝင်းအတွင်းရှိ အောင်ကျော်ဒေဝါ၊ အောင်ကျော်ဇေယျာ၊ နတ်ရုပ်တုနှင့် ငြိမ်းချမ်းသာယာ ကြေးစည်တော်ကြီး၊ ချမ်းအေးမြစည်သာ မောင်းတော်ကြီး၊ မန္တလေးတောင်ပေါ်ရှိ မြွေကြီးနှစ်ကောင်၊ စန္ဒမုခိဘီလူးရုပ်၊ စစ်ကိုင်းမြို့ဝင် အသင်္ချာစောယွန်းရုပ်တု၊ မင်းကွန်းခေါင်းလောင်း၊ စဥ့်ကူးမင်းခေါင်းလောင်းနှင့် အနယ်နယ်အရပ်ရပ်ရှိ ဗိုလ်ချုပ်ကြေးရုပ်များမှ လူသိများထင်ရှားသည့် ကြေးသွန်းလက်ရာများ ဖြစ်သည်။

**အေးမြ (မန္တလေး)**

# ရမည်းသင်းမြို့နယ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲ မေ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပမည်

**ရမည်းသင်း မေ ၁၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမျိုးဘာသာသာသနာထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော စတုတ္ထအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲကို မေ ၁၄ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစာမေးပွဲ၌ ဖြေဆိုကြမည့်သူများသည် သာသနာ့ဂုဏ်ရောင် ဓမ္မဗိမာန်တော်၊ နည်းပညာတက္ကသိုလ်၊ အမှတ် (၁) အထက (ကျောင်းကြီး)၊ အမှတ်(၅) အထက (မြို့မ)နှင့် သီလဝခန်းမအစရှိသည့် စာဖြေဌာနများတွင် ဖြေဆိုကြရမည်ဖြစ်ပြီး မေလ ၁၄ရက် မွန်းလွဲ ၁ နာရီတွင် မူလတန်းအဆင့်၊ မေ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့ ဖြေဆိုကြရမည်ဟု သိရသည်။

ယခုနှစ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲတွင် မူလတန်းအဆင့် ၃၅၅၅ ဦး၊ အလယ်တန်းအဆင့် ၁၂၅၂ ဦး၊ အထက်တန်းဆင့် ၃၉၂ ဦး စုစုပေါင်း ၅၁၉၉ ဦး ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး ယခင်နှစ်ကထက် ဝင်ရောက်ဖြေဆိုသူတိုးခဲ့သည်။ စာဖြေသူများအား အလှူရှင်အသီးသီးတို့က ဖျော်ရည်၊ ရေသန့်၊ မုန့်မျိုးစုံတို့ဖြင့် အာဟာရဒါနပြုကြသည်။ **အတ်ကလေး(ရမည်းသင်း)**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ငါးသားပေါက်ကောင်ရေ ၃၃ သိန်းကျော် ထုတ်လုပ်မည်

**မုံရွာ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငါးစားသုံးမှုဖူလုံစေရန်၊ ပိုလျှံငါးများကို အခြားတိုင်းဒေသကြီးများသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ရေဦး၊ ရွှေဘို၊ အင်ကြင်းကုန်း ငါးသားဖောက်စခန်းများမှ ရက် ၁၀၀ အတွင်း ငါးသားပေါက်ကောင်ရေ ၃၃ ဒသမ ၆၀ သိန်း ထုတ်လုပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

"ဌာနလက်အောက်မှာရှိတဲ့ ငါးသားဖောက်စခန်းသုံးခုက ထုတ်လုပ်မှာပါ၊ ရရှိတဲ့ငါးသားပေါက်တွေကို တိုင်းဒေသကြီးအတွင်းက မြစ်၊ ချောင်း၊ ဆည်၊ တမံများထဲမှာ အခမဲ့ ငါးမျိုးစိုက်ထည့်မယ်။ ဂရန်အင်းနဲ့ငါးမွေးမြူရေးကန်တွေမှာ မွေးမြူဖို့အတွက်လည်း ငါးသားပေါက်တွေကို အခကြေးငွေနဲ့ ရောင်းချပေးသွားမှာပါ။ ဒီလုပ်ငန်းတွေအားလုံးကို ရက် ၁၀၀ အတွင်း ဆောင်ရွက်သွား မှာပါ" ဟု တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ငါးသားပေါက်များကို တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနလက်အောက်ရှိ ရေဦးငါးသားဖောက်စခန်းမှ ကောင်ရေ ၁၃ သိန်း၊ ရွှေဘိုငါးသားဖောက်စခန်းမှ ကောင်ရေ ၁၁ သိန်း၊ အင်ကြင်းကုန်းငါးသားဖောက်စခန်းမှ ကောင်ရေ ၉ ဒသမ ၆၀ သိန်းတို့ကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**




*စာမျက်နှာ ၅ မှ*

ကျွန်တော်တို့က ပရဟိတသစ္စာဆိုရဲဖို့ပဲ။ နယ်အသင်းတွေကို ကျွန်တော် အမြဲပြောတယ်။ ဘယ်သူနဲ့တွေ့တွေ့ ပရဟိတသစ္စာဆိုရဲဖို့ ကြိုးစားပါ။ ကိုယ့်ကိုယ်ကိုယ် ကြည်ညိုနိုင်အောင်လုပ်ပါ။ ကိုယ့်ကိုယ်ကိုယ်ကြည်ညိုမှ အများအကျိုးသယ်ပိုးရာမှာ ထိရောက်မယ်။ ကျွန်တော် ပရဟိတလုပ်ရင်းလုပ်ရင်းတွေ့လာတာက နိုင်ငံရေးပဲဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ်၊ ဘယ်အရာမဆို ပရဟိတစိတ်ဓာတ်နဲ့လုပ်မှသာ အောင်မြင်မှာပါ။ အများအကျိုးအတွက် ထိထိရောက်ရောက်ဖြစ်မှာပါ။

**မေး။ ။ လက်ရှိ လုပ်ဆောင်နေဆဲ ပရဟိတလုပ်ငန်းတွေအပြင် ရုပ်ရှင်အနုပညာလုပ်ငန်းတွေကိုလည်း ပြန်လည်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ ရှင်းပြပေးပါဦး။**

ဖြေ။ ။ ဘာသာရေးကိစ္စအနေနဲ့ ကျွန်တော်ဘုရားတည်နေတယ်။ နောက်နာရေးကူညီမှုအသင်းနဲ့မဆိုင်ဘဲ ကျော်သူပရဟိတကွန်ရက်ဆိုပြီး သီးသန့်ဖွဲ့ပြီး ရေလိုက်တူးပေးနေတယ်။ ရွာတစ်ရွာမှာ ရေတူးမယ်ဆိုရင်ကောင်းပြီ၊ ရွာမှာ ရေရအောင်လုပ်ပေးမယ်။ ဒါပေမယ့် ရွာမှာအရိပ်ရအပင် ၁၀၀ ဖြစ်ဖြစ်၊ ၅၀၀ ဖြစ်ဖြစ်စိုက်ပါ။ စိုက်ရင် ကျွန်တော်တို့ လုပ်ပေးမယ်။ ဒါအရိပ်ရမှ အပင်က ရေကိုပြန်ထိန်းသိမ်းပေးမှာ။ ဒီလို ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပါ လုပ်ပေးရမယ်။ ကိုယ်ထူကိုယ်ထစိတ်တွေလည်း ပြန်ရှင်သန်လာမယ်။

ကျော်သူကွန်ရက်က ဖွဲ့ထားတာ သိပ်မကြာသေးဘူး။ သုံးလကျော်လောက်ပဲ ရှိသေးတယ်။ သုံးလကျော်မှာ ကျွန်တော်တို့ အဝီစိတွင်း ၁၆ တွင်း တူးပြီးသွားပြီ။ စတာကတော့ ပုဂံ၊ ညောင်ဦးဘက်က စက်စက်ယိုရွာက စတာပေါ့။ အဲဒီရွာကို ရုပ်ရှင်ရိုက်သွားတော့ ရေမရှိဘူး။ အဲဒီရွာက အောက်က ကျောက်ဖျာရှိတော့ စက်ကြီးနဲ့တူးမှရမယ်။ စက်ကြီးနဲ့ဆိုတော့ သိန်းရာကျော်ကုန်မယ်။ ကျွန်တော်တို့က မတတ်နိုင်ဘူး။ မတတ်နိုင်တဲ့အကြောင်း ဖေ့စ်ဘွတ်ခ်မှာတင်လိုက်တော့ ကမ္ဘောဇဘဏ် (KBZ)က ကျွန်တော့်ကို ကမ်းလှမ်းလာတယ်။ သူတို့တူးပေးချင်တယ်။ ကိုကျော်သူကွန်ရက်က ဦးဆောင်ပါဆိုတော့ ကောင်းပြီ။ ဒါအများအတွက် လုပ်တာပဲဆိုပြီး ကျွန်တော်လက်တွဲပြီးလုပ်လိုက်တာ။ အဲဒီကတည်းက ကျော်သူကွန်ရက်ဆိုတာ စလာတယ်။ ကျော်သူပရဟိတကွန်ရက်အဖွဲ့ဆိုတော့ ပရဟိတနဲ့ ပတ်သက်တာမှန်သမျှအကုန်လုံးကွန်ရက်ချိတ်ဆက်ပြီး လုပ်ကြရမှာပဲ။ ဥပမာ သစ်ပင်စိုက်တာပဲဖြစ်ဖြစ်၊ နောက်ပိုင်း အရေးပေါ်ကယ်ဆယ်ရေးတွေ ဘာတွေပါ အကုန်လုံးလုပ်ရမယ်။ ကျွန်တော်တို့ဆီမှာ အရေးပေါ်ကယ်ဆယ်ရေးလည်း ထောင်ထားတယ်။ ၂၄ နာရီပဲ။ Ambulance ကားလိုတယ်ဆိုပြီး အကူအညီတောင်းရင်သွားပေးတယ်။ မီးလောင်တယ်ဆိုရင် ဒဏ်ရာရတဲ့လူနာတွေကို တစ်ခါတည်း ကုသပေးတယ်။ နောက်ပြီး ရေဘောက်ဆာကားကြီးနဲ့ မီးသတ်ကို ရေပံ့ပိုးကူညီပေးတယ်။

ရုပ်ရှင်ကတော့ အခုရိုက်ထားတာ ငါးကားရှိပြီပေါ့လေ။ ပြည်သူလူထုအကျိုးရှိမယ့် ဇာတ်ကားမျိုးတွေဆို ကျွန်တော်လက်ခံရိုက်ကူးပေးတယ်။ ဇာတ်ကတော့ကျွန်တော် ရွေးပြီးရိုက်တယ်။ ဇာတ်ရွေးရုံတင်မဟုတ်ဘူး။ ပရိုဂျူဆာပါ ရွေးရတယ်။ ဒါရိုက်တာပါရွေးရတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံတကာအဆင့်မီတဲ့ ဇာတ်ကားတွေ ထွက်စေချင်တယ်။ ရိုက်ထားတဲ့ကားတွေက ဆရာကြီးမောင်ထင်ရဲ့ "ငဘ"။ အဲဒါကိုလည်း နိုင်ငံတကာပွဲတွေဝင်နိုင်အောင် ကျွန်တော်တို့ ကြိုးစားထားတယ်။ နောက် ဆရာကြီးမင်းသိခ်ရဲ့ "ပဒေါ်ဖက်ဆာ ဒေါက်တာဆိတ်ဖွား"၊ ရှေ့လရုံတင်တော့မယ်။ ဒီကားကတော့ ဒဿနတွေပါတာပေါ့။ အခု ၁၅ ရက်နေ့မှာ ပရက်စ်ရှိုးပြတော့မယ်။ မိဘမေတ္တာတို့၊ သမိုင်းသရုပ်ဖော် "ငဘ" တို့လိုကားမျိုးတွေ ဒါမျိုးတွေ ကျွန်တော်လက်ခံရိုက်ကူးတယ်။ ရိုးရိုးဖျော်ဖြေရေးကားမျိုးကိုတော့ လောလောဆယ် ကျွန်တော်လုံးဝမရိုက်ဘူး။

**မေး။ ။ ဘာများ ဖြည့်စွက်ပြောချင်ပါသလဲ။**

ဖြေ။ ။ အဓိကကတော့ လူတွေဟာ သေမှာပဲ။ ဘယ်သူက ဘယ်နေ့မှာ၊ ဘယ်အချိန်မှာ၊ ဘယ်လိုပုံစံနဲ့ ဘယ်နေရာမှာ သေမယ်ဆိုတာ ဘယ်သူမှမပြောနိုင်ပါဘူး။ သေမယ့်လူတွေချည်းပဲ။ ကျွန်တော် အခုစကားပြော၊ ခဏနေသေရင် သေသွားမှာပဲ။ အဲဒီတော့ မသေခင်စပ်ကြား ဒီအသက်ရှူခွင့်လေးရတဲ့ အချိန်တိုင်းမှာ ကောင်းတာလေးပဲ ပြောမယ်။ ကောင်းတာလေးပဲ လုပ်မယ်။ ကောင်းတာလေးတွေပဲ ကျင့်ကြံအားထုတ်ဖို့ ကျွန်တော်ပြောချင်ပါတယ်။

ယခုလို အချိန်ပေးပြီးဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဗိုလ်ချုပ်လမ်းနှင့် ပြည်လမ်းထောင့်ရှိ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေ ပုဂ္ဂလိကဆေးရုံတည်ဆောက်ရန် ငှားရမ်းခြင်းရပ်ဆိုင်းရန်အဆို အတည်ပြု

**နေပြည်တော် မေ ၁၂**

**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းနှင့် ပြည်လမ်းထောင့်ရှိ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေကို ပွင့်လင်းမြင်သာမှုမရှိဘဲ အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိသော ပုဂ္ဂလိကဆေးရုံ တည်ဆောက်ရန် ငှားရမ်းပေးခြင်းအား ရပ်ဆိုင်းပေးရန်** အဆိုကို ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကန့်ကွက်သူမရှိ အတည်ပြုလိုက်သည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြေကြားစဉ်

ယင်းအဆိုနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် အများစုက ထောက်ခံဆွေးနွေးကာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပညာရှင်ရှုထောင့်မှ တင်ပြခဲ့ပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ ကန့်ကွက်သူမရှိသဖြင့် အဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

အဆိုနှင့်စပ်လျဉ်း၍ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ပုဂ္ဂလိကဆေးရုံ တည်ဆောက်ရန် ငှားရမ်းပေးခြင်းသည် အများအကျိုးစီးပွားကို ဖော်ဆောင်နိုင်မှုမရှိကြောင်း၊ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို ထိခိုက်စေကြောင်း၊ သတ်မှတ်ထားသည့် မူဝါဒများ၊ အစီအစဉ်များမှာ ပွင့်လင်းမြင်သာမှုမရှိကြောင်း၊ ယခုငှားရမ်းသည့် မြေနေရာသည် ရန်ကုန်မြို့၏ အချက်အချာကျသည့် နေရာဖြစ်သောကြောင့် နိုင်ငံတော်၏ အကျိုးစီးပွားကို ရှေးရှုပြီး မျိုးဆက်သစ်များအတွက် အကျိုးရှိရှိ အသုံးချနိုင်ရန် ငှားရမ်းခြင်းအား ရပ်ဆိုင်းသင့်ပါကြောင်း ဆွေးနွေးသည်။

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်က ယခုအချိန်အခါသည် ပြည်သူ့ဗဟိုပြု ကျန်းမာရေးစနစ်ကို ဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြုကျန်းမာရေးစနစ်ကို ဆောင်ရွက်သွားမည်ဆိုပါက ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေပေါ်၌ တည်ဆောက်သည့် ဆေးရုံတိုင်းတွင် ဆင်းရဲချမ်းသာမရွေး နိုင်ငံသားတိုင်း ဆေးကုသမှုခံယူနိုင်ရန် လိုအပ်ပါကြောင်း၊ ရန်ကုန်ဆေးရုံကြီးအား ယခုအခါတွင် ခုတင် ၂၀၀၀ ဆံ့ ဆေးရုံကြီးအဖြစ် တိုးမြှင့်လိုက်သည့်အတွက် အထပ်မြင့်အဆောက်အအုံများ တိုးချဲ့နေရပါကြောင်း၊ သို့သော်လည်း နောင်တွင် ရန်ကုန်ဆေးရုံကြီးအတွက် အဆောက်အအုံများ ဆောက်လုပ်ရန် လိုအပ်လာဦးမည်ဖြစ်ပါကြောင်း၊ အဆိုပါမြေနေရာ၌ ပုဂ္ဂလိကဆေးရုံ တည်ဆောက်မည်ဆိုပါက ငွေကြေးတတ်နိုင်သူများသာ ကုသနိုင်မည်ဖြစ်ပြီး အများပြည်သူများအတွက် အခက်အခဲကြုံနိုင်ပါကြောင်း၊ သို့ဖြစ်၍ ပုဂ္ဂလိကဆေးရုံ တည်ဆောက်ရန် မြေနေရာငှားရမ်းခြင်းအား ရပ်ဆိုင်းရန် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယင်းဆောင်ရွက်ချက်မှာ တင်ဒါခေါ်ယူမှု မရှိခဲ့ကြောင်း၊ ရန်ကုန်ဆေးရုံကြီးအနေဖြင့်လည်း လူနာများ ပြည့်နေသည့်အတွက် နောင်တွင် ဆေးရုံတိုးချဲ့ရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ရန်ကုန်ဆေးရုံကြီးဘေး၌ သင်ကြားရေးဆေးရုံတစ်ရုံ တည်ဆောက်ရန်လိုအပ်ကြောင်း၊ ရန်ကုန်ဆေးရုံကြီး၏ သက်တမ်းမှာ ကြာမြင့်လာပြီဖြစ်သည့်အတွက် ယင်းအချက်ကိုလည်း ကြိုတင်ထည့်သွင်းစဉ်းစားထားသင့်ကြောင်း ထောက်ပြဆွေးနွေးသည်။



ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် မေးမြန်းစဉ်

ထို့ပြင် ယနေ့အစည်းအဝေး၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း၏ **ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် မိုဘိုင်းဖုန်းဆက်သွယ်ရေးကဏ္ဍတွင် မိုင်းဖြတ်မှ ၂၆ မိုင်ဝေးကွာသော နမ့်ပန်ကျေးရွာအုပ်စုသို့ လည်းကောင်း၊ မိုင်းဖြတ်မြို့မှ ကျိုင်းတုံသွားလမ်း၌ တည်ရှိသော မိုင်းဖြတ်ကျေးရွာအုပ်စုသို့ လည်းကောင်း၊ မိုင်းဖြတ်မှ မိုင်းယောင်းလမ်းတွင် တည်ရှိသော မိုင်းတင်၊ လန်းဆတ်ကျေးရွာအုပ်စုသို့ လည်းကောင်း၊ မိုင်းဖြတ်မှ မိုင်းခုတ်၊ မိုင်းလုံးလမ်းပေါ်ရှိ မိုင်းဟဲကျေးရွာအုပ်စုသို့ လည်းကောင်း ယနေ့အထိ ဖုန်းလိုင်းများဆက်သွယ်ရန် ခက်ခဲလျက်ရှိပါ၍ မိုဘိုင်းဖုန်းဆက်သွယ်ရေး လွယ်ကူစေရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုင်းဖြတ်ကျေးရွာအုပ်စုတွင် GSM/UMTS စခန်း တစ်ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မိုင်းဖြတ်မှ မိုင်းယောင်းလမ်း၌ တည်ရှိသော မိုင်းတင်၊ လန်းဆတ်ကျေးရွာအုပ်စုတွင် GSM/UMTS စခန်းတစ်ခု တည်ဆောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်ခန့်တွင် ပြီးစီးရန် လျာထားကြောင်း၊ တယ်လီနောမြန်မာ လီမိတက်အနေဖြင့်လည်း ၂၀၁၆ ခုနှစ်အတွင်း ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့ မြောက်ဘက်ကွင်းအတွင်းရှိ တာဝါတိုင် တည်ဆောက်ခြင်းနှင့် စက်ပစ္စည်းများ တပ်ဆင်ခြင်းလုပ်ငန်း ပြီးစီးပြီဖြစ်သဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီဖြစ်ပါကြောင်း။

ထို့ပြင် မိုင်းဖြတ်-ကျိုင်းတုံလမ်းပေါ်ရှိ မိုင်းဖြတ်မှ ခြောက်မိုင်ခန့်အကွာအဝေးတွင်လည်း တာဝါတိုင် တစ်တိုင် တည်ဆောက်လျက်ရှိပြီး ၂၀၁၆ ဇွန်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ အူရီဒူးမြန်မာ လီမိတက်အနေဖြင့်လည်း မိုင်းဖြတ်မြို့ ဈေးတန်းရပ်၌ လည်းကောင်း၊ မိုင်းဖြတ်-တာချီလိတ် လမ်းမပေါ်၌ ရှိသည့် မိုင်းဖြတ်မှ ခြောက်မိုင်ခန့်အကွာအဝေးတွင်လည်းကောင်း တာဝါတိုင် တည်ဆောက်ခြင်းနှင့် စက်ပစ္စည်း တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း။

တယ်လီနောမြန်မာ လီမိတက်အနေဖြင့် မိုင်းဖြတ်မြို့ ဈေးတန်းရပ်နှင့် မိုင်းဖြတ်-တာချီလိတ်လမ်းမပေါ်ရှိ မိုင်းဖြတ်မှ ခြောက်မိုင်ခန့်အကွာ၌ရှိသည့် အူရီဒူးမြန်မာလီမိတက်၏ တာဝါတိုင်များအား Tower Sharing ပြုလုပ်လျက်ရှိရာ ၂၀၁၆ ခုနှစ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ မိုင်းဖြတ်မြို့နယ်အတွင်း တာဝါတိုင် ငါးတိုင် တည်ဆောက်နိုင်ရေးအတွက် တယ်လီနောမြန်မာက မြေနေရာရှာဖွေလျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ **ရန်ကုန်တိုင်းဒေသကြီး အေးမြသီတာရပ်ကွက်(ယခင်ဖလန်းကျေးရွာဟောင်း)မှ လယ်သမားကြီး ၁၇ ဦး၏ လယ်မြေများအား စက်မှုဇုန်ပြုလုပ်ရန် အကြောင်းပြ သိမ်းယူပြီး ကုမ္ပဏီကြီး ခြောက်ခုသို့ ရောင်းစားမှုနှင့် ပတ်သက်၍ နစ်နာသူလယ်သမားများအား ကတိကဝတ်ရှိထားသည့်အတိုင်း သက်ဆိုင်ရာကုမ္ပဏီများက ကရုဏာကြေး၊ လျော်ကြေးများကို မည်သည့်အချိန်တွင် ပေးအပ်မည်၊ မပေးနိုင်သေးပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာမြေ လျော်ကြေးတောင်းခံလာသည့် ၁၈၈ ဦးနှင့် ၂၀၁၃ ခုနှစ်တွင် တွေ့ဆုံခဲ့ကြောင်း၊ ကုမ္ပဏီများနှင့် လယ်သမားအကြားတွင် ညှိနှိုင်းပေးခဲ့ပြီး သိန်းပေါင်း သုံးသောင်းကျော် လျော်ကြေးပေးခဲ့ကြောင်း၊ မေးခွန်းပါ လယ်သမားကြီး ၁၇ ဦးသည် လျော်ကြေးပေးပြီးသည့် ၁၈၈ ဦး စာရင်းတွင် မပါဝင်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယင်းလယ်သမား ၁၇ ဦးနှင့် တာဝန်ရှိသူများ တွေ့ဆုံ၍ ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ကိုးကန့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်နိုင်

**နေပြည်တော် မေ ၁၂**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်လိုသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်နိုင်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့တွင် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသည်။

ထို့ပြင် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေ ကျခံသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၏ အပိုင်း(၄)၊ ပုဒ်မခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)တွင် **"ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း"**၊ အပိုဒ်ခွဲငယ်(၂)တွင် **"ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း"**၊ အပိုဒ်ခွဲငယ် (၃)တွင် **"တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ် လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း"**ဟု လည်းကောင်း၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (ခ)တွင် **"သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်"**၊ ပုဒ်မခွဲ(ဂ)တွင် **"ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စု လွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်"**ဟု လည်းကောင်း ပြဋ္ဌာန်းထားကြောင်း၊ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် သုံးစွဲနိုင်ကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ကိုးကန့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနများမှ ကဏ္ဍအလိုက်၊ ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုနှင့်အညီ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ဖြေကြားစဉ်

ဆက်လက်၍ ဒုတိယဝန်ကြီးက ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **နယ်စပ်ရေးရာဝန်ကြီးဌာနက "မြိမ်း"အစီအစဉ်ဖြင့် ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် လမ်းတစ်ခုအား ဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ပါ ကျေးရွာချင်းဆက်လမ်းကို ဖောက်လုပ်ပေးခြင်းဖြင့် ချင်းပြည်နယ် ဖလမ်းမြို့နှင့် အိန္ဒိယနယ်စပ်သို့ ကူးသန်းသွားလာနိုင်မည်ဖြစ်၍ ဒေသခံပြည်သူလူထု၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုကို များစွာ အထောက်အကူပြုစေနိုင်မည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဖလမ်းမြို့နယ်အတွင်းရှိ အိုင်ကွန် - အိုင်ရဲဘွာလ်- ကြောင်းသွေ့- ကောဆဲ (၁၃)ရွာဖြတ် ကျေးရွာချင်းဆက် လမ်း ၃၉ မိုင်အနက် လမ်းမိုင် ၁၃ မိုင်ကို ၁၈ ပေအကျယ် လမ်းတာချဲ့ခြင်း၊ ငါးပေ သံကူကွန်ကရစ်ရေထုတ်ပြွန် ၃၇ စင်း၊ ၁၀ ပေ သစ်သားတံတားတစ်စင်းတို့ကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ငြိမ်းချမ်းရေးနှင့် တည်ဆောက်ရေးရန်ပုံငွေမှ လျာထား ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိလုပ်ငန်းများကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေမှစ၍ ရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုမှုနှင့်အညီ ဘဏ္ဍာရေးနှစ်အလိုက်၊ အပိုင်းလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။



ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း မေးမြန်းစဉ်

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **ရသေ့တောင်မြို့နယ် ပန်ဇင်းမော်တာတမံ တည်ဆောက်ခြင်းကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပန်ဇင်းမော်ရေငန်တားတာ တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်ရန်ပုံငွေကျပ် ၆၂၃ သန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရ မူလရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့ရာ လျာထားရရှိပြီးဖြစ်၍ ရန်ပုံငွေခွဲဝေရရှိသည်နှင့် လုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးပို့လာသော **နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က ဖတ်ကြားတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို မေ ၁၆ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၁၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်သည်။ အမြင့်ဆုံးအပူချိန်အနေဖြင့် ရန်ကုန်မြို့၌ ၄၀ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၌ ၄၃ ဒီဂရီစင်တီဂရိတ်နှင့် မန္တလေးမြို့၌ ၄၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

(မြန်မာ့အလင်း)

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခန့်အပ်ရန် တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်အမည်စာရင်းလွှတ်တော်သို့ တင်ပြမည်

**နေပြည်တော် မေ ၁၂**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့ကို မေ ၁၃ ရက် (**ယနေ့**)တွင် လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတ အဆိုပြုတင်ပြသော နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်သမ္မတထံမှပေးပို့သော ကမ္ဘာ့ဘဏ်ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးယူခွင့်နှင့် ယင်းချေးငွေမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ လမ်းဦးစီးဌာနတွင် သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသည့် လမ်းများအဖြစ်ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၀၅ သန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ကျေးလက်ဒေသလမ်းများဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ သန်း ၇၀၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ငွေတိုက်ဦးစီးဌာနတွင် အရေးပေါ်တုံ့ပြန်မှုချေးငွေအဖြစ် လျာထားဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၅ သန်းနှင့် Project Management လုပ်ငန်းများ ဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၁၀ သန်း စသည့်စီမံကိန်းများ ဆောင်ရွက်ရန်ကိစ္စ၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော Protocol of 1992 to amend the International Convention on Civil Liability for Oil Pollution Damage, 1969 အား မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စနှင့် နိုင်ငံတော်သမ္မတထံမှပေးပို့သော အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများနှင့် မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်း (BIMSTEC Convention) သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စ စသည့်ကိစ္စတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြခြင်း၊ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ယနေ့ နံနက် ၈ နာရီခွဲက မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ နုနုသာ က ဆောင်ရွက်ခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရောဝတီတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ တို့မှ (၂၀၁၅)ခုနှစ် နှစ်ချုပ်အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြရာ သဘာပတိက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် သုတေသနစာတမ်းများ ဖတ်ကြားတင်သွင်းခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရီရီမြင့်က ဆောင်ရွက်ပြီး တိုင်းဒေသကြီး/ ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းကြရာ သဘာပတိက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ရန်ပုံငွေကျပ် ၃၀၇ ဒသမ ၅၀၇၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကိုးကန့်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းအရှည်ရှစ်မိုင်၊ ရေထုတ်ပြွန် ၁၉ စင်း၊ လက်တူးတွင်း နှစ်တွင်းနှင့် စိမ့်စမ်းရေသွယ် ၁၂ ခု တို့ကို ရန်ပုံငွေကျပ် ၅၉၈ ဒသမ ၉၄၂ သန်းဖြင့် ဆောင်ရွက်ပေးရန် လျာထားကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားခဲ့သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကိုးကန့်ဒေသဖွံ့ဖြိုးရေးအတွက် လောက်ကိုင်တွင် ဂျီအက်စ်အမ်စခန်း သုံးခုဖွင့်လှစ်ထားရှိသည့်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KSGM Co.,Ltd တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆက်သွယ်ရေးကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အစီအစဉ်အဆင့်(၃)အရ လောက်ကိုင်ဒေသ၌ GSM UMTS စခန်းတစ်ခုကို ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်ခန့်တွင် တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ပြီး 3G စနစ် တိုးချဲ့တပ်ဆင်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကိုးကန့်ဒေသအတွင်းသို့ ဓာတ်အားစနစ်မှတစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန် တာမိုးညဲ - လောက်ကိုင် ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် လောက်ကိုင်ဓာတ်အားခွဲရုံတို့ကို လာမည့်ဘတ်ဂျက်တွင် ထည့်သွင်း



**ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်**

လျာထား၍ ဘတ်ဂျက်ရရှိမှုနှင့် နယ်မြေအခြေအနေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်၌ လောက်ကိုင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ကျောင်းဆောင်သစ်ထပ်မံဆောက်လုပ်ပေးနိုင်ရန်အတွက် ငွေကျပ် ၂၃ ဒသမ ၄၀ သန်း ထည့်သွင်းလျာထားကြောင်းနှင့် သင်ကြားရေးဆရာ၊ ဆရာမများ အချိန်မီစေလွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း စစ်ဘေးရှောင်ပြည်သူများ ပြန်လည်နေရာချထားမည့် ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ကျန်းမာရေးဌာနများရှိ ကျန်းမာရေးဝန်ထမ်းများက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသည့်ရောဂါများ ဖြစ်ပွားမှုမရှိစေရန် ဆောင်ရွက်ခြင်း၊ ဒေသအတွင်း တာဝန်ချထားသော ကျန်းမာရေး ဝန်ထမ်းများကို သင်တန်းများ ပို့ချခြင်း၊ ပြည်သူလူထုအား ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ ထောက်ပံ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်၌ လောက်ကိုင်-ကုန်းကြမ်းလမ်းကိုပြည်နယ်ရန်ပုံငွေကျပ် ၈၄၀ ဒသမ ၃၈၃ သန်း၊ ချင်းရွှေဟော်-လောက်ကိုင်လမ်း လုပ်ငန်းများဆောင်ရွက်နိုင်ရန် ပြည်နယ်ရန်ပုံငွေကျပ် ၄၀၁ ဒသမ ၄၆၂ သန်း၊ လောက်ကိုင် - ရန်လုံကျိုင်း လမ်းကို ပြည်နယ်ရန်ပုံငွေကျပ် ၂၆ ဒသမ ၃၂၅ သန်း၊ တာရွှေထန်- ကြာစီရှူးလမ်းကို ပြည်နယ် ရန်ပုံငွေကျပ် ၁၄၅ ဒသမ ၅၀ သန်း၊ တာရွှေထန်- တာပါး လမ်းကို ပြည်နယ်ရန်ပုံငွေကျပ် ၉၃၅ ဒသမ ၇၀ သန်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေ၌ ပြည်နယ်အစိုးရက စီမံခန့်ခွဲသော ချင်းရွှေဟော်-လောက်ကိုင်လမ်း၌ ငါးပေ ရေထုတ်ပြွန်တစ်စင်းအတွက် ရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်း၊ ၁၈ မိုင် လမ်းဆုံ(တာရွှေထန်)- တာပါးလမ်း၌ ငါးပေ ရေထုတ်ပြွန် ၁၅ စင်းအတွက် ရန်ပုံငွေကျပ် ၁၂၅ သန်းကို ပြည်နယ်ရန်ပုံငွေကျပ်ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဇော်၊ သန်းဦး- လေးမျက်နှာ**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၁၂**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်၊ စစ်ကိုင်း၊ တနင်္သာရီ၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**(မြန်မာ့အလင်း)**

# တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးကိစ္စ ဆွေးနွေး

**နေပြည်တော် မေ ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဗြိတိန်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူး ပက်ထရစ်နှင့်အဖွဲ့အား ယမန်နေ့ ညနေ ၄ နာရီခွဲက ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ထို့အပြင် အပင်မျိုးစိတ်များနှင့် စီးပွားဖြစ်ရက္ခဗေဒဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတွင် နည်းပညာပံ့ပိုးကူညီမှုကိစ္စရပ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သစ်တောစီမံအုပ်ချုပ်ခြင်းနှင့် သစ်တောပြန်လည်ပြုစုပျိုးထောင်ခြင်းအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကိုလည်းကောင်း။

တွင်းထွက်သယံဇာတအရင်းအမြစ် တူးဖော်ရေးစက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးကိစ္စ၊ နယ်စပ်ဒေသရှိ တောရိုင်းတိရစ္ဆာန်တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကိစ္စ၊ အမျိုးသားဥယျာဉ်များ စီမံအုပ်ချုပ်သည့်လုပ်ငန်းများနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နမ့်ဆန်မြို့နယ် လေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နမ့်ဆန် မေ ၁၂**

ရှမ်းပြည်နယ် မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်တွင် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းကျော်က အမှာစကားပြောကြားပြီး ရှေ့တန်းအမှတ်(၁) စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးသိန်းဇော်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောခဲ့သည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့လှူဒါန်းသည့် လေဘေးသင့်ကျေးရွာအုပ်စုမှ လေဘေးသင့်အိမ်ထောင်စုပေါင်း ၂၂၈ အိမ်ကို တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ စီကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့သည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ဖြစ်သည်။ ထို့အပြင် ရန်ကုန်-ရွာသာကြီးလမ်းကြောင်းတွင် ပြေးဆွဲပေးနေသော(ဘ)မြို့ပတ်ရထားနှင့် ရန်ကုန်- တိုးကြောင်ကလေး-အရှေ့ပိုင်းတက္ကသိုလ်လမ်းကြောင်းတို့တွင် ပြေးဆွဲပေးလျက်ရှိသော (ည) ရထားတွဲဆိုင်းနေရာတို့တွင်လည်း အာရ်ဘီအီးတွဲဆိုင်းသစ် နှစ်ဆိုင်းကို ယခုလာမည့် မေ ၁၅ ရက်မှာပင် အစားထိုးပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အစားထိုး ထပ်မံပြေးဆွဲပေးမည့် မြို့ပတ်ရထားတွဲသစ်များကို ယခင် အဲကွန်းရထားများကဲ့သို့ ငွေကျပ် ၃၀၀ နှုန်းဖြင့် ကောက်ခံသွားမည်မဟုတ်ဘဲ ၁၅ မိုင်ခရီးဆိုလျှင် ငွေကျပ် ၅၀၊ ကျော်လျှင် ငွေကျပ် ၁၀၀ နှင့် ပန်ကာ တပ်ဆင်ထားသောတွဲဆိုင်းများတွင် ငွေကျပ် ၂၀၀ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ မြန်မာ့မီးရထားအနေဖြင့် ဒီဇယ်စက်ခေါင်းတွဲ ၁၂ ဆိုင်း၊ အာရ်ဘီအီးတွဲဆိုင်း ကိုးဆိုင်း၊ အာရ်ဘီတီတွဲဆိုင်း နှစ်ဆိုင်း စုစုပေါင်း မြို့ပတ်ရထားတွဲဆိုင်း ၂၃ ဆိုင်းဖြင့် မြို့ပတ်ဆင်ခြေဖုံးတို့တွင် ပြေးဆွဲပေးလျက်ရှိသည်။ နေ့စဉ် မြို့ပတ်ရထားခရီးသည် တစ်နေ့ပျမ်းမျှ ခုနစ်သောင်းခွဲနီးပါးနှင့် ပြည်ပနိုင်ငံခြားသားခရီးသည် တစ်နေ့ပျမ်းမျှ ၅၀ နီးပါးလိုက်ပါစီးနင်းလျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်းနှင့် နှိုင်းစာကြည့်လျှင် ပြည်တွင်း၊ ပြည်ပ နိုင်ငံခြားသားများပါ မြို့ပတ်ရထားစီးနင်းလိုက်ပါမှု ပိုမိုများပြားလာကြောင်း မြန်မာ့မီးရထားမှတ်တမ်းစာရင်းများအရ သိရသည်။ ထို့အပြင် ဂျပန်မှ ဝယ်ယူပြေးဆွဲပေးလျက်ရှိသော အာရ်ဘီအီးရထားတွဲဆိုင်းများကိုလည်း မြန်မာနိုင်ငံအပူချိန်နှင့် ကိုက်ညီမှုမရှိ၍ မြန်မာ့မီးရထားအနေဖြင့် ယခင်ငွေကျပ် ၃၀၀ ကောက်ခံမှုမှ ငွေ ၂၀၀ သို့ လျှော့ချကာ အဆိုပါတွဲဆိုင်းများအား အဲကွန်းမှ ပန်ကာများဖြင့် ပြောင်းလဲကာပြတင်းပေါက်များဖွင့်၍ ပြောင်းလဲပြေးဆွဲပေးလျက်ရှိသည်။ ထိုသို့ပြောင်းလဲမှုအပေါ် မြို့ပတ်ရထားခရီးသည်အချို့၏ ဝေဖန်မှုများကိုလည်း မြန်မာမီးရထားက ခံနေရကြောင်း သိရသည်။

ကျွန်တော်တို့ အခုပြေးဆွဲပေးနေတဲ့ အာရ်ဘီအီးရထားတွေကို အဲကွန်းကနေ ပန်ကာပြောင်းလိုက်တာကို တချို့ပြည်သူတွေက ဝေဖန်ပြောဆို ပြစ်တင်ကြတယ်။ ဒီအာရ်ဘီအီးရထားတွဲဆိုင်းတွေက ဂျပန်ကနေ တစ်ပတ်နွမ်း၊ ပြောရရင် အသုံးပြုပြီးသား ဝယ်တာဖြစ်တယ်။ အဲဒီအချက်တွေပါသလို၊ ကျွန်တော်တို့ ဆီကရာသီဥတုနဲ့ ဂျပန်ကရာသီဥတုနဲ့ကလည်း လုံးဝကွာခြားတယ်။ ပြီးတော့ အဲကွန်းပါပေမယ့် တချို့ခရီးသည်တွေက မအေးဘူးဆိုပြီး ပြောကြတာတွေရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ခရီးသည်တွေအတွက်လည်း အဆင်ပြေအောင် ဈေးနှုန်းကိုလည်း ၃၀၀ ကနေ ၂၀၀ အထိ လျှော့ချလိုက်ပြီးတော့ ပန်ကာလဲဖွင့်၊ ပြတင်းပေါက်လည်း ဖွင့်ပေးလိုက်ပြီး ပြေးဆွဲပေးတာပါဟု ဦးကျော်စိုးလင်း (တိုင်းပို့ဆောင်ရေးမန်နေဂျာတိုင်းအမှတ် အမှတ်-၇၊ ရန်ကုန်) က အဲကွန်းအာရ်ဘီအီးတွဲဆိုင်းများအား ပန်ကာပြောင်းလဲပေးမှုနှင့်ပတ်သက်၍ ရှင်းပြသည်။

မြန်မာ့မီးရထားအနေဖြင့် အဲကွန်းပါ အာရ်ဘီအီးတွဲဆိုင်းသစ်များကို ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ စတင်ကာ ပထမတွဲဆိုင်းကို စတင်ပြေးဆွဲခဲ့ပြီး ဒုတိယတွဲဆိုင်းနှင့် တတိယတွဲဆိုင်းတို့ကို ၂၀၁၄ ခုနှစ် ဩဂုတ် ၁၆ ရက်နှင့် ၂၄ ရက်တို့တွင် လည်းကောင်း၊ စတုတ္ထတွဲဆိုင်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင်လည်းကောင်း၊ ပဉ္စမတွဲဆိုင်းကို ဇူလိုင် ၅ ရက်တွင် လည်းကောင်း၊ ဆဋ္ဌမတွဲဆိုင်းကို ဩဂုတ် ၁၆ ရက်တွင် လည်းကောင်း စတင်ပြေးဆွဲခဲ့သည်။ ယခုအခါ ရန်ကုန်မြို့ပတ် ရထားစီးခရီးသည် တစ်နေ့ပျမ်းမျှ ခုနစ်သောင်းခွဲနီးပါးရှိပြီး ပြည်ပနိုင်ငံခြားခရီးသွားများမှာ တစ်နေ့ပျမ်းမျှ ၅၀ ဝန်းကျင် လိုက်ပါစီးနင်းလျက်ရှိပြီး တစ်နေ့မြို့ပတ်ရထားမှ ဝင်ငွေကျပ် ၉၅၀၀၀ မှ ၁၀၀၀၀၀ ဝန်းကျင်အထိရှိကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကမ္ဘာ့စီးပွားရေးမြင်ကွင်း

**လူလေးဝိုင်း**

ပုံနှိပ်စက်တွေသုံးပြီး ပုံနှိပ်နေရာကနေ ကွန်ပျူတာသုံးပြီး ပရင်တာ (printer)ကတစ်ဆင့် စာတွေ၊ ပုံတွေကို လိုသလို ပုံနှိပ်နိုင်လာတော့ လွယ်ကူအဆင်ပြေပြီး လူတိုင်းအသုံးပြုတတ်လာပါတယ်။

အခုခေတ်မှာစာတွေ၊ ပုံတွေမဟုတ်ဘဲ အရာဝတ္ထုပစ္စည်းတွေကို သူ့နဂိုပကတိအတိုင်း ရုပ်လုံးကြွပုံနှိပ်သလိုမျိုး ထုတ်လုပ်လာနိုင်တာကတော့ စိတ်ဝင်စားစရာကောင်းပါတယ်။ ဒီနည်းပညာကို သုံးဖက်မြင် ရုပ်လုံးကြွ ပုံနှိပ်ခြင်း(3D Printing) လို့ ခေါ်ပါတယ်။ သုံးဖက်မြင်ရုပ်လုံးကြွ ပုံနှိပ်တဲ့ နည်းပညာကို ၁၉၈၆ ခုနှစ်မှာ Chuck Hull က စတင်တီထွင်ခဲ့ပါတယ်။ သုံးဖက်မြင် ရုပ်လုံးကြွနည်းပညာရဲ့အခြေခံသဘောက အရာဝတ္ထုပစ္စည်းတစ်ခုကို ဒစ်ဂျစ်တယ်သုံးဖက်မြင်ပုံစံ (digital 3D model) ရအောင် အရင်လုပ်ရပါတယ်။

အဲဒီနောက် ဒစ်ဂျစ်တစ်သုံးဖက်မြင်ပုံစံကို သုံးဖက်မြင်ဒစ်ဂျစ်တယ်ဖိုင် (3D digital file) အဖြစ် ပြောင်းရပါတယ်။ သုံးဖက်မြင်ဒစ်ဂျစ်တယ်ဖိုင်ရပြီဆိုရင် အဲဒီဖိုင်ကို Slic 3r လို ကွန်ပျူတာပရိုဂရမ်သုံးပြီး သုံးဖက်မြင် သင်္ကေတ (G-code)ရအောင် လုပ်ရပါတယ်။ သုံးဖက်မြင်သင်္ကေတ (G-code)ဆိုတာ ကွန်ပျူတာသုံးဘာသာစကား(Computer Language)တစ်ခုဖြစ်ပြီး ဒီသုံးဖက်မြင်သင်္ကေတက စက်တွေကို ဘယ်လိုလှုပ်ရှားရမယ်ဆိုတာကို ညွှန်ကြားပါတယ်။

သုံးဖက်မြင်သင်္ကေတ (G-code)ကို ကွန်ပျူတာသုံးစက်မှုကုန်ထုတ်လုပ်ငန်းတွေမှာ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေတာပါ။ ဒီသုံးဖက်မြင်သင်္ကေတ (G-code)ကို ပရင်တာဆီပို့လိုက်တဲ့အခါ ပရင်တာက ညွှန်ကြားချက်အတိုင်း ပုံလောင်းပေးပါတယ်။ ပုံလောင်းမှုအပြီးမှာတော့ ကိုယ်ထုတ်လုပ်ချင်တဲ့ အရာဝတ္ထုပစ္စည်းဟာ သူ့နဂိုမူလအတိုင်းထွက်ပေါ်လာပါပြီ။

ယခုလက်တွေ့ အသုံးချနေတဲ့ သုံးဖက်မြင်ရုပ်လုံးကြွပရင်တာ (3D Printer)တွေအကြောင်းပြောချင်ပါတယ်။ သုံးဖက်မြင် ရုပ်လုံးကြွပရင်တာတွေမှာ သုံးနေတဲ့နည်းပညာတစ်ခုက အရည်ဖျော်ပေါင်းစပ်ပုံလောင်းတဲ့နည်းပညာ (Fused deposition Modeling - FDM) ( ပုံ-၁) ပါ။ ရစ်ပတ်ထားတဲ့ပလတ်စတစ် (ဒါမှမဟုတ်) နန်းကြိုးမျှင်ကို




Photo 1

ပုံလောင်းနော်ဇယ် ( extrusion nozzle) ကနေ အပူပေးအရည်ဖျော်စီးဆင်းတာကို လိုသလို အဖွင့်အပိတ်လုပ်ပြီး စီးဆင်းလိုက် ရပ်တန့်လိုက် လုပ်ပေးပါတယ်။ စီးဆင်းလာတဲ့အရည်တွေကို သုံးဖက်မြင်သင်္ကေတ ( G-code) အခြေခံကွန်ပျူတာစနစ်သုံးပြီး အလျားလိုက်ပဲဖြစ်ဖြစ် ဒေါင်လိုက်ပဲဖြစ်ဖြစ် နေရာချထားလိုက်တဲ့အခါ အလွှာတစ်လွှာဖြစ်လာပါတယ်။

ဒီလိုနဲ့ တစ်လွှာပြီးတစ်လွှာထပ်ပြီး ကိုယ်လိုချင်တဲ့ဝတ္ထုပစ္စည်းကို ပုံဖော်လောင်းယူပါတယ်။ ဒီစနစ်မှာ အရည်တွေဟာ ပုံလောင်းနော်ဇယ်ကထွက်ပြီးပြီးချင်းဆိုသလို အေးခဲမာလာတာပါ။ စနစ်ရဲ့လည်ပတ်ပုံသဘောတရားကြောင့် ဒီစနစ်အတွက် ပလတ်စတစ်နန်းကြိုးမျှင်နှစ်မျိုးကို အဓိကအသုံးပြုပါတယ်။ ဒါတွေကတော့ ABS နဲ့ PLA တွေပါ။

နောက်နည်းပညာတစ်မျိုးကတော့ ကော်ရည်သုံးပုံလောင်းနည်းပညာ (Binder Jetting) (ပုံ-၂)ပါ။ ဒီစနစ်မှာ ပေါင်ဒါမှုန့်လို ကုန်ကြမ်းနဲ့ကော်အဖြစ် အသုံးပြုမယ့်အရည်ပါ။ စနစ်ရဲ့ သဘောက ပေါင်ဒါမှုန့်တွေကို တူညီတဲ့အထူရှိတဲ့ အလွှာတွေမှာဖြန့်ပြီး ဂျက်နော်ဇယ် ( jet nozzle) က ထွက်လာတဲ့ ကော်ရည်နဲ့ပေါင်းစပ်ပြီး လိုချင်တဲ့ဝတ္ထုပစ္စည်းရလာအောင် တစ်လွှာပြီးတစ်လွှာ ပုံဖော်ယူတာပါ။ ထပ်ပြောရမယ့်နည်းပညာကတော့ ရုံးတွေမှာတွေ့ရလေ့ရှိတဲ့ အင့်ဂျက်ပရင်တာ (inkjet printer) လိုပါပဲ။




Photo 2

ဒီနည်းပညာတွေကိုတော့ Material Jetting (ပုံ- ၃) လို့ခေါ်ပါတယ်။ နော်ဇယ်က ထွက်လာတဲ့၊ အင်မတန်သေးတဲ့ အရည်စက်လေးတွေကို တစ်လွှာပြီးတစ်လွှာ လိုချင်တဲ့ ဝတ္ထုပစ္စည်းပုံစံ ရုပ်လုံးကြွလာအောင် ပုံဖော်ပြီး ရောင်ခြည် (UV Light) နဲ့ အစိုင်အခဲပုံစံမာလာအောင် လုပ်ယူတာပါ။ တခြားနည်းပညာတွေရှိသေးပေမယ့် ဒီလောက်ဆိုရင် သုံးဖက်မြင် ရုပ်လုံးကြွပရင်တာတွေရဲ့ အလုပ်လုပ်ပုံက ပုံပေါ်လောက်ပါပြီ။ ဒီကနေ့ကမ္ဘာကြီးမှာ သုံးဖက်မြင်ရုပ်လုံးကြွ ပရင်တာကို လက်တွေ့ဘယ်လိုသုံးနေတယ်ဆိုတာကို ကြည့်ရအောင်ပါ။ ဆေးပညာနယ်ပယ်မှာ အသက်ရှင်နေတဲ့ဆဲလ် (Cells) တွေကို အဆီပျစ်(Gel) တစ်မျိုးမှာ အင့်ဂျက် (inkjet)နည်းပညာနဲ့ တစ်လွှာပြီးတစ်လွှာ ပုံဖော်ပြီး လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေ ပုံဖော်ထုတ်ယူပါတယ်။ Wake Forest School of Medicine ဆေးသုတေသနဌာနက သုတေသန ပညာရှင်တွေဟာ လူ့နှလုံးဆဲလ် (Organoids) တွေကို သုံး ဖက်မြင်ရုပ်လုံးကြွနည်းပညာနဲ့ ဖန်တီးယူခဲ့ပါတယ်။





Photo 3

အရွယ်ရောက်ပြီး လူ့အရေပြားဆဲလ်ကနေတစ်ဆင့် နှလုံးဆဲလ်ရအောင် အဆင့်ဆင့်ဖန်တီးယူပါတယ်။ စက်လုံးအစိုင်အခဲပုံစံရှိတဲ့ လူ့နှလုံးဆဲလ်ရဲ့ပုံသဏ္ဍာန်ကို ရလာတဲ့အခါ သုံးဖက်မြင် ရုပ်လုံးကြွနည်းပညာကိုသုံးပြီး လူ့နှလုံးဆဲလ်တွေကိုထုတ်လုပ်ပါတယ်။ ဒီဖန်တီးထားတဲ့ လူ့နှလုံးဆဲလ်တွေကို ဆေးပညာနည်းစနစ်အရ လူ့ခန္ဓာကိုယ်အပူချိန်အတိုင်းထားရှိတဲ့အခါ ခုန်ပြီးဆဲလ်တစ်ခုနဲ့တစ်ခုဟာလည်း လူ့ခန္ဓာကိုယ်ထဲမှာလို တုံ့ပြန်မှုရှိကြပါတယ်။ အဲဒီဆေးသုတေသနဌာနဟာ ဒေါ်လာ ၂၄ သန်းလောက် ကုန်ကျမယ့် စီမံကိန်းတစ်ခုဆွဲပြီး လူ့ခန္ဓာကိုယ်အစိတ်အပိုင်းအမျိုးမျိုး ထုတ်လုပ်ဖို့ကြိုးစားနေပါတယ်။ ဦးဆောင် အမေရိကန်သုတေသနတစ်ဖွဲ့ဖြစ်တဲ့ Anthony Atala က ဒီနည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ ဆီးအိမ်နဲ့ မိန်းမအင်္ဂါရဲ့ယောနိတွေကို လူ့ခန္ဓာကိုယ်တွေမှာ အစားထိုးကုသနေတာ နှစ်ပေါင်းအတော်ကြာပါပြီ။

အာကာသနည်းပညာနယ်ပယ်မှာလည်း နာဆာ (NASA)ဟာ သုံးဖက်မြင်ရုပ်လုံးကြွနည်းပညာသုံးပြီး ဂျက်အင်ဂျင်အစိတ်အပိုင်းတွေကို ထုတ်လုပ်နေပါတယ်။ ပညာရှင်တွေက မော်တော်ကားထုတ်လုပ်တဲ့ စက်မှုကဏ္ဍမှာ အသုံးပြုတဲ့ သုံးဖက်မြင် ရုပ်လုံးကြွ နည်းပညာတန်ဖိုးဟာ ၂၀၁၉ ခုနှစ်မှာ ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ အထိရှိလာမယ်လို့ ခန့်မှန်းထားပါတယ်။ စက်မှုကုန်ထုတ်လုပ်ငန်းတွေမှာ သုံးဖက်မြင်ရုပ်လုံးကြွနည်းပညာကိုကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာတဲ့ နယ်ပယ်ကတော့ ရှေ့ပြေးပုံစံအမြန်ပြုလုပ်တဲ့ နေရာမှာပါ။

ရှူးဖိနပ်မျိုးစုံထုတ်လုပ်တဲ့ ကမ္ဘာကျော်နိုက် (Nike) ကုမ္ပဏီဟာ အရင်တုန်းကဆို ရှေ့ပြေးရှူးဖိနပ်တစ်ရန်ထုတ်လုပ်ဖို့ ဒေါ်လာထောင်ချီကုန်ပြီး လချီအချိန်ပေးရပါတယ်။ အခုတော့ သုံးဖက်မြင် ရုပ်လုံးကြွနည်းပညာကြောင့် ရှေ့ပြေးရှူးဖိနပ်တစ်ရန်ထုတ်လုပ်ဖို့ ဒေါ်လာရာဂဏန်းပဲကုန်ပါတော့တယ်။ ထွက်လာတဲ့ ရှေ့ပြေးရှူးဖိနပ်ကို မကြိုက်ဘူးဆိုရင်လည်း ကွန်ပျူတာမှာ လိုသလိုဒီဇိုင်းပြောင်းပြီး ချက်ချင်းဆိုသလို ပြန်ထုတ်နိုင်ပါတယ်။ နိုက် (Nike)ကုမ္ပဏီဟာ အမြန်သုံးဖက်မြင်ရုပ်လုံးကြွပရင်တာတွေကို ဒေါ်လာသောင်းချီသုံး ရင်းနှီးရပေမယ့် ကုမ္ပဏီကရရှိတဲ့ အကျိုးအမြတ်ဟာ အဲဒီရင်းနှီးငွေထက် အဆပေါင်းများစွာသာပါတယ်။ သုံးဖက်မြင်ရုပ်လုံးကြွနည်းပညာကြောင့် တွင်ကျယ်လာမယ့် နောက်စီးပွားရေးလုပ်ငန်းတစ်ခုကတော့ ကိုယ်ပိုင်ဒီဇိုင်းပေးပြီး အရေအတွက်နည်းနည်းပဲ ထုတ်လုပ်ခိုင်းတာမျိုးကိုအလွယ်တကူ မြန်မြန်ဆောင်ရွက်ပေးတာပါ။ Shape ways (အမေရိကန်နိုင်ငံ)၊ Ponoko (နယူးဇီလန်) နဲ့ Sculpteo (ပြင်သစ်)လို ကုမ္ပဏီတွေဟာ ဒီလိုဝန်ဆောင်မှုပေးတဲ့ ကုမ္ပဏီတွေပါ။ အများအတွက် ရည်ရွယ်ထုတ်လုပ်တဲ့ ဈေးကွက်ကနေ တစ်ဦးချင်းအတွက် ထုတ်လုပ်တဲ့ဈေးကွက်ကို ပြောင်းလဲလာနိုင်တယ်လို့ ပြောဆိုခန့်မှန်းမှုတွေလည်း ရှိနေပါတယ်။

သုံးဖက်မြင်ရုပ်လုံးကြွပရင်တာဆိုရင် ဈေးသိပ်ကြီးမှာပဲလို့မတွေးစေလိုပါဘူး။ ဝါသနာပါလို့ တစ်ဦးချင်းထုတ်လုပ်လိုသူတွေသုံးတဲ့ သုံးဖက်မြင်ရုပ်လုံးကြွပရင်တာမျိုးကို ဒေါ်လာ ၂၅၀ လောက်နဲ့ ဝယ်နိုင်ပါတယ်။ ဒီလိုသုံးဖက်မြင်ရုပ်လုံးကြွပရင်တာမျိုးရဲ့ ဈေးနှုန်းတွေဟာ ဒေါ်လာ ၂၅၀ ကနေ ဒေါ်လာ ၂၀၀၀ လောက်အထိရှိပါတယ်။ ဒီလိုတစ်ကိုယ်ရေသုံးသုံး ဖက်မြင်ရုပ်လုံးကြွပရင်တာတွေထဲမှာ


Photo 4

ဆို HICTOP Prusa 13(ပုံ-၄) ဟာ ဒေါ်လာသုံးရာကျော်ပဲပေးရပြီး(၁၇ပေါင်) ကျော်ကျော် ပဲလေးပါတယ်။

ဒီပရင်တာက ၁၀ ဒသမ ၆ လက်မ × ၈ ဒသမ ၃ လက်မ ×၇ ဒသမ ၇ လက်မအရွယ်အထိရှိတဲ့ ပစ္စည်းမျိုးတွေကို ထုတ်လုပ်ပေး နိုင်ပါတယ်။ တစ်ကိုယ်ရေသုံး သုံးဖက်မြင်ရုပ်လုံးကြွ ပရင်တာတွေရဲ့ အနေအထားကို ပုံပေါ်စေချင်လို့ပါ။ ရုံးလုပ်ငန်းတွေမှာသုံးတဲ့ သုံးဖက်မြင် ရုပ်လုံးကြွပရင်တာတွေရဲ့ ဈေးနှုန်းဟာ ဒေါ်လာ ၁၀၀၀၀ ကနေ ဒေါ်လာ ၅၀၀၀၀ လောက်အထိရှိပါတယ်။ စက်မှုကုန်ထုတ်လုပ်ငန်းသုံး သုံးဖက်မြင် ရုပ်လုံးကြွပရင်တာတွေကတော့ ဒေါ်လာ ၆၀၀၀၀ ကနေ ဒေါ်လာ ၂၀၀၀၀၀ လောက်အထိ ရှိပါတယ်။ သုံးဖက်မြင်ရုပ်လုံးကြွ ပုံနှိပ်စက်မှုလုပ်ငန်းရဲ့ဝင်ငွေဟာ ၂၀၁၃ ခုနှစ်မှာ တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဒေါ်လာ ၃ ဒသမ ၀၇ ဘီလီယံရှိပါတယ်။ ဒီပမာဏဟာ ၂၀၁၈ ခုနှစ်မှာဒေါ်လာ ၁၂ ဒသမ ၈ ဘီလီယံ၊ ၂၀၂၀ ပြည့်နှစ်မှာ ဒေါ်လာ ၂၁ ဘီလီယံကျော်အထိ ရှိလာမယ်လို့ ကျွမ်းကျင်သူတွေက မှန်းဆထားပါတယ်။ ကမ္ဘာ့စီးပွားရေးလောကမှာ အရှိန်ရလာနေတဲ့ လမ်းကြောင်းတစ်ခုရဲ့ အနေအထားကို မျှဝေလိုက်တာပါ။

## ဘီလပ်မြေစက်ရုံတိုးချဲ့ရာ ကျောက်မီးသွေးလောင်စာအသုံးပြုပါက ဒေသခံများ လုံးဝလက်ခံမည်မဟုတ်ဟုဆို

**သရက် မေ ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ဘီလပ်မြေစက်ရုံ (အမှတ်-၃၁)ကို ပြုပြင်မွမ်းမံခြင်းနှင့်တိုးချဲ့ခြင်း စီမံကိန်း၊ ပတ်ဝန်းကျင်နှင့်လူမှုဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက် အကျဉ်းချုပ် အစီရင်ခံစာပေါ်တွင် သုံးသပ်ချက်နှင့် စီမံကိန်းအပေါ် သဘောထားမှတ်ချက်၊ အကြံပြုချက်၊ အကြံဉာဏ်များကို မြို့နယ် အုပ်ချုပ်ရေးမှူးရုံး မြို့ပေါ်ရှစ်ရပ်ကွက် ဘိစက်ထုံးတောင်နယ် ကျေးရွာအုပ်ချုပ် ရေးမှူးများထံမေ ၁၇ ရက်နောက်ဆုံးထားပေးပို့နိုင်ကြောင်း သိရသည်။

အစီရင်ခံစာကို D'Appolonia S.P.Aနှင့် မြန်မာနိုင်ငံ ရန်ကုန်မြို့အခြေစိုက် ဒေသတွင်းပတ်ဝန်းကျင် ဆိုင်ရာ အကြံပေးကုမ္ပဏီဖြစ်သော Sustainable Environment My-anmar(SEM) Co.,Ltd.မှ Myanmar Jidong Cement Co.,Ltd. အတွက် ပြင်ဆင်ဆောင်ရွက်ပေးခဲ့သည်။

စီမံကိန်းကို တည်ဆောက်ခြင်း၊ လည်ပတ်ခြင်း၊ လွှဲပြောင်းခြင်း (BOT)အပေါ်အခြေခံလုပ်ဆောင်ပြီး ဘိလပ် မြေထုတ်လုပ်ခြင်းလုပ်ငန်းအဓိကထား ဆောင်ရွက်ရန် China Jidong Development Group Co.,Ltd. နှင့် Myanmar Soe Naing Phyo Co.,Ltd. တို့ပူးပေါင်းတည်ထောင်သည့် Myanmar Jidong Cement Co., Ltd. ကို စက်မှုဝန်ကြီးဌာနအနေဖြင့် လွှဲအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

"သရက်ဘိလပ်မြေစက်ရုံစီမံကိန်း နားလည်မှုစာချွန်လွှာကို ၂၈-၅-၂၀၁၅ ရက်နေ့က လက်မှတ်ရေးထိုးပြီးဘိလပ်မြေထုတ်လုပ်မှု ၂ ဒသမ ၅ ရာခိုင်နှုန်းသာ နိုင်ငံတော်ကရမှာဖြစ်ပါတယ်။ စက်ရုံလည်ပတ်မှုနဲ့ပတ်သက်ပြီး ဝန်ထမ်းအားလုံး နိုင်ငံ့ဝန်ထမ်းတွေဖြစ်ပြီး ဝန်ထမ်းတွေရဲ့လစာကို ကုမ္ပဏီကပေးမှာဖြစ်တယ်။ အကျိုးခံစားမှုအနေဖြင့် ရာထူးတိုးခြင်း၊ လစာတိုးခြင်းကို နိုင်ငံတော်ရဲ့မူဝါဒအတိုင်း ဆောင်ရွက်မှာ ဖြစ်ပါတယ်။ BOT စနစ်နဲ့လုပ်ခဲ့ရင် နှစ်ရှည်စီမံကိန်းနှစ် ၂၀၊ နှစ် ၃၀ ငှားရမ်းပြီး နှစ်စေ့တဲ့အခါ အဆောက်အအုံအားလုံးကို နိုင်ငံတော်ကိုလွှဲပြောင်း ပေးမှာ ဖြစ်ပါတယ်"ဟု အမှတ်(၃၁)အကြီးစားစက်ရုံ (သရက်) စက်ရုံမှူး ဦးအောင်စိုးနိုင်က ပြောသည်။

ထိုသို့ သရက်ဘိလပ်မြေစက်ရုံ တိုးချဲ့ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ စက်ရုံကို ကျောက်မီးသွေးလောင်စာအသုံးပြုပါက သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်သဖြင့် သရက်မြို့ဒေသခံပြည်သူများက လုံးဝလက်ခံမည် မဟုတ်ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**



မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဌာနတို့ ပူးပေါင်းစီစဉ်သည့် မုန်တိုင်းဘေးအန္တရာယ် လေ့ကျင့်ခြင်းသရုပ်ပြပွဲကို မေ ၁၁ ရက်က တွေ့ရစဉ်။

**(မြို့နယ် ပြန်/ဆက်)**

## လုပ်ငန်းစွမ်းဆောင်ရည် ရက်တိုသင်တန်းဖွင့်

**နောင်ချို မေ ၁၂**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ရက်တိုသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက်က မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၌ကျင်းပသည်။ သင်တန်းတွင် သီးနှံစိုက်ပျိုး ထုတ်လုပ်မှုဆိုင်ရာစာရင်းများ ကောက်ယူပြုစုခြင်းလုပ်ငန်းများ၊ မြေအသုံးချမှုဆိုင်ရာ စာရင်းများကောက်ယူပြုစုခြင်းလုပ်ငန်းများ၊ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၁၀ ရက် မှ ၁၆ ရက်အထိ တစ်ပတ်ကြာပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း**

# (၆၉)ကြိမ်မြောက် ကန်းရုပ်ရှင်ပွဲတော် ၂၂ ရက်ထိ ကျင်းပမည်



**ကန်း မေ ၁၂**

(၆၉)ကြိမ်မြောက် ကန်းရုပ်ရှင်ပွဲတော်ကို ဗုဒ္ဓဟူးနေ့ညပိုင်းက ပြင်သစ်နိုင်ငံတောင်ပိုင်း ကန်းပင်လယ်ကမ်းခြေအပန်းဖြေစခန်း၌ ကျင်းပခဲ့သည်။ အားပေးကြည့်ရှုသူပရိသတ်အမြောက်အမြားရှေ့တွင် အကဲဖြတ်ပေးမည့် ဂျူရီလူကြီးများနှင့် ရုပ်ရှင်အဖွဲ့သားများသည် ကော်ဇောနီခင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြ သည်။ ဖွင့်ပွဲအခမ်းအနား၌ ပြင်သစ်ဟာသ သရုပ်ဆောင် လောရင့်လက်ဖီတီက အဖွင့်စကားပြောကြားခဲ့သည်။

ဂျူရီအဖွဲ့ဝင်လူကြီးများအဖြစ် အဖွဲ့ခေါင်းဆောင်သြစတြေးလျ ရုပ်ရှင်ဒါရိုက်တာဂျော့မေလာ ဦးဆောင်သောအဖွဲ့ဝင်ကိုးဦးပါဝင်သည်။ ယခင်နှစ်များက အမျိုးသမီးအကဲဖြတ်များပါဝင်မှုမရှိသည့်အတွက် ပြင်းထန်သည့်ဝေဖန်မှုများရှိခဲ့ရာ ယခုနှစ်အကဲဖြတ်ဂျူရီအဖွဲ့တွင် အမျိုးသမီးလေးဦးပါဝင်လာခဲ့သည်။ ၎င်းတို့မှာ အမေရိကန်မှ ရုပ်ရှင်မင်းသမီး Kirsten Dunst၊ အီရန်မှ ထုတ်လုပ်သူ Katayoon Shahabi၊ အီတလီမှ ရုပ်ရှင်သရုပ်ဆောင်နှင့် ဒါရိုက်တာ Valeria Golino နှင့် ပြင်သစ်ရုပ်ရှင်မင်းသမီး Vanessa Paradis တို့ဖြစ်ကြသည်။

ဆုရွေးချယ်ရေး၌ ဧပြီလတွင် ရုပ်ရှင်ဇာတ်ကားပေါင်း ၁၈၆၉ ထဲမှ အာရှရုပ်ရှင်သုံးကားအပါအဝင် စုစုပေါင်း ဇာတ်ကား ၂၁ ကားဖြင့် ယှဉ်ပြိုင်ရွေးချယ်သွားမည်ဖြစ်သည်။ ယခုနှစ်ရုပ်ရှင်ပွဲတော်သို့ မီဒီယာသမား ၄၅၀၀ အပါအဝင် ရုပ်ရှင်ထုတ်လုပ်သူများ စုစုပေါင်း ၄၀၀၀၀ ခန့် တက်ရောက်ခဲ့သည်ဟု ပွဲစီစဉ်သူများထံမှ သိရသည်။

(၆၉)ကြိမ်မြောက် ကန်းရုပ်ရှင်ပွဲတော်ကို မေ ၁၁ ရက်မှ ၂၂ ရက်အထိ ကန်းမြို့၌ ကျင်းပသွားမည်ဖြစ်သည်။

**(ဆင်ဟွာ)**

# MH 370 ပျောက်ဆုံးလေယာဉ်မှ အပိုင်းအစနှစ်ခု မလေးရှားထပ်မံအတည်ပြု

**ကွာလာလမ်ပူ မေ ၁၂**

တောင်အာဖရိကနှင့် မော်ရိတီရန်ကျွန်းမှ ရှာဖွေတွေ့ရှိသော ပျက်စီးအပိုင်းအစနှစ်ခုကို MH 370 ပျောက်ဆုံးမလေးရှားလေယာဉ်၏ အစိတ်အပိုင်းဖြစ်သည်မှာ သေချာကြောင်း ကျွမ်းကျင်သူများက အတည်ပြုခဲ့သည်ဟု မလေးရှားပို့ဆောင်ရေးဝန်ကြီး Liow Tiomg Lai က ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

စစ်ဆေးချက်များအရ အဆိုပါအစိတ်အပိုင်းနှစ်ခုမှာ ရိုးရိုက်စ်တံဆိပ်ပါအင်ဂျင်စက် အပိုင်းအစတစ်ခုဖြစ်ပြီး အခြားတစ်ခုမှာ လေယာဉ်အတွင်းပိုင်းမှ ဒိုင်ခွက်အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယင်း အစိတ်အပိုင်းနှစ်ခုကို MH 370 လေယာဉ်၏ အပျက်အစီးများဖြစ်နိုင်ရန် သေချာသလောက်နီးပါးရှိကြောင်း လေ့လာရေးအဖွဲ့က သုံးသပ်အတည်ပြုခဲ့သည်။

မလေးရှားနှင့် သြစတြေးလျ အာဏာပိုင်များသည် အစောပိုင်းက မိုဇမ်ဘစ်၌ တွေ့ရှိသော အပိုင်းအစနှစ်ခုကိုလည်း ပျောက်ဆုံးလေယာဉ်၏ အစိတ်အပိုင်းများဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။



မလေးရှား၊ သြစတြေးလျနှင့် တရုတ်နိုင်ငံအစိုးရဌာနတို့က အဆိုပါလေယာဉ်ပျောက်ဆုံးမှုအပေါ် ပူးပေါင်းရှာဖွေနေကြောင်း၊ ရှာဖွေရေးဧရိယာနယ်မြေ စတုရန်းကီလိုမီတာပေါင်း ၁၂၀၀၀၀ ၏ ၁၀၅၀၀၀ စတုရန်းကီလိုမီတာ ရှာဖွေခဲ့ပြီးဖြစ်ကြောင်း Liow က ပြောခဲ့သည်။

**(ဆင်ဟွာ)**

# အီကွေဒေါ်၌A(H1N1)တုပ်ကွေးကြောင့် လူ ၃၉ ဦးသေဆုံး

**ကွီတို မေ ၁၂**

ဧပြီလကတည်းက အီကွေဒေါ်၌ H1N1 အမျိုးအစားအေဗိုင်းရပ်စ်တုပ်ကွေးရောဂါကြောင့် ၃၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်းတွင်အဆိုပါဗိုင်းရပ်စ်ပျံ့နှံ့မှုကြောင့် ကူးစက်ခံရသည့် လူနာပေါင်း ၂၃၉ ဦးရှိကြောင်း ပြည်တွင်းသတင်းစာများသို့ ဝန်ကြီးက သတင်းပေးပြောကြားခဲ့သည်။ အီကွေဒေါ်၌ ဗိုင်းရပ်စ်ပျံ့နှံ့ရခြင်းမှာ ဆောင်းရာသီကာလက တောင်အမေရိကနိုင်ငံသားများ နိုင်ငံတွင်း ဝင်ရောက်လာမှုကြောင့် ဖြစ်ကြောင်းသိရသည်။ ဒေသတွင်းရှိ ကိုလံဘီယာကဲ့သို့သော နိုင်ငံများတွင်လည်း အဆိုပါ ဗိုင်းရပ်စ်ပျံ့နှံ့နေကြောင်း သိရသည်။

လက်ရှိတောင်အမေရိကတွင် ပျံ့နှံ့နေသော ဗိုင်းရပ်စ်သုံးမျိုးမှာ H3N2 အေအမျိုးအစား၊ ဘီအမျိုးအစားနှင့် H1N1 အေအမျိုးအစားတုပ်ကွေးရောဂါတို့ဖြစ်သည်။ A(H1N1) ဗိုင်းရပ်စ်ကြောင့် သေဆုံးသူများမြင့်တက်လျက်ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဝက်တုပ်ကွေးကဲ့သို့သော ယင်းတုပ်ကွေးအမျိုးအစားကိုကာကွယ်ရန် လူပေါင်းသုံးသန်းကျော်ကို ကာကွယ်ဆေးများတိုက်ကျွေးထားပြီးဖြစ်ကြောင်းသိရပြီး ရောဂါလက္ခဏာများမှာ အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အရိုးနှင့် ကြွက်သားများနာကျင်ခြင်း၊ အအေးမိ၊ လည်ချောင်းနာ၊ ချောင်းဆိုးခြင်းတို့ဖြစ်သည်။

**(ဆင်ဟွာ)**

# ဟီရိုရှီးမား၌ သမ္မတ အိုဘားမား မိန့်ခွန်းရှည်ပြောကြားမည်မဟုတ်

**တိုကျို မေ ၁၂**

ယခုလကုန်ပိုင်းဟီရိုရှီးမားသို့သမ္မတအိုဘားမားလာရောက်ရာတွင် မိန့်ခွန်းပြောကြားမည့်အစား သတင်းစကားအတိုချုပ်သာပေးပို့မည်ဟု အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ဂျိုးစ်အားနက်က ပြောသည်။

ဗုဒ္ဓဟူးနေ့က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဂျိုးစ်အားနက်က အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ဟီရိုရှီးမားတွင် သမ္မတအနေဖြင့် အခွင့်အရေးတစ်ရပ်ရရှိသော်လည်း မိန့်ခွန်းရှည်ပြောကြားမည့်အစီအစဉ်မရှိဟု ဆိုသည်။ ဂျပန်နိုင်ငံအိုက်ရှီးမားဒေသတွင် ကျင်းပမည့် ဂျီ-၇ အစည်းအဝေးသို့ တက်ရောက်ပြီးနောက် မေ ၂၇ ရက်တွင်ဟီရိုရှီးမားသို့ အိုဘားမားသွားရောက်မည် ဖြစ်သည်။

၁၉၄၅ ခုနှစ်က အမေရိကန်မှဗုံးကြဲခံရပြီးနောက် ဟီရိုရှီးမားသို့ သမ္မတအိုဘားမားသွားရောက်ခြင်းသည်အမေရိကန်သမ္မတတစ်ဦး၏ ပထမဆုံးအကြိမ်သွားရောက်ခြင်းလည်းဖြစ်သည်။

၂၀၀၉ ခုနှစ်ဧပြီလက သမ္မတအိုဘားမားသည် ချက်သမ္မတနိုင်ငံ ပရက်မြို့သို့သွားရောက် မိန့်ခွန်းပြောကြားခဲ့စဉ်က နျူကလီးယားလက်နက်ဖျက်သိမ်းရေး ၎င်း၏ဆန္ဒသဘောထားကို အလေးပေးဖော်ပြခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# အီရန်နှင့် အိန္ဒိယရှိ မြို့များကို လေထုညစ်ညမ်းမှုအဆိုးရွားဆုံးအဖြစ် သတ်မှတ်

**ဂျီနီဗာ မေ ၁၂**

ကမ္ဘာပေါ်ရှိ လေထုညစ်ညမ်းမှုအများဆုံးမြို့တော်ငါးခုတွင် လေးခုမှာ အိန္ဒိယမှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့အစည်းက ပြောခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ ကျွမ်းကျင်သူများက အိန္ဒိယသည် ကြီးမားသော စိန်ခေါ်မှုနှင့် ရင်ဆိုင်နေရကြောင်း ပြောခဲ့သည်။ နိုင်ငံအများစုမှာ ထိန်းချုပ်မှုစနစ်မရှိသောကြောင့် အခြေအနေဆိုးရွားခြင်းဖြစ်ပြီး ယင်းနိုင်ငံများကို ထည့်သွင်းသတ်မှတ်ထားခြင်း မရှိကြောင်း ပြောခဲ့သည်။

နွေရာသီတွင် လအတော်ကြာညစ်ညမ်းမှုကို ခံစားခဲ့ရသော အီရန်ရှိဇာဘိုလ်ကို လေထုညစ်ညမ်းမှု အဆိုးရွားဆုံး အဖြစ်သတ်မှတ်ခဲ့သည်။ အိန္ဒိယမှ ဂဝါလီယာ၊ အယ်လ်ဟာဘတ်၊ ပတ္တနာနှင့် ရာပူလ်တို့မှာ ယင်း၏နောက်တွင်ရှိသည်။ အိန္ဒိယ၏မြို့တော် နယူးဒေလီကို အဆိုးရွားဆုံးမြို့တော်၏ ကိုးနေရာမြောက်တွင် ရှိကြောင်း ဆိုသည်။



လေထဲရှိ သေးငယ်သောဒြပ်ထုများသည် အဆုတ်ကင်ဆာနှင့် နာတာရှည်နှလုံးရောဂါတို့ကိုဖြစ်စေပြီး အလျင်အမြန်သေစေနိုင်သော ရုတ်တရက်ဖြစ်ပေါ်တတ်သည့် နှလုံးအမောဖောက်ရောဂါကို အစပျိုးပေးသကဲ့သို့ဖြစ်နေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူခုနစ်သန်းကျော်မှာ အရွယ်မတိုင်မီသေဆုံးခဲ့ပြီး သုံးသန်းမှာ ပြင်ပလေညစ်ညမ်းမှုကြောင့် သေဆုံးခဲ့သည်ဟု ပြောခဲ့သည်။

**(ရိုက်တာ)**

# အိုင်အက်စ်များကို အမြစ်ဖြတ်ချေမှုန်းရန် မဟာမိတ်အုပ်စုများ ဘက်ပေါင်းစုံမှ တိုက်ခိုက်

**ကေသွယ်**



၂၀၁၆ ခုနှစ်အတွင်း အီရတ်နှင့် ဆီးရီးယားတို့တွင် အိုင်အက်စ်အဖွဲ့မှ သိမ်းပိုက်ထားသောနယ်မြေများ ဆုံးရှုံးခဲ့ရသည့်အတွက် ၎င်းတို့၏ တိုက်ခိုက်မှု အရှိန်မြင့်တက်လာခဲ့သည်ကို တွေ့ရကြောင်း အမေရိကန်အခြေစိုက်အဖွဲ့က ထုတ်ပြန်ထားသည်။ အိုင်အက်စ်အကြမ်းဖက် အဖွဲ့က ၂၀၁၄ ခုနှစ် နှစ်ဝက်မှစ၍ ၂၀၁၆ ခုနှစ် နှစ်ဝက်ကာလမတိုင်မီအတွင်း အီရတ်နှင့် ဆီးရီးယားနယ်မြေပတ်ဝန်းကျင်တိုက်ခိုက်မှု ၈၉၁ မှုရှိခဲ့သည်ကိုတွေ့ရှိခဲ့ရကြောင်း IHS အဖွဲ့မှ ပြောကြားခဲ့သည်။

အမေရိကန်နှင့် ၎င်းတို့၏ မဟာမိတ်အုပ်စုများသည် အိုင်အက်စ်အဖွဲ့ဝင်များကို အမြစ်ဖြတ်ချေမှုန်းရန်အတွက် ဘက်ပေါင်းစုံမှ တိုက်ခိုက်မှုများကို ပြုလုပ်လျက်ရှိနေပြီး အကြမ်းဖက်သမားများအားတိုက်ခိုက်နည်းတွင် စစ်ရေးအရ အရေးယူဆောင်ရွက်မှုများကို ပြုလုပ်နေရုံမျှမက ဆိုက်ဘာတိုက်ခိုက်မှုဖြင့်လည်း ဆင်နွှဲမှုများပြုလုပ်လျက်ရှိသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ ခန့်မှန်းထားချက်အရ အိုင်အက်စ်များ တိုက်ခိုက်မှုအခြေအနေသည် ၂၀၁၄ ခုနှစ် နှင့် နှိုင်းယှဉ်လျှင် အီရတ်တွင် ၄၀ ရာခိုင်နှုန်းတိုးလာခဲ့ပြီး ဆီးရီးယားတွင် ၂၀ ရာခိုင်နှုန်းခန့် တိုးလာသည်ဟု ဖော်ပြထားသည်။

ဆီးရီးယားတွင်လည်း ညွှန့်ပေါင်း တပ်များအပါအဝင် ရုရှားတိုက်လေယာဉ်များ၏ ဝေဟင်မှပစ်ခွင်း၍ အိုင်အက်စ်များကို တိုက်ထုတ်ပေးခဲ့သည့်အတွက် ရှေးဟောင်းမြို့တော် ပါးလ်မိုင်ရာမြို့ အပါအဝင် နေရာအတော်များများကို အိုင်အက်စ်တို့၏ လက်တွင်းမှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ထို့အပြင် နှစ်စပိုင်းကတည်းက အိုင်အက်စ်တို့၏ ငွေကြေးဘဏ္ဍာတိုက်များကို အမေရိကန် ဦးဆောင်သော လေကြောင်းတိုက်ခိုက်ရေးအဖွဲ့များက ဝေဟင်မှနေ၍ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းကြောင့် အကြမ်းဖက်သမားများ၏ သန်းပေါင်းများစွာသော ရန်ပုံငွေများကို ဖျက်ဆီးပစ်နိုင်ခဲ့သည်။

အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်ပေါင်းစုများက ဇန်နဝါရီလ အလယ်ပိုင်းကတည်းက အီရတ်နှင့် ဆီးရီးယားတို့ရှိ ငွေသိုလှောင်ရုံနှင့် ဖြန့်ဖြူးရာနေရာ ၁၀ နေရာကို ဖျက်ဆီးပစ်နိုင်ခဲ့သည်ဟု သတင်းထုတ်ပြန်ထားခဲ့သည်။ အမေရိကန်က ကမ္ဘာပေါ်တွင် အကြမ်းဖက်သမားများအတွက် ထောက်ပံ့ရေးရန်ပုံငွေများဟု ယုံကြည်ရသည့် အိုင်အက်စ်တို့၏ ဘဏ္ဍာအခွန်များကို ဖြတ်တောက်ပစ်ရန် ကြိုးပမ်းခဲ့ကာ ရေနံထုတ်လုပ်ရေးနှင့် ငွေများထိန်းသိမ်းထားသော သိုလှောင်ရုံများကို အဓိကဖျက်ဆီးပစ်နိုင်ခဲ့သည့်အတွက် ထိရောက်မှုရှိခဲ့သည်ဟု ယုံကြည်ထားသည်။

ဆွန်နီအုပ်စုက ရန်ပုံငွေအပေါ် အများဆုံးမှီခိုနေကြောင်း အမေရိကန်အာဏာပိုင်များဘက်မှ ယုံကြည်ထားပြီး သန်းပေါင်းများစွာသော ငွေကြေးစီးဆင်းမှုကို ဖြတ်တောက်ပစ်ရန်အတွက် ငွေထိန်းသိမ်းသည့် ငွေတိုက်များနှင့် လက်နက်တိုက်များဟု ယူဆရသည့် နေရာများကို ပစ်မှတ်ထားပြီး ချေမှုန်းလျက်ရှိသဖြင့် အိုင်အက်စ်တို့ဘက်မှ ဆုံးရှုံးခဲ့ရသည့် ငွေကြေးပမာဏကို အတိအကျ မပြောနိုင်ပေ။

အိုင်အက်စ်တို့သည် ၎င်းတို့ထိန်းချုပ်ထားရာနယ်မြေများတွင် ရေနံရောင်းချခြင်း၊ အခွန်ရှောင်တိမ်းခြင်း၊ ရှေးဟောင်းပစ္စည်းများ ရောင်းချခြင်း၊ ဘဏ်များကို ဓားပြတိုက်ခြင်းစသည့် ပြစ်မှုမျိုးစုံကျူးလွန်လျက် ငွေရှာကြခြင်းဖြစ်သည်ဟု ဆိုထားသည်။ ၎င်းတို့ထိန်းချုပ်ထားသော အီရတ်နှင့် ဆီးရီးယားနယ်မြေတို့ကို ၎င်းတို့၏ပိုင်နက်နယ်မြေအဖြစ် ကြေညာထားပြီး ရက်စက်သည့် အစ္စလာမ့်ဥပဒေကို ပြဋ္ဌာန်းထားသည်။

အစ္စလာမ့်စစ်သွေးကြွတိုက်ခိုက်ရေးသမားများအား ထောက်ပံ့ပေးနေမှုကို အမေရိကန်ဦးဆောင်သည့် လေကြောင်းတပ်ဖွဲ့များဘက်မှ ၅၀ ရာခိုင်နှုန်းခန့်ကို ဖြတ်တောက်နိုင်ခဲ့သည်ဟု အမေရိကန်အကြီးတန်းအာဏာပိုင်ဘက်မှ ပြောကြားခဲ့သည်။ ၂၀၁၄ ခုနှစ် ဇွန်လတွင် ဘဂ္ဂဒက်ကို အိုင်အက်စ်အကြမ်းဖက်သမားများတိုက်ခိုက်လိုက်ကတည်းက နယ်မြေ၏ ၃၀ ရာခိုင်နှုန်းနှင့် ၄၀ ရာခိုင်နှုန်းကို ဆုံးရှုံးခဲ့သည်။

ကုလသမဂ္ဂသည် အမေရိကန်နှင့် ၎င်းတို့၏ မဟာမိတ်တပ်များထံမှ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကို ယမန်နှစ် ဒီဇင်ဘာလကတည်းက အိုင်အက်စ်တို့ သိမ်းပိုက်ခြင်းခံခဲ့ရသော အီရတ်မြို့တော် ရာမဒီနှင့် အခြားမြို့များကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီးနောက် ၎င်းမြို့များ ပြန်လည်တည်ဆောက်ရန်အတွက် ရန်ပုံငွေ သစ်တစ်ရပ်ကို တောင်းခံခဲ့သည်ဟု ကုလသမဂ္ဂ အဆင့် ၂ အရာရှိ လိုက်ခ်ဂရန်ဒီက ဧပြီလအတွင်း ပြောကြားခဲ့သည်။

ယခုအခါ အိုင်အက်စ်အင်အားမှာ တဖြည်းဖြည်း လျော့နည်းလာလျက်ရှိနေသည်ကို တွေ့ရကြောင်း အမေရိကန်၏အကြမ်းဖက်သမားများ နှိမ်နင်းရေးအဖွဲ့မှ ပြုစုသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့အပြင် အိုင်အက်စ်အကြမ်းဖက်တိုက်ခိုက်ရေးသမားများ၏ အသွင်သဏ္ဌာန်မှာလည်း ဆက်လက်ခြိမ်းခြောက်မှုအားကောင်းနေဆဲဟု ထင်ရသော်လည်း အမှန်တကယ်တွင် အင်အားလျော့ကျလာလျက်ရှိနေသည်ဟု အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ ဂျိုးစ်အားနစ်က ပြောကြားခဲ့သည်။

ထို့အပြင် ယခင်က အီရတ်လုံခြုံရေးနေရာတွင် တာဝန်ယူထားသော အမေရိကန်တပ်ဖွဲ့များက ဆီးရီးယားတိုက်ခိုက်မှုတွင် ပါဝင်လာခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ အမေရိကန်တပ်ဖွဲ့ကိုဦးဆောင်သည့် မဟာမိတ်ညွှန့်ပေါင်းမြေပြင်တိုက်ခိုက်ရေးသမားများက ISIS (သို့မဟုတ်) ISIL အစ္စလာမ့်စစ်သွေးကြွတပ်ဖွဲ့များအပေါ် စဉ်ဆက်မပြတ်တိုက်ခိုက်မှုများ ပြုလုပ်နေသည်ကို မြင်တွေ့လာရသည်။ ၂၀၁၄ ခုနှစ်က အီရတ်နှင့် ဆီးရီးယားတို့တွင် အိုင်အက်စ်တိုက်ခိုက်ရေးသမားအရေအတွက်မှာ ခန့်မှန်းခြေ ၂၀၀၀၀ မှ ၃၀၀၀၀၀ အထိ ရှိခဲ့ရာမှ ယခုအခါတွင် ၁၉၀၀၀ မှ ၂၅၀၀၀ ခန့်သာ ကျန်ရှိတော့မည်ဟု မှတ်တမ်းများတွင် ဖော်ပြထားသည်။

ယခုကဲ့သို့ အစ္စလာမ့်စစ်သွေးကြွများဘက်မှ အင်အားလျော့နည်းလာရခြင်း၏ အဓိကအကြောင်းအရင်းများတွင် အိုင်အက်စ်တို့အနေဖြင့် စစ်မြေပြင်တွင် သေဆုံးခြင်း၊ တပ်ဖွဲ့မှ ထွက်ပြေးစွန့်ခွာကြခြင်း၊ တင်းကျပ်သော စည်းကမ်းများချမှတ်ခြင်း၊ တပ်သားသစ်စုဆောင်းမှုများ ကျဆင်းလာခြင်းတို့အပါအဝင် ဆီးရီးယားနိုင်ငံသို့ နိုင်ငံခြားသားများအများဆုံးပါဝင်သည့် တိုက်ခိုက်ရေးသမားများစွာတို့အတွက် ခရီးသွားလာရာတွင် ခက်ခဲ လာကြခြင်းတို့ကြောင့် ဖြစ်သည်ဟု အမျိုးသားလုံခြုံရေးကောင်စီမှ ပြောခွင့်ရအမျိုးသမီး Emily Horne က ပြောကြားထားသည်။

အာဖရိကမြောက်ပိုင်းရှိ ဂျီဟတ်အချို့မှာ ဆီးရီးယားသို့ ခရီးထွက်ခွာပြီး အစ္စလာမ့်နိုင်ငံတော်သို့ ပူးပေါင်းရမည့်အစား လစ်ဗျားတွင် ခေါင်းဆောင်အပြောင်းအလဲကြောင့် အစ္စလာမ့်တိုက်ခိုက်ရေးသမားများက မြေထဲပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ၎င်းတို့၏ ပိုင်နက်နယ်မြေများကို ဆက်လက်ချဲ့ထွင်လာခဲ့သည်ဟု တင်ပြထားသည်။ ထို့အပြင် အရှေ့အလယ်ပိုင်းနှင့် အာဖရိကမြောက်ပိုင်း၊ အာရှတိုက်တောင်ပိုင်းတို့တွင် အိုင်အက်စ်များထိုးဖောက်ဝင်ရောက်ဆဲဖြစ်သည်ဟု ဆိုထားသည်။



**ဂျော်ဂျီယာ၊ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်တို့ ပူးပေါင်းပြီး ၂၀၁၆ ခုနှစ် မေ ၁၁ ရက်က ဂျော်ဂျီယာနိုင်ငံ တဘီလီစီရှိ မက်ဇီယာနီအခြေစိုက်စခန်း၌ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်စဉ်။**
(ဆင်ဟွာ)

## စွမ်းအားမြင့်ကာကွယ်ရေး လက်နက်ပစ္စည်းများပြပွဲကျင်းပ

**နယူးယောက် မေ ၁၂**

အမေရိကန်ကာကွယ်ရေး သုတေသနအေဂျင်စီက ဖွံ့ဖြိုးတိုးတက်လာသည့် စစ်လက်နက်နည်းပညာများ ခင်းကျင်းပြသသည့် ပြပွဲတစ်ခုကို ကျင်းပခဲ့သည်။ ကာကွယ်ရေးသုတေသနလုပ်ငန်းများအေဂျင်စီက ဗုဒ္ဓဟူးနေ့တွင် ချီကာဂိုရှိ မီဒီယာများကိုဖိတ်ခေါ်၍ စွမ်းအားမြင့်ကာကွယ်ရေးပစ္စည်းများ နည်းပညာပြပွဲကို ပြုလုပ်ခဲ့သည်။

ပြပွဲတွင် အဓိကပြသထားသည့် ပစ္စည်းများမှတစ်ခုမှာ ပင်လယ်မုဆိုးဟု အမည်ပေးထားသော လူထိန်းသိမ်းရန်မလိုသည့် သင်္ဘောပင်ဖြစ်သည်။ အဆိုပါရေယာဉ်ကို ပင်လယ်ပြင်၌ လပေါင်းများစွာကြာအောင် လှည့်ကင်းဆောင်ရွက်နိုင်ရန် ဒီဇိုင်းဆွဲထုတ်လုပ်ထားခြင်း ဖြစ်သည်။

တယ်လီဖုန်းပြောနေစဉ် ကြားဖြတ်ဖမ်းယူနိုင်ပြီး ဖုန်းပြောသူ၏ ကိုယ်ရေးအချက်များကို ခွဲခြားပေးနိုင်ရုံသာမက ခြေရာခံပါ လိုက်နိုင်သော အသံမှတ်ယူနိုင်သည့်စနစ်ကိုလည်း ကာကွယ်ရေးဝန်ကြီးဌာန တွဲဖက်အဖွဲ့အစည်းတစ်ခုက ပြသထားသည်။

အဆိုပါ အေဂျင်စီသည် ပဋိပက္ခဖြစ်ပွားရာဒေသများ၌ စစ်သားများစေလွှတ်ရာတွင် တိတိကျကျဘာသာပြန်ဆိုပေးနိုင်သည့် ပစ္စည်းကိုလည်းပြသထားသည်။

အေဂျင်စီမှ သုတေသီများက ၎င်းတို့အဖွဲ့အစည်းသည် ပုဂ္ဂလိကကဏ္ဍ၌ ဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာများနှင့် ကာကွယ်ရေးဝန်ကြီးဌာန၏ လျှို့ဝှက်သော သတင်းအချက်အလက်များပေါင်းစပ်၍ ကာကွယ်ရေးပစ္စည်းများ၏ နည်းပညာစနစ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြောသည်။

**(အင်န်အိတ်ချ်ကေ)**



ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မေ ၁၁ ရက်က မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကြည်က မြို့နယ်အတွင်း မှုခင်းကျဆင်းရေး ရက် ၁၀၀ ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးလုပ်ငန်း ဆောင်ရွက်မှုကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်နှင့် ပြည်သူများအား ရှင်းလင်းပြောကြားစဉ်
(မြန်မာ့အလင်း)

# ရေအခက်အခဲဖြစ်ပေါ်လျက်ရှိသော နေရာဒေသများသို့ အလှူရှင်များက သောက်သုံးရေအဆက်မပြတ် လှူဒါန်း

**ဖရူဆို**

ကယားပြည်နယ်အတွင်း ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် လူမှုကူညီရေးအဖွဲ့များက အယ်နီညိုရာသီဥတုတွင် ရေများ ရှားပါးလျက်ရှိသော ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းလျက်ရှိရာ လွိုင်ကော်မြို့မှ ရွှေရတီအဖွဲ့သည် မေ ၁၀ ရက် နံနက် ၁၁ နာရီတွင် သောက်သုံးရေရှားပါးသည့် ဖရူဆိုမြို့နယ် မြို့မကျေးရွာအုပ်စု လောခုခူကျေးရွာ၌ သောက်ရေသန့်ပုံး ၂၅၀ သွားရောက်လှူဒါန်းကြောင်း သိရသည်။

အိမ်ခြေ ၉၀ ကျော်ရှိသည့် အဆိုပါကျေးရွာတွင် သောက်သုံးရေကို ရွာအပြင်ဘက် တစ်မိုင်ခန့်ရှိသော ရေတွင်းနှစ်တွင်းရှိရာသို့ သွားရောက်ခပ်သုံးနေရကြောင်း၊ တစ်ခါတစ်ရံဖရူဆိုမြို့ပေါ်အထိ ထော်လာဂျီနှင့် သွားခပ်နေရကြောင်း ဒေသခံဦးကျေးရယ်က ပြောသည်။

အယ်နီညို ရာသီဥတု၏ အပူချိန်မြင့်မားမှုကြောင့် ကျေးရွာများတွင် သောက်သုံးရေများ ရှားပါးလျက်ရှိရာ ရွှေရတီအဖွဲ့အနေဖြင့် ဒေသခံပြည်သူများ ဝမ်းပျက် ဝမ်းလျှောမှုများ မဖြစ်ပေါ်စေလို၍ သောက်သုံးရေများ လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ သောက်သုံးရေရှားပါးသည့် ကျေးရွာများကို ဆက်လက်လှူဒါန်းသွားရန် အစီအစဉ်ရှိကြောင်း လွိုင်ကော်မြို့ အဆိုပါအဖွဲ့မှ ဦးခင်မောင်ကျော်က ပြောသည်။

**ကိုစိုင်း (လွိုင်ကော်)**



**ပုလဲ** - စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နှင့် ၃၆ မိုင်ကွာဝေးသည့် ပုံတောင်ခြေ ရှိ အယ်နီညိုရာသီဥတု ဖောက်ပြန်မှုကြောင့် သောက်သုံးရေပြတ်လပ်လျက်ရှိသော ရေသာကျေးရွာနှင့် ဆည်ကြီးကျေးရွာနေ အိမ်ထောင်စုများအတွက် စုပေါင်းလှူငယ် ရေလှူအဖွဲ့(မုံရွာ)က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ရေဂါလန် ၁၀၀၀၀ ကို မေ ၁၀ ရက်က ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရေရှားပါးသည့် နေရာများသို့ သုံးရေနှင့် သောက်ရေသန့်များ လှူဒါန်းပေးလျက်ရှိ

**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် တပ်ဖွဲ့၏ရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ် (SERVICE ORIENTED POLICING) နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်အစိုးရသစ်က ချမှတ်ထားသည့် ရက် ၁၀၀ စီမံချက်ပါလုပ်ငန်းများကိုလည်း အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည့်အပြင် ယခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကမ္ဘာတစ်ဝန်း ပူနွေးလာပြီး မြန်မာနိုင်ငံဒေသအချို့၌ ရေရှားပါးမှုများဖြစ်ပေါ်ခဲ့၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့များက မိမိတို့ဒေသအတွင်းရှိ ရေရှားပါးမှုကြုံတွေ့နေသည့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေ/သောက်ရေသန့်များကို စဉ်ဆက်မပြတ် သွားရောက် လှူဒါန်းပေးလျက်ရှိရာ ၂၅-၄-၂၀၁၆ ရက်နေ့မှ ၁၁-၅-၂၀၁၆ ရက်နေ့အထိ ရေလှူဒါန်းမှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

**မြန်မာနိုင်ငံရဲတပ်ဖွဲ့က တိုင်းဒေသကြီး/ပြည်နယ်တို့တွင် ၂၅-၄-၂၀၁၆ ရက်နေ့မှ ၁၁-၅-၂၀၁၆ ရက်နေ့အထိ သောက်သုံးရေ/သောက်ရေသန့်များ သွားရောက်လှူဒါန်းမှု**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | လှူဒါန်းသည့် ရေဂါလန် | | ပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| | | သောက်သုံးရေ | သောက်ရေသန့် | | |
| ၁ | တနင်္သာရီ | ၃၀၈၅၀ | ၂၃၅၀ | ၃၃၂၀၀ | |
| ၂ | ပဲခူး | ၈၃၅၀ | - | ၈၃၅၀ | |
| ၃ | မကွေး | ၉၉၇၁၁ | ၂၇၀ | ၉၉၉၈၁ | |
| ၄ | မန္တလေး | ၁၃၀၁၀ | ၅၀၀ | ၁၃၅၁၀ | |
| ၅ | မွန် | ၈၆၇၂၅ | ၁၂၅၀ | ၈၇၉၇၅ | |
| ၆ | ရခိုင် | ၆၃၅၆ | - | ၆၃၅၆ | |
| ၇ | ရန်ကုန် | ၉၄၀၀ | ၆၂၅၀ | ၁၅၆၅၀ | |
| ၈ | ဧရာဝတီ | ၃၀၀၅၀ | ၅၇၉၀ | ၃၅၈၄၀ | |
| | စုစုပေါင်း | ၂၈၄၄၅၂ | ၁၆၄၁၀ | ၃၀၀၈၆၂ | |

# သဘာဝဘေးသင့်နေအိမ်များအတွက် ထောက်ပံ့ငွေများပေးအပ်

**ကျွန်းလှ မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဘာဝဘေးဒဏ်သင့်နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၁၁ ရက်က ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်နှင့်အဖွဲ့က ရေရှင်ကျေးရွာ၊ လိပ်ဆင်းတောင်ကျေးရွာနှင့် သရက်ပင်ကျေးရွာတို့မှ သဘာဝဘေးဒဏ်သင့်နေအိမ်များအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့သော အလှူငွေကျပ် ၇၁ ဒသမ ၄ သိန်းကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဧပြီလ ၂၁ ရက်နေ့မှ ၃၀ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | ကျော်လှိုင်ဦး | သိဒ္ဓိကျင့်စဉ်လုပ်ငန်းခွင် | ၄၀၀၀ | မိဘမေတ္တာ |
| ၂။ | သော်တာဆွေ | ဘိုးဘိုးပြောင်နှင့်ဟစ်တလုံး | ၂၀၀၀ | စိတ်ကူးချိုချို |
| ၃။ | အောင်စည်နေမျိုး | ဘူဆန်-ဆိုးလ်အနုပညာခရီးသည် | ၁၀၀၀၀ | ယဉ်မျိုး |
| ၄။ | စိန်ဇေယျာကို | ဘဝဇာတ်စုံဟာသပုံ | ၁၅၀၀ | ပိတောက်ရနံ့ |
| ၅။ | ခရမ်းပြာ | မေမေ့ဒိုင်ယာရီ | ၂၅၀၀ | မိတ်ဆွေများ |
| ၆။ | သားဦး-ရာမျိုး | နှစ်ရောင်စပ် | ၁၅၀၀ | မိတ်ဆွေများ |
| ၇။ | မင်းပုည | သခင်သန်းထွန်း(သို့)တောပုန်းကြီး | ၅၀၀ | ဖူးပွင့်ဝေ |
| ၈။ | ရန်နိုင် | အမ်-၁ အေဘရမ်တင့်နှင့်တီ-၇၂ယူရယ်တင့် | ၂၅၀၀ | ပြည့်စုံ |
| ၉။ | ဒိုဂျေဆန်း | လီကွမ်ယု၊ ဘဝတစ်သက်တာ ဘာသာစကားခရီးရှည် | ၄၃၀၀ | စိတ်ကူးချိုချို |
| ၁၀။ | ဦးလှမြင့် | ကင်ဆာနှင့်အစားအစာ | ၂၀၀၀ | မဇ္ဈိမ |
| ၁၁။ | မင်းခိုင် | စုရဲ့ဆု | ၄၀၀၀ | ဂန္ထဝင်သစ် |
| ၁၂။ | ဦးကြည်ရွှင် | လွယ်ကူလေ့လာရုပ်ပုံပြကလေးအဘိဓာန် | ၂၀၀၀ | မဇ္ဈိမ |
| ၁၃။ | သိန်းစိန်ထွန်း | စီးဆင်းနေသောဧရာဝတီနှင့်ဝတ္ထုတို | ၂၈၀၀ | မြဝတီ |
| ၁၄။ | လင်္ကာရည်ကျော် | နှင်းဆွတ်ရေ | ၂၅၀၀ | နန်းဒေဝီ |
| ၁၅။ | သိန်းဟန်-၁ | Marketing Effectively ထိရောက်စွာ ဈေးကွက်တင်ရောင်းချခြင်း | ၄၅၀၀ | သိန်းဟန်(၁)စာပေ |
| ၁၆။ | ဦးသန်းမောင် | ဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာဥပဒေဆောင်းပါးများ | ၅၀၀၀ | Wisdom House |
| ၁၇။ | မောင်မင်းနိုင် | မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းဝင် မှတ်ဆလင်များ | ၂၅၀၀ | ခေတ်သစ် |
| ၁၈။ | အရှင်ဉာဏိန္ဒ | ဗုဒ္ဓဘုရားရှင်၏ ပရိတ်တော်(၃၆)သုတ် | ၂၀၀၀ | စိုးစံ |
| ၁၉။ | ကျော်မောင် | ထေရဝါဒသံဃာ့ဂုဏ်ရည် | ၁၅၀၀ | သစ္စာအလင်း |
| ၂၀။ | သင့်လူ | စူး | ၂၅၀၀ | နှစ်ကာလများ |
| ၂၁။ | မေဇော် | မေဇော့်ပင်လယ်နှင့်ရသအက်ဆေးများ | ၂၅၀၀ | နှစ်ကာလများ |
| ၂၂။ | ရာပြည့် | မန္တလေးသို့အပြန် | ၆၀၀၀ | ငါတို့စာပေ |
| ၂၃။ | ကလောင်စုံ | သုံးနှစ်ပြည့်စံတော်ချိန်နေ့စဉ်စာပဒေသာပေါင်းချုပ် | ၅၀၀၀ | စံတော်ချိန် |
| ၂၄။ | ခိုင်မြဲကျော်စွာ | ရေငုပ်သဘော်ာ | ၁၅၀၀ | နှင်းဆီဖြူ |
| ၂၅။ | ကိုသိန်း | လူတိုင်းမိမိတို့အခွင့်အရေးလိုချင်မှသည် နိုင်ငံရေးဖြစ်သည် | ၁၀၀၀ | မြန်မာ့ခေတ် |
| ၂၆။ | နေခြည်ဇေယျ | အင်အားဖြည့်လုံးချင်းကောက်အင်္ဂလိပ်စကားလုံးများ | ၁၅၀၀ | ဦးကျော်ဇေယျ |
| ၂၇။ | ဦးခန့်ကျော် | ဆေးဖက်လည်ဝင်း စားလို့လည်းကောင်း လျှာလည်သွားမယ့် အသုပ်စုံကောင်းကောင်း | ၁၀၀၀ | ခန့်ကျော် |
| ၂၈။ | မင်းသိမ် | ဆားပုလင်းနှင်းမောင်နှင့်ခေါင်းမြီးခြုံလုံပါပေ့ | ၂၅၀၀ | ဘုမ္မာဝတီ |
| ၂၉။ | စေတ | ထူးဆန်းသောစာကြည့်တိုက် | ၁၅၀၀ | နှင်းဆီဖြူ |
| ၃၀။ | တည်တံ့ | တစ်ကိုယ်ရေစာ နာဖျားမှု | ၂၅၀၀ | နှင်းဆီဖြူ |
| ၃၁။ | ကလောင်စုံ | လမ်း(၄) | ၄၀၀၀ | ကျော်မွှေး |
| ၃၂။ | ကလောင်စုံ | ကဗျာ(၆၀) | ၁၅၀၀ | ကျော်မွှေး |
| ၃၃။ | ဒေါက်တာကျော်စိန် | စိတ်ပညာရှင်တို့၏ ကိုယ်ရည်ကိုယ်သွေး စစ်ဆေးလွှာများ | ၁၃၀၀ | Wisdom House |
| ၃၄။ | ကောင်းပြည့်စုံ | ကျော်ကြားထင်ရှားမြန်မာ့သာသနာ့ သမိုင်းဝင်ဆရာတော်ကြီးများ | ၆၀၀၀ | စိတ်ကူးချိုချို |
| ၃၅။ | စိန်စိန်ဦး | စင်တီမီတာညှပ်နည်း၊ ချုပ်နည်း | ၃၀၀၀ | စိန်စိန်ဦး |
| ၃၆။ | မခိုင်ဝါ | လူငယ်များအတွက် လောကဓမ္မထဲမှ အတွေးများ | ၁၀၀၀ | မနောဖြူ |
| ၃၇။ | သျှင်ဇဝန | ပရဟိတအမြုတေ | ၁၅၀၀ | ပဋ္ဌာဂံ |
| ၃၈။ | မင်းလှအောင်ကြီး | လူတိုင်းအတွက် မြတ်ပဋ္ဌာန်းဒေသနာတော် | ၃၅၀၀ | ကောင်းသန့် |
| ၃၉။ | သိန်းထက်အောင် | အာဏာနိုင်ငံရေးမှသည် မေတ္တာနိုင်ငံရေးသို့ | ၂၅၀၀ | ကောင်းသန့် |
| ၄၀။ | မောင်မောင်ညို | အရေပြားတစ်ထောက် ပတ္တမြားငမောက် | ၃၀၀၀ | ဂုဏ်ထူး |
| ၄၁။ | မောင်ရင် | ဘိန်းဘုရင်ခွန်ဆာကိုခြေရာခံခြင်း | ၃၀၀၀ | အိပ်မက်သစ် |
| ၄၂။ | စိုးရာဇာထွန်း | ၅ နှစ်တာသတင်းလွတ်လပ်ခွင့် ဒိုင်ယာရီ | ၁၅၀၀ | ဂျာနယ်လစ် |
| ၄၃။ | ဆင်ဖြူကျွန်းအောင်သိန်း | မေတ္တာသုတ်တစ်စောင်လုံးပုဒ်မပါကျုံး၍ | ၅၀၀၀ | စိတ်ကူးချိုချို |
| ၄၄။ | ဉာဏ်ကြွယ် | Format အမျိုးမျိုးပြောင်းလဲအသုံးပြုနည်းနှင့် Windows မှ အခွေကူးယူနည်းစနစ်များ | ၃၀၀၀ | မနောဖြူစာပေ |
| ၄၅။ | ဒဂုံရွှေမျှား | ကမ္ဘာမြေအောက်ခရီး | ၂၀၀၀ | Quality |
| ၄၆။ | ဒဂုံရွှေမျှား | အဏ္ဏဝါရေအောက်ခရီး | ၂၀၀၀ | Quality |
| ၄၇။ | ဒဂုံရွှေမျှား | သုံးဖော်ညီနောင် | ၂၀၀၀ | Quality |
| ၄၈။ | မောင်ခိုင်လတ် | ဝေဖန်ရေးဆရာ မဝင်ရ | ၂၅၀၀ | လင်းလွန်းခင် |
| ၄၉။ | မောင်ဒေး | နိုင်ငံတကာကဗျာ ၁၀၀ | ၁၅၀၀ | နှစ်ကာလ |
| ၅၀။ | ကိုနေ(မန်း) | ဒေးလ်ကာနယ်ဂျီရဲ့ထိရောက်ထက်မြက်တဲ့ စကားပြောနည်း | ၄၀၀၀ | ကိုနေမန်းစာပေ |
| ၅၁။ | ကိုနေ(မန်း) | အပြုသဘောခေါင်းဆောင်မှုနှင့် အသင်းအဖွဲ့ကို ကိုယ်တိုင်ပြင်ဆင်လေ့ကျင့်ပေးခြင်း | ၃၅၀၀ | ကိုနေမန်းစာပေ |

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေထုတ်ဝေဖြန့်ချိရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ကြေးမုံနှင့်မြန်မာ့အလင်း သတင်းစာတို့တွင် အပတ်စဉ်သောကြာနေ့တိုင်း အသစ်ထွက်ရှိသည့် စာအုပ်စာရင်းများအား ထည့်သွင်းဖော်ပြပေးနေပါသည်။ ဤစာအုပ်စာရင်းများကို စာပေလောက(၂)၊ စာပေနန်းတော်၊ အင်းဝစာအုပ်ဆိုင်များမှ အချက်အလက်များ စုဆောင်းပြီး နေ့အလိုက်ဖော်ပြပေးခြင်းဖြစ်ပါသည်။ ပိုမိုတိကျစွာ ထည့်သွင်းဖော်ပြပေးစေလိုပါက မိမိတို့ထုတ်ဝေထားသော အသစ်ထွက်ရှိသော စာအုပ်တစ်အုပ်အား မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ ရုံးအဖွဲ့မှူး၊ အမှတ်-၂၆၃ ၊ သိမ်ဖြူလမ်း၊ အမျိုးသား YMCA အဆောက်အအုံ၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၃၀၀၀ ၂၃၁၁ သို့ ဆက်သွယ်ပေးပို့ထည့်သွင်းနိုင်ပါသည်။

# ပတ္တမြားစက်မှုဇုန်ရှိ သစ်အချောထည်စက်ရုံမှ ဆန္ဒဖော်ထုတ်လျက်ရှိနေကြသည့် အလုပ်သမားများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်မည်

နေပြည်တော် မေ ၁၂

**စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ သစ်အချောထည်စက်ရုံမှ ဆန္ဒဖော်ထုတ်လျက်ရှိနေကြသည့် အလုပ်သမားများနှင့် စပ်လျဉ်း၍ မေ ၁၃ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်မည်ဖြစ်သည်။**

"မေ ၁၃ ရက်မှာ လုပ်မယ့် သတင်းစာရှင်းလင်းပွဲမှာ အလုပ်သမားတွေရဲ့ တောင်းဆိုမှုတွေနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုပြဿနာဖြေရှင်းခြင်း ဥပဒေနဲ့အညီ မြို့နယ်ဦးစီးအရာရှိအဆင့်ကနေ ပြည်ထောင်စုဝန်ကြီးအဆင့်အထိ အလုပ်သမားအကျိုးကို ရှေးရှုဆောင်ရွက်ခဲ့တယ်ဆိုတာတွေ၊ တရားဥပဒေနဲ့အညီ အလုပ်သမား အကျိုးစီးပွားအတွက် ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေတယ်ဆိုတာတွေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးအဆင့်ကစလို့ ဒီအရေးကိစ္စကို ထဲထဲဝင်ဝင်ဆောင်ရွက်ပေးနေတယ်ဆိုတာတွေနဲ့ ခုံသမာဓိကောင်စီရဲ့ဆုံးဖြတ်ချက်ကျပေမယ့် အလုပ်သမားတွေအတွက်၊ အလုပ်သမားအကျိုးအတွက် အလုပ်သမားတွေရဲ့ တင်ပြချက်တွေကို ဥပဒေနဲ့အညီ ဆောင်ရွက်ပေးနေတယ်ဆိုတာကို အများပြည်သူသိရှိအောင် ရှင်းလင်းသွားမှာဖြစ်တယ်" ဟု အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်က ပြောသည်။

ဆန္ဒဖော်ထုတ်တောင်းဆိုလျက်ရှိသည့် အလုပ်သမားများသည် မေ ၁၂ ရက် ညနေပိုင်းတွင် မိတ္ထီလာမြို့ ဈေးတန်းအရှေ့ပြင်ရပ်ကွက်၌ အခြေပြုလျက်ရှိကြောင်း သိရသည်။

"အလုပ်သမားဝန်ကြီးဌာနအနေနဲ့ ဥပဒေနဲ့အညီ ဆောင်ရွက်ပေးခဲ့ရုံသာမက အလုပ်ရှင်နဲ့အလုပ်သမား နှစ်ဦးနှစ်ဖက် ပြေလည်နိုင်ဖို့ နေပြည်တော်မှာရှိတဲ့ ဝန်ကြီးဌာနအထိ ခေါ်ယူဖြေရှင်းပေးခဲ့တယ်။ ခုံသမာဓိကောင်စီအဆင့်အထိ ဖြေရှင်းနိုင်ဖို့လည်း ဆောင်ရွက်ပေးခဲ့တယ်။ ခုံသမာဓိကောင်စီရဲ့ဆုံးဖြတ်ချက်ကျပြီးရင် အလုပ်ရှင်ပဲဖြစ်ဖြစ်၊ အလုပ်သမားပဲဖြစ်ဖြစ် မိမိတို့ရဲ့ မကျေနပ်ချက်တွေကို တရားလွှတ်တော်ချုပ်ရုံးမှာ စာချွန်တော်တက်ခွင့်ရှိတယ်။ ဒါပြီးရင် မရှင်းလင်းတဲ့အချက်တွေကို ခုံသမာဓိကောင်စီမှာ ခုနစ်ရက်အတွင်း မေးခွင့်ရှိပါတယ်" ဟု ဦးဝင်းရှိန်က ဆိုသည်။

ခုံသမာဓိကောင်စီနှင့်ပတ်သက်၍လည်း ၎င်းက ဆက်လက်ရှင်းပြသည်။ "ခုံသမာဓိကောင်စီမှာ အဖွဲ့ဝင် ၁၅ ဦးပါတယ်။ အဲဒီကမှတစ်ဆင့် ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်နှစ်ဦးပါတဲ့ ခုံရုံးအဖွဲ့နဲ့ အလုပ်သမားရေးရာတွေကို ဖြေရှင်းဆောင်ရွက်တာဖြစ်တယ်။ ခုံသမာဓိကောင်စီရဲ့ ဆုံးဖြတ်ချက်ကို ကျွန်တော်တို့ဝန်ကြီးဌာနက ပြင်ဆင်လို့မရဘူး။ ပယ်ဖျက်လို့မရဘူး။ လူမှုရေးအရ တွေ့ဆုံညှိနှိုင်းပေးခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ စက်ရုံပြင်ပမှာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်တာကို မလိုလားပါဘူး။ စက်ရုံအတွင်းမှာပဲ ဥပဒေနဲ့အညီ ဖြေရှင်းတာကိုပဲ လိုလားပါတယ်။ အခုကိစ္စက ခုံသမာဓိကောင်စီရဲ့ဆုံးဖြတ်ချက်ကျပြီးတာတောင်မှ ဆန္ဒဖော်ထုတ်တောင်းဆိုတာကို ဆက်လက်လုပ်ဆောင်နေတာဖြစ်တယ်။ စက်ရုံအတွင်းမှာ ဖြစ်ပွားတဲ့ ကိစ္စရပ်တွေဆိုရင် ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ တာဝန်ဖြစ်တယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ဆန္ဒဖော်ထုတ်တောင်းဆိုမှုများနှင့်ပတ်သက်၍ နိုင်ငံတကာ အလုပ်သမား အဖွဲ့ချုပ်ကလည်း စားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေးဖြေရှင်းသည့် ကျင့်စဉ်ကို အသိပညာပေး ဆက်လက်ဆောင်ရွက်သွားရန် အကြံပြုခဲ့ကြောင်းလည်း သိရသည်။

**မင်းမင်းဇော်(ကလေး)**



**ဦးဝင်းရှိန် (ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန)**

# ပတ္တမြားစက်မှုဇုန်မှ ဆန္ဒဖော်ထုတ်အလုပ်သမားများ မိတ္ထီလာမြို့နယ်သို့ ဝင်ရောက်လာ

**မိတ္ထီလာ မေ ၁၂**

စစ်ကိုင်းမြို့ပတ္တမြားစက်မှုဇုန်မှ Myanmar Veneer and Plywood Private သစ်အချောထည်စက်ရုံမှ ဆန္ဒပြအလုပ်သမားများသည် မေ ၁၂ ရက် နံနက် ၅ နာရီက ဝမ်းတွင်းမြို့နယ်မှတစ်ဆင့် နံနက် ၁၀ နာရီခွဲတွင် မိတ္ထီလာမြို့နယ် ညောင်ကန်ကျေးရွာ လမ်းဆုံးအနီးသို့ ရောက်ရှိကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သည့် အဖွဲ့ခေါင်းဆောင် ကိုခိုင်မင်းက "ကျွန်တော်တို့ ဆန္ဒဖော်ထုတ်ရတဲ့ အကြောင်းအရင်းက အလုပ်သမားသမဂ္ဂကို ဖြိုခွဲတဲ့ အလုပ်ရှင်အား တရားစွဲဆို အရေးယူဆောင်ရွက်ပေးဖို့၊ အလုပ်ဖြုတ်ခံရတဲ့အလုပ်သမားတွေကို အလုပ်ပြန်ခန့်ပေးဖို့၊ ကြားကာလအတွက် အလုပ်သမားတွေအတွက် နစ်နာကြေးပေးဖို့၊ နောက်တစ်ချက်က အခုလို လမ်းလျှောက် ဆန္ဒဖော်ထုတ်တာနဲ့ ပတ်သက်ပြီးတော့ အရေးယူဆောင်ရွက်ခြင်းမရှိဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းက စထွက်တော့ စုစုပေါင်း ၁၂၆ ဦးပါ။ အခု ဆက်လက်ဆန္ဒဖော်ထုတ်နေတာ ၈၆ ဦးပါ။ အမျိုးသမီး ၄၂ ဦး၊ အမျိုးသား ၄၄ ဦးပါ။ ဝမ်းတွင်းမှာရှိစဉ်တုန်းက ကျွန်တော်တို့ အလုပ်သမားအဖွဲ့ ကိုယ်စားလှယ်တွေကို နေပြည်တော်ကို ခေါ်ပြီးတော့ တာဝန်ရှိသူတွေက ညှိနှိုင်းတိုင်ပင်ပါတယ်။ မေ ၆ ရက်ကပါ။ သူတို့က ညှိနှိုင်းဆောင်ရွက်ပေးပါမယ်၊ အချိန် ငါးရက်ပေးပါဆိုလို့ ကျွန်တော်တို့အဖွဲ့ ဆန္ဒဖော်ထုတ်တာကို ရပ်နားခဲ့တယ်။ မေ ၁၁ ရက် ညနေ ၆ နာရီမှာ သူတို့သတ်မှတ်တဲ့ ရက်ကာလရောက်ပေမယ့် တရားဝင် လာရောက်ဖြေရှင်းဆောင်ရွက်ပေးတာမျိုး မရှိဘူး။ စစ်ကိုင်းတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးနဲ့ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဌေးဝင်းတို့ လာရောက်ပြီး ဆောင်ရွက်ပေးမယ့်စာကို လာဖတ်ပြသွားပါတယ်။ တရားဝင် အကြောင်းကြားတာမျိုးမဟုတ်ပါဘူး။ အလုပ်သမား ၆၀ ပြန်ခန့်ပေးမယ်။ ဟုမ္မလင်း၊ တမူး၊ ကလေး၊ ကော့သောင်းဒေသတွေမှာ အလုပ်ပြန်ခန့်ပေးမှာဖြစ်ကြောင်းကို လာဖတ်ပြသွားတယ်။ ကျွန်တော်တို့ လိုချင်တဲ့ အချက်အလက်တွေလည်း မဟုတ်ဘူး။ ဒါကြောင့် ကျွန်တော်တို့ ဆက်လက်ချီတက် ဆန္ဒဖော်ထုတ်တာဖြစ်ပါတယ်" ဟု ပြောသည်။



လမ်းလျှောက်ဆန္ဒထုတ်ဖော်ကြသည့် ပတ္တမြားစက်မှုဇုန်မှ အလုပ်သမားများ မိတ္ထီလာမြို့နယ်သို့ ရောက်ရှိလာစဉ်

မိတ္ထီလာမြို့နယ်အတွင်း ဝင်ရောက်သည့်အချိန်တွင် ဒေသအာဏာပိုင်များ၏ ဟန့်တားနှောင့်ယှက်မှုများနှင့် ကြုံတွေ့ရကြောင်း၊ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခြင်းမှာ တရားဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း ပြောကြားကြောင်း၊ ရှေ့လျှောက်ပါက တရားစွဲဆိုအရေးယူမှုခံရမည်ဖြစ်ကြောင်း လာရောက်ပြောဆိုခြိမ်းခြောက်မှုများရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

စစ်ကိုင်းမြို့မှ ဆန္ဒဖော်ထုတ်လမ်းလျှောက်သည့် အလုပ်သမားများအား မိတ္ထီလာမြို့နယ်အတွင်း ဝင်ရောက်ချိန်တွင် ဟန့်တားနှောင့်ယှက်မှုများရှိ မရှိ မေးမြန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်က "ကျွန်တော်တို့အနေနဲ့ ဟန့်တားနှောင့်ယှက်တာမျိုး မရှိပါဘူး။ အခု လမ်းလျှောက်ဆန္ဒဖော်ထုတ်တဲ့ အကြောင်းအရင်းကို ဂဃနဏ သိဖို့ မေးမြန်းတာမျိုး၊ အခုလို စီတန်းလမ်းလျှောက်တာ တရားဥပဒေနဲ့ ညီညွတ်မှုမရှိကြောင်း ပြောကြားတာမျိုးပဲရှိပါတယ်။ တကယ် ဟန့်တားနှောင့်ယှက်တာမျိုး ပြုလုပ်မယ်ဆို ဆန္ဒဖော်ထုတ်တဲ့ အလုပ်သမားတွေအနေနဲ့ အခုလို ဆက်လက်လမ်းလျှောက်ဆန္ဒဖော်ထုတ်နေရတဲ့အခွင့်အလမ်းလည်း ရှိမှာ မဟုတ်ပါဘူး" ဟု ပြောကြားသည်။

စစ်ကိုင်းမြို့မှ ဆန္ဒဖော်ထုတ်လမ်းလျှောက်ချီတက်ကြသည့် အလုပ်သမားများအနေဖြင့် ရောက်သည့်နေရာတွင် ချက်ပြုတ်စားသောက် အနားယူပြီး လမ်းလျှောက် ဆန္ဒဖော်ထုတ်မှုများကို ဆက်လက်ပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

**Vacancy Announcement –UNDP HR/2015**

**Title:** **Local Security Assistant** Grade: **GS-6 (UNDSS)**
**Duty Station: Yangon**
**Responsible:** Under the overall guidance and supervision of the Security Adviser (SA) or Deputy Security Adviser (DSA), the Local Security Assistant assists in the implementation of security operations and all matters relating to the management of safety and security for UN personnel in the country or in the region of assignment.
**Qualifications and experience:** High School education is required to perform the duties of the post. At least 6 Years' experience in the area of safety or security, law enforcement, or related area such as security information or safety administration is required. Proficiency in Myanmar and English languages (both oral and written).
**Application dead line: 18 May 2016, Please apply follow online;**
https://jobs.partneragencies.net/erecruitjobs.html?JobOpeningId=3792

U N D P

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မောင်ပြည့်ဖြိုးဝင်း ၁၂/ဒလန(နိုင်)၀၄၉၃၈၆ ၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၄၃၄၁၁၂၂**

**သမီးအဖြစ်မှအမွေဖြတ်စွန့်လွှတ်ခြင်း**

မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ မာဃလမ်းနေ ဦးမျိုးနွယ်-ဒေါ်ကျော့ကျော့ထွန်း တို့၏သမီး မစုကြည်မျိုးနွယ် ၅/မရန(နိုင်)၂၅၅၇၀၉ သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် ၁-၅-၂၀၁၆ ရက်က နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**(မိဘများ)**
**ဦးမျိုးနွယ်-ဒေါ်ကျော့ကျော့ထွန်း**



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၄/ခ)+(၅/က)၊ အလျားပေ၂၀×အနံပေ၆၀ရှိ နှစ် ၆၀ ဂရန်မြေကွက်နှစ်ကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်ကျင် ၁၂/ကမတ(နိုင်)၀၄၂၀၂၁အမည်ဖြင့် မှတ်သားတည်ရှိနေပါသည်။ ဖခင်ဦးအောင်ကျင်နှင့် မိခင် ဒေါ်အေးလှိုင်တို့မှာ ကွယ်လွန်သွားကြ၍ သားသမီးများဖြစ်သူ ဦးကျင်ဦး ၁၂/ကမတ(နိုင်)၀၄၁၈၆၁၊ ဒေါ်တင်တင်မြ ၁၂/ကမတ(နိုင်)၁၄၃၄၈၅၊ ဦးကျင်ပြုံး ၁၂/ကမတ(နိုင်)၀၄၃၆၅၄၊ ဦးအောင်ထူး ၁၂/ကမတ(နိုင်)၀၄၁၂၉၈၊ ဒေါ်အုံးအုံးစိုး ၁၂/ဒဂတ(နိုင်)၀၀၂၈၄၃ တို့မှ ယင်းမြေကွက်နှစ်ကွက်ကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဆက်လက်ပိုင်ဆိုင်ကြပါသည်။ အဆိုပါ မြေကွက် (၂)ကွက်ကို တရားဝင်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ငါးဦးထံမှ ဦးစိုးနိုင် ၁၃/ကမန(နိုင်)၀၀၃၁၂၂-ဒေါ်မြမြဝင်း ၁၃/ကမန(နိုင်)၀၀၃၁၂၃ တို့က ဝယ်ယူရန် အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါမြေကွက်နှစ်ကွက်နှင့်ပတ်သက်သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက် ၅၊ အခန်း ၀၀၈၊ အေးရိပ်မွန် ၉လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀၊ ၀၉-၉၆၅၁၈၁၈၂၀**

**အများသိစေရန်ကြေညာချက်**

Sheng Wei (SW) Company Limited အား အစုရှယ်ယာတစ်စုလျှင် ၁၀၀၀၀ဝိ/ -နှုန်းဖြင့်(၃)ဦးပေါင်း အစုရှယ်ယာ(၅၀၀)ထည့်ဝင်လျက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၉၀၉(၂၀၁၄-၂၀၁၅)ဖြင့် ၂၃-၅-၂၀၁၄ရက်တွင် မှတ်ပုံတင်သွင်း၍ လုပ်ကိုင်ခဲ့ကြသည့် အစုရှယ်ယာရှင်ဒါရိုက်တာ(၃)ဦးက ကုမ္ပဏီနှင့်တကွ အစုရှယ်ယာများအားလုံးအပြင် ကုမ္ပဏီမှ လုပ်ကိုင်လျက်ရှိသည့် Give ရေသန့်လုပ်ငန်းအပါအဝင် လုပ်ငန်းသုံးစက်ပစ္စည်းများအားလုံးကို ကုမ္ပဏီ၏အစည်းအဝေးဆုံးဖြတ်ချက်အရ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသည်ကို ကျွန်ုပ်၏မိတ်ဆွေမှ ကျေနပ်သဘောတူညီသည့်အလျောက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများအနေဖြင့် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြေညာချက်သတင်းစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်တင်ပြကန့်ကွက်နိုင်ကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးမင်းဆွေ BA,R.L**
**တရားလွှတ်တော်ရှေ့နေ(၂၀၂၁/၈၁)**
**ဦးခင်မောင်လွင်(၄၀၀၂၇)၊ ဒေါ်နှင်းဝေအောင်(၃၃၄၀၇)၊ ဒေါ်ဇင်မာလှိုင်(၁၀၉၀၂)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၈၃)၊ အခန်း ၁၄(A) ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်**
**ဖုန်း-၀၉-၅၁၉၆၃၇၈၊ ၀၉-၇၉၅၁၉၆၃၇၈**

## ထင်သာမြင်သာပြုပြင်စရာ

### လူသွားပလက်ဖောင်းလမ်းအတက်အဆင်းပြုပြင်ပေးစေလို

ရန်ကုန်မြို့တွင်းကားလမ်းများ၌ လမ်းဘေးယာဉ်ရပ်နားရန်နေရာများပြုလုပ်ခဲ့ရာ လူသွားပလက်ဖောင်းအချို့ ပြင်ဆင်ပြုလုပ်ခြင်းများရှိခဲ့သည်။ လူသွားပလက်ဖောင်းများကို ပြုလုပ်ခဲ့ရာတွင် မသန်စွမ်းသူများအတွက်ပါ အဆင်ပြေသွားလာနိုင်ရန်အတက်အဆင်းများတွင် ဆင်ခြေလျှောအနေအထားပြုလုပ်ပေးခဲ့သည်။ သို့ဖြစ်ရာနေရာအချို့တွင်စက်ဘီးများ၊ ဆိုက်ကားယာဉ်အချို့ပါပလက်ဖောင်းလမ်းအချို့တွင် အသုံးပြုမှုများရှိနေဆဲဖြစ်သည်။

ရန်ကုန်မြို့လယ်ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းဆုံရှိ ၄၄ လမ်းဘက်သို့သွားရောက်နိုင်သည့် လမ်း၏ သိမ်ဖြူလမ်းထောင့်အတက်အဆင်းနေရာတွင် မြောင်းဖုံးကျောက်ပြားများ ထပ်ကာထားသည်။ ယင်းနေရာသို့ ရောက်ရှိတိုင်းဖြတ်သန်းသူများ မြင်တွေ့ရသည့် အတိုင်းသတိထားသွားလာနေရသည်ကို မြင်တွေ့နေရဆဲဖြစ်သည်။ **(အောက်ပုံ)**

ရန်ကုန်မြို့လယ်ရှိသွားလာမှုများပြားသောနေရာမျိုး၌ လူသွားပလက်ဖောင်းအတက်အဆင်း နေရာအချို့တွင် လမ်းသွားလမ်းလာများအဆင်ပြေစွာ သွားလာနိုင်ရေးပြုပြင်ပေးစေလိုသည်ဟု ယင်းနေရာဝန်းကျင်သို့ ဖြတ်သန်းသွားလာနေရသူများက ပြောသည်။

**ခင်ဆိုင်**



## အသျှင်စန္ဒြမဏိမထေရ်မြတ်၏ ခန်းမဆောင်အုတ်မြစ်စီမံဂလာ စစ်တွေတွင်ပြုလုပ်

**စစ်တွေ မေ ၁၂**



ရခိုင်အမျိုးသား ကမ္ဘာ့ဗုဒ္ဓသာသနာ အာဇာနည် အသျှင်စန္ဒြမဏိမထေရ်မြတ်၏ ခန်းမဆောင်တည်ဆောက်ရေး အုတ်မြစ်စီမံဂလာအခမ်းအနားကို မေ ၉ ရက် နံနက် ၈နာရီမိနစ် ၂၀ က စစ်တွေမြို့ လေယာဉ်ကွင်းလမ်းဘေးရှိ အဆိုပါ ဆရာတော်ကြီး၏ သာသနာ့ဗိမာန်တော်နှင့် ခန်းမဆောင် တည်ဆောက်ရာနေရာ၌ ပြုလုပ်ခဲ့သည်။ ဆရာတော်သည် ရခိုင်နောက်ဆုံးဘုရင် မဟာသမ္မတရာဇာ၏ တီတော်ကြီးဖြစ်ပြီး ၁၈၇၅ ခု မေ ၂၅ ရက်တွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ပေါက်ပင်ကွင်းရွာ၌ ခမည်းတော် ဦးကျော်အောင်၊ မယ်တော် ဒေါ်မိဝင်းယေတို့က မွေးဖွားတော်မူပြီး ငယ်မည်မှာ ပန်းသာဦးဖြစ်၍ ၁၉၇၂ ခုနှစ် မေ ၈ ရက်တွင် ပျံလွန် တော်မူခဲ့ကြောင်း သိရသည်။

"အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော်တို့တွေ ဆရာတော်ကို ထုတ်ဖော်ပူဇော်ခွင့်မရရှိခဲ့ပါဘူး။ ခုပွင့်လင်းမြင်သာတဲ့ခေတ်မှာ ထုတ်ဖော်ပူဇော်ခွင့်ရလာတော့ ရခိုင်ပြည်မှာရှိတဲ့ ရခိုင်လူမျိုးတွေ၊ အဝေးရောက်နေတဲ့ရခိုင်လူမျိုးတွေနဲ့ စေတနာရှင်တွေရဲ့ စုပေါင်းအလှူငွေတွေနဲ့ ဆရာတော်ကြီးရဲ့ သာသနာ့ဗိမာန်တော်နဲ့ ခန်းမဆောင်ကြီးကို ဆောက်လုပ်ပြီး ပူဇော်ကြခြင်းဖြစ်ပါတယ်"ဟု ကော်မတီဥက္ကဋ္ဌ ဦးရွှေမောင်က ပြောသည်။

ဆရာတော်သည် ကုသိနာရုံတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများနှင့် စန္ဒြမဏိ ကောလိပ်ကိုလည်းကောင်း၊ အခမဲ့ဆေးပေးခန်းများကိုလည်းကောင်း တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့၌ကျင်းပသော ဆဋ္ဌသင်္ဂါယနာတင်ပွဲနှင့် ၁၉၅၅ခုနှစ် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့၌ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာညီလာခံသို့ တက်ရောက်ခဲ့သည်။ ဆရာတော်၏ ကမ္ဘာကျော်စွမ်းဆောင်မှု တစ်ခုမှာ ၁၉၅၆ ခုနှစ် အောက်တိုဘာ ၁၄ ရက် အိန္ဒိယဗဟိုတရားရေးဝန်ကြီး ဒေါက်တာအမ္ဗေဒကာ ဦးဆောင်သည့် အိန္ဒိယနိုင်ငံသား ခြောက်သိန်းကျော်ကို ဗုဒ္ဓဘာသာအဖြစ်သို့ ကူးပြောင်းအောင် ဆောင်ရွက်ပေးခဲ့သည်။ ဆရာတော်သည် အိန္ဒိယနှင့် နီပေါနိုင်ငံတို့၌ ရာစုနှစ်များစွာ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ဗုဒ္ဓသာသနာတော်ကို ပြန်လည်ရှင်သန်လာအောင်ကြိုးစားခဲ့သည်။ စစ်တွေမြို့ လေယာဉ်ကွင်းလမ်းဘေးရှိ မြို့အဝင် အချက်အချာကျသောနေရာရှိ မြေနှစ်ဧကပေါ်၌ ဆရာတော်ကြီး၏ ဗိမာန်နှင့်ခန်းမဆောင်ကို တည်ဆောက် ပူဇော်မည်ဖြစ်ပြီး ဆရာတော်ကြီး၏ ရုပ်တုတော်နှင့် သာသနာတော်အကျိုး ဆောင်ရွက်မှုများကို ဖော်ပြပေးထားမည်ဖြစ်ရာ ဗိမာန်တော်အား ၂၀၁၆ ခုနှစ် ဧပြီ ၃ ရက်က အုတ်မြစ်စီမံဂလာ ပြုလုပ်တော်မူပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-လေးဝတီထွန်းစောခိုင်**

**ဓာတ်ပုံ-ဖရုံကာသား**



## တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေသော မြန်မာထွက်သရက်သီးများ ဈေးကောင်း

**မူဆယ် မေ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့ တောင်ပေါ်ဒေသမိုင်းယု(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် မေလဒုတိယအပတ်အတွင်း မြန်မာပြည်အနယ်နယ်အရပ်ရပ်က တင်ပို့ရောင်းချလျက်ရှိသော မြန်မာထွက်သရက်သီးများကို တရုတ်ဘက်က ဈေးကောင်းပေးဝယ်ကြောင်း သိရသည်။

တရုတ်-မြန်မာအသီးရောင်းဝယ်ရေးကို (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် အရှေ့မြောက်တခါးသစ်သီးကုမ္ပဏီပွဲရုံနှင့် မြန်မာတံခွန်သစ်သီးကုမ္ပဏီပွဲရုံများ၌ တရုတ်စံတော်ချိန် နံနက် ၈ နာရီခန့်နှင့် မြန်မာစံတော်ချိန် ၆ နာရီခွဲခန့်တို့တွင် နေ့စဉ်ရောင်းဝယ်မှု ပြုလုပ်နေကြောင်း သိရသည်။

မြန်မာပြည်ဘက်မှ ထွက်ရှိသော သရက်သီးအမျိုးပေါင်း ၁၉၀ ကျော် ရှိသည့်အနက် မူဆယ်ဘက်သို့ ခြောက်မျိုးခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် စိန်တလုံး၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ ရင်ကွဲ စသည့်အသီးများ ဈေးကွက်အတွင်း ရေပန်းစားနေကြောင်းသိရသည်။ မေလဒုတိယပတ်၌ အရောင်းအဝယ်ပြုလုပ်နေသော သရက်သီးများ၏ ပေါက်ဈေးမှာ စိန်တလုံး သရက်သီး (၁၅ ကီလို ဂရမ်-၁ဖာ) အလုံးကြီးအိတ်စွပ် ၅၀ ကျော်၊ ၆၀ ခန့်နှင့် အလုံးသေး ၆၀၊ ၇၀ ကျော်ခန့်ပါ တစ်ဖာကို အရည်သွေးကောင်းလျှင် ယွမ် ၂၀ မှ ၃၀ အထိ ဈေးရရှိပြီး အလုံးသေး၍ အနည်းငယ်ညံ့လျှင် ယွမ် ၄၀ မှ ၅၀ အထိသာ ရရှိသည်။

ရွှေဟင်္သာသရက်သီး (၁၅ကီလိုဂရမ်-၁ဖာ) အလုံးကြီး အိတ်စွပ်လေးဆယ့်ရှစ်လုံးကျော်၊ ငါးဆယ်ကျော်မှ ခြောက်ဆယ်ကျော်ခန့်ပါသော် တစ်ဖာကို အရည်အသွေးကောင်းပြီး အလုံးကြီးလျှင် ယွမ် ၄၀ မှ ယွမ် ၁၆၀ အထိ ဈေးရရှိပြီး အလုံးသေး၍ အရည်အသွေးညံ့လျှင် ယွမ် ၂၀ မှ ၆၀ အထိသာရရှိ ကြောင်း ကျန်အသီးများမှာ ဈေးအသင့်အတင့်ရရှိ၍ လက်ကျန် ဖရဲသီးနှင့် သခွားမွှေးများ အနည်းငယ် ဆက်လက်ဝင်ရောက် ရောင်းချကြောင်း သိရသည်။

"သရက်သီးက ဆန်စပါးနဲ့ မတူပါဘူး။ တစ်ရက်နောက်ကျတာနဲ့ အရှုံးပေါ်တတ်ပါတယ်။ ကျွန်တော်တို့က မြန်မာဘက်က ထွက်တဲ့သရက်သီးနဲ့ အခြားထွက်ရှိတဲ့ သီးနှံတွေကို တရုတ်နိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဖြန့်ဖြူးရောင်းချပေးတာပါ။ ကျွန်တော်တို့နိုင်ငံမှာကျတော့ တရုတ်အစိုးရက သစ်သီးကားတွေအတွက် အလွတ်မောင်းကားလမ်းတစ်ခု ပြုလုပ်ပေးထားတဲ့အပြင် အသီးသယ်ယူခကိုလည်း အခမဲ့ကူညီထောက်ပံ့ပေးထားတဲ့အတွက် အားလုံးအဆင်ပြေပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့လည်း ဒီလိုသာ ကူညီနိုင်မယ်ဆိုရင် နိုင်ငံတော်အတွက် အကျိုးအမြတ်ကောင်းများစွာ ရရှိသလို ကုန်သည်တွေနဲ့ စိုက်ပျိုးတဲ့တောင်သူတွေပိုပြီး အကျိုးရှိနိုင်မယ်" ဟု တရုတ်ကုန်သည်ကြီး ဆုံကျူကွမ်းက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-သန့်ဇင်(မူဆယ်)**

## သူငယ်တန်း (KG) သင် ဆရာ ဆရာမများသင်တန်းဆင်း

**ရပ်စောက်**

သူငယ်တန်း (KG) သင် ဆရာ ဆရာမများ လေ့ကျင့်ပေးရေးသင်တန်း(မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဆင်းပွဲအခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့ အခြေခံပညာအထက်ကျောင်းခန်းမ၌ မေ ၁၀ ရက်က ကျင်းပရာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင်မောင် စိုးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား ရွှေဘုံသာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ကျောင်းအုပ် ဦးအောင်ဇော်ဦးက လက်ခံခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ဖျာပုံ**

သူငယ်တန်း (KG) သင် ဆရာ ဆရာမများ လေ့ကျင့်ပေးရေးသင်တန်း(မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၀ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

**မြိုင်**

သူငယ်တန်း (KG) သင် ဆရာ ဆရာမများ လေ့ကျင့်ပေးရေးသင်တန်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဆင်းပွဲအခမ်းအနားကို မြိုင်မြို့နှံ့သာမြိုင်ခန်းမ၌ မေ ၁၀ ရက် မွန်းလွဲ ၂နာရီခွဲက ကျင်းပရာ သင်တန်းဆင်းဆရာ ဆရာမများအား မြို့နယ်ပညာရေးမှူးဦးမောင်မောင်တာက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**စိန်မြိုင် (မြိုင်)**

**မာန်အောင်**

ရခိုင်ပြည်နယ် မာန်အောင်မြို့ မြို့နယ်အဆင့် သူငယ်တန်း (KG) သင်ဆရာ ဆရာမများလေ့ကျင့်ပညာပေးရေးသင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီက အခြေခံပညာအထက်တန်းကျောင်း အောင်ဇေယျာခန်းမ၌ ကျင်းပရာ သင်တန်းတွင် နည်းပြ ၁၂ ဦးက သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၂၃၄ ဦးအား ဧပြီ ၂၆ ရက်မှ မေ ၁၀ ရက်အထိ နှစ်ပတ်ကြာစာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**သိန်းဖေ(ပြန်/ဆက်)**

**မူဆယ်**

သူငယ်တန်း(KG)သင် ဆရာ ဆရာမများ လေ့ကျင့်ပေးရေးသင်တန်း (မြို့နယ်အဆင့် ဆင့်)ပွားသင်တန်းဆင်းပွဲအခမ်းအနားကို ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် မေ ၁၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကိုကိုဇော်က အမှာစကားပြောကြားပြီး သင်တန်းကာလမှာ ဧပြီ ၂၅ ရက်မှ မေ ၁၀ ရက်အထိဖြစ်ကြောင်း သိရသည်။

**အယ်လ်စိုး (ပြန်/ဆက်)**

## မြစ်ကြီးနားမြို့နယ်လုံးဆိုင်ရာ ဓမ္မစကူးစုံညီပွဲတော် ပထမအကြိမ်ကျင်းပ

**မြစ်ကြီးနား မေ ၁၂**

မြစ်ကြီးနား မြို့နယ်လုံးဆိုင်ရာ ဓမ္မစကူး စုံညီပွဲတော် ပထမအကြိမ် အခမ်းအနားကို မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၌ မေ ၈ ရက်က ကျင်းပသည်။

ဓမ္မစကူးကျောင်းတော်များကို ၂၀၁၂ ခုနှစ် မတ် ၁၂ ရက်က စပြီး ဖွဲ့စည်းခဲ့ပါကြောင်း၊ မြစ်ကြီးနားမြို့နယ်အနေနှင့် ဓမ္မစကူးကျောင်း ၃၀၊ နည်းပြ ဆရာ ဆရာမ ၁၅၆ ဦးရှိပြီး၊ ကချင်ပြည်နယ် တစ်ခုလုံးအနေနှင့် ၁၄၁ ကျောင်းရှိပြီး နိုင်ငံတစ်ခုလုံးအနေဖြင့် ဓမ္မစကူးကျောင်းငါးရာကျော်၊ သင်ကြားရေးဆရာ ဆရာမခြောက်ထောင်ကျော်နှင့် သင်ကြားမှုရရှိကလေး၊ ဆရာဖြစ် သင်တန်းကျောင်းတွင် ခုနစ်သိန်း ဝန်းကျင်ရှိကြောင်း၊ ကလေးငယ် ၁၀ သန်းရှိသည့်အနက် ခုနစ်သိန်းကျော်မှာ ဗုဒ္ဓတရားတော် အဆုံးအမ သင်ယူခွင့်ရရှိထားပြီးဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် ဓမ္မစကူးကျောင်းတော် နည်းပြဆရာမ ဒေါ်ပြုံးပြုံးငွေက ပြောသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

# ပူတာအိုခရိုင် သဘာဝနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီဖွဲ့စည်းခြင်း အလုပ်ရုံဆွေးနွေး

**ပူတာအို မေ ၁၂**
ကချင်ပြည်နယ် ပူတာအိုခရိုင်၌ မြန်မာနိုင်ငံရှိ သဘာဝနယ်မြေများ ရေရှည်တည်တံ့ရေး စီမံအုပ်ချုပ်မှုမြှင့်တင်ခြင်း စီမံကိန်းများကို ငါးနှစ်စာရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ထိုစီမံကိန်းတွင်ပါဝင်သော မြန်မာနိုင်ငံမြောက်ပိုင်း သဘာဝနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီများ ဖွဲ့စည်းရာတွင် ဆက်စပ်ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားများ ပါဝင်ဖွဲ့စည်းနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ခါကာဘိုရာဇီအမျိုးသားဥယျာဉ် ပညာပေးပြခန်း၌ မေ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆိုင်းဒူအောင်က အမှာစကားပြောကြားပြီး ခါကာဘိုရာဇီအမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးအောင်မောင်းက GEF 5 စီမံကိန်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)မှ ဦးလှနိုင်က GEF 5 စီမံကိန်းအကြောင်း အကျဉ်းချုပ်ရှင်းလင်းပြီး WCS မှ ဦးသန်းဇော်က ပူတာအိုခရိုင် သဘာဝနယ်မြေများဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအကြောင်း အကျဉ်းချုပ်ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများက သိလိုသည့် အချက်အလက်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက အုပ်စုနှစ်စုဖွဲ့ကာ ပူတာအိုခရိုင် သဘာဝနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ အဖွဲ့ဝင်များဖွဲ့စည်းခြင်း၊ အဖွဲ့၏ တာဝန်ဝတ္တရားများ၊ ဆက်သွယ်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ပူးပေါင်းဆောင်ရွက်သင့်သည့် အကြောင်းအရာများကို အုပ်စုလိုက်ဆွေးနွေးခြင်း၊ အုပ်စုလိုက် ပြန်လည်တင်ပြခြင်းနှင့် ပြန်လည်ခြုံငုံသုံးသပ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။



ပူတာအိုခရိုင်၌ သစ်တောဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)မြန်မာနိုင်ငံ အစီအစဉ်နှင့် ပူးပေါင်း၍ ကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ အထောက်အပံ့(GEF)၏ ရန်ပုံငွေ ပံ့ပိုးမှုဖြင့် သဘာဝနယ်မြေများ ရေရှည်တည်တံ့ရေး စီမံအုပ်ချုပ်မှုမြှင့်တင်ခြင်း စီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို သဘာဝနယ်မြေများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်မှုမြှင့်တင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ရေအရင်းမြစ်ဒေသများ၏ သဘာဝ ဂေဟစနစ်များကို မပျက်စီးအောင်ထိန်းသိမ်းထားခြင်းဖြင့် လူသားထုအပါအဝင် သတ္တလောကကြီးတစ်ခုလုံးကိုပါ များစွာ အကျိုးကျေးဇူးပြုမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရေစကြိုမြို့နယ်၌ CP ပြောင်းများ ဈေးကောင်းရနေသဖြင့် ကျေးရွာများမှ ပြောင်းစိုက်တောင်သူများ အဆင်ပြေ

**ရေစကြို မေ ၁၂**
ရေစကြိုမြို့နယ်တွင် မေလအတွင်း CP ပြောင်းဈေးများ မြင့်တက်လာသဖြင့် ဒေသခံ ပြောင်းစိုက်တောင်သူတွေ ဝင်ငွေကောင်း၍ အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

"ဒီနှစ်ကတော့ CP ပြောင်း စိုက်ပျိုးသူတောင်သူတွေ အဆင်ပြေတယ်လို့ ပြောရမှာပဲ။ CP ပြောင်း ရာသီအစက တစ်တင်း ၇၉၀၀ ကျပ် ဈေးပေါက်ခဲ့တယ်။ ပြောင်းတွေ လှိုင်လှိုင်ပေါ်လာတော့ တဖြည်းဖြည်း ဈေးတွေကျခဲ့တာ ကျပ် ၇၄၀၀ ဝန်းကျင်အထိပဲဗျ။ အခုတော့ ကျပ် ၈၀၀၀ ဈေးထိ ပြန်လည်မြင့်တက်လာတော့ တောင်သူတွေ ဝင်ငွေအဆင်ပြေတာပေါ့ဗျာ"ဟု မိဖုရားရွာမှ တောင်သူတစ်ဦးက ပြောပြသည်။

"အခုရက်မှာ CP ပြောင်းဈေး တစ်တင်း ကျပ် ၈၀၀၀ ဈေးထိ မြင့်တက်လာသလို ပစ္စည်းအဝင်လည်းများတယ်။ တစ်ရက်ကို အိတ်လေးငါးခြောက်ရာဝင်တယ်။ ရေစကြိုမြို့မှာ သီးနှံပွဲရုံ ၂၀ လောက်ရှိတယ်။ ကျွန်တော်တို့ ပွဲရုံကလည်း ဝင်လာသမျှ CP ပြောင်းတွေကို ရန်ကုန်နဲ့ မန္တလေးကို ချက်ချင်းပို့ဆောင် ရောင်းဝယ်ရတော့ ပွဲရုံအနေနဲ့ တိုက်သင့်တဲ့ အကျိုးအမြတ်ရတယ်"ဟု ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။



"ကျွန်တော်တို့မြို့နယ်မှာ CP အစေ့ထုတ်ပြောင်းကို ဧက ၁၅၀၀ ကျော် စိုက်ပါတယ်။ ဒီစိုက်ဧကက အရင်တုန်းက ကိန်းဂဏန်းပါ။ လက်ရှိမြေပြင်မှာ စိုက်တဲ့ ဧကက ၁၅၀၀ မကဘူး။ ဘာဖြစ်လို့လည်းဆိုတော့ CP ပြောင်းက စိုက်ရတာ လွယ်ကူတယ်။ အခြားသီးနှံတွေလို အပျက်အစီးမရှိဘူး။ ပြီးတော့ ဈေးကွက်ရှိတယ်။ ဒါကြောင့် တောင်သူအများစု စိုက်ကြတယ်။ တချို့တောင်သူတွေဆိုရင် တစ်နှစ်လုံး တစ်မျိုးထဲစိုက်ကြတယ်"ဟု ရေစကြိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မောင်က ပြောကြားသည်။

**ဖေထွဏ်းဇော်(ရေစကြို)**



**မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းမှ ရေပြတ်လပ်မှုကြုံတွေ့နေရသည့် ဘော့စ်ကျေးရွာမှ ပြည်သူများအတွက် သောက်သုံးရေများကို မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် လမ်းဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်း၍ မေ ၁၀ ရက်က သွားရောက်လှူဒါန်းစဉ်။**
သန်းဝင်းထွန်း(မြို့သစ်)

# စေတီတော်များ ထီးတော်တင်ပွဲ ကျင်းပမည်

**ကော့ကရိတ် မေ ၁၂**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းဘုရားကြီးကျေးရွာ ကျိုက်အဘယလာဘမုနိ၊ ကျိုက်ဇိနသိဒ၊ ကျိုက်မုဒြာ စေတီတော်သုံးဆူနှင့် အရံစေတီတော်ကိုးဆူ စုစုပေါင်း စေတီ ၁၂ ဆူ ထီးတော်တင်ပွဲကို မေ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စေတီတော်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်မင်းဆရာတော်၊ သန်လျင်မင်းကျောင်းဆရာတော်၊ သုံးခွမြို့မှ ရေလယ်ကျောင်းဆရာတော်၊ နတ်စင်တစ်ရာဆရာတော်နှင့် ကော့ဘိန်းဘုရားကြီးကျောင်းတိုက် ဆရာတော်များအား အမှူးထား၍ Heroes Star ကုမ္ပဏီလီမိတက်မှ ဦးကျော်မြင့်မိသားစု၏ လှူဒါန်းမှုဖြင့် အထွတ်တင်မင်္ဂလာပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ထီးတော်တင်ပွဲနှင့်အတူ သံဃာတော်များနှင့် သီလရှင်များအား နေ့ဆွမ်းဆက်ကပ်ကာ ဧည့်ပရိသတ်များအား စတုဒိသာများကျွေးမွေးမည်ဖြစ်ကြောင်း၊ မေ ၁၉၊ ၂၀၊ ၂၁ ရက်တွင်လည်း ဇာတ်သဘင်အဖွဲ့များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။
**လှသိန်း**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖွင့်

**သာပေါင်း မေ ၁၂**
သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားနှင့် ပန်းရံပညာသင်တန်းကို မေ ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်က အမှာစကား ပြောကြားပြီး သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသက်မင်းထွန်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သာပေါင်းမြို့နယ်အတွင်းရှိ ဇီးဖြူကွင်း၊ ဒယ်ကုန်း၊ လေ့ကြီးတက်နှင့် ဆောင်ပုံကျေးရွာအုပ်စုများမှ လူငယ် ၃၀ တက်ရောက်ကြောင်း သိရသည်။
**ပုသိမ်လှကြည်**

# ကျောက်တော်-ပလက်ဝကားလမ်း အသုံးပြုနိုင်ရန် ပလက်ဝမြို့နယ်မှ ဒေသခံများလိုလား

**ပလက်ဝ မေ ၁၂**
ကျောက်တော်-ပလက်ဝ ကားလမ်းမှ ပြီးစီးနေသည့်လမ်းပိုင်းဖြစ်သော ကျောက်တော်မှ ကုလားတန်မြစ်ကမ်းအထိ လမ်းပိုင်းကို အသုံးပြုနိုင်ရန် ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ကျောက်တော်-ပလက်ဝ လမ်းပိုင်းသည် ရခိုင်ပြည်နယ် ကျော်တော်မြို့နယ် မဟာမြတ်မုနိရုပ်ရှင်တော်ဘုရားအရှေ့ဘက် ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးနှင့် ချိတ်ဆက်သည့်နေရာမှ စတင်ကာ မီးဝကျေးရွာ အရှေ့ဘက်ကမ်းအထိ မိုင် ၂၀ ကို ရခိုင်ပြည်နယ်အလယ်ပိုင်းဟု သတ်မှတ်ပြီး မီးဝကျေးရွာ အရှေ့ဘက်ကမ်းမှ ချင်းပြည်နယ် ပလက်ဝမြို့နယ် စိမ့်စမ်းကျေးရွာအနီး ပလက်ဝ-မတူပီကားလမ်းနှင့် ချိတ်ဆက်သည့်နေရာအထိ ၁၃ မိုင် ၅ ဖာလုံကို ချင်းပြည်နယ်အပိုင်းဟု သတ်မှတ်ဖောက်လုပ်ထားခဲ့ခြင်းဖြစ်သည်။

ယခုအခါ လမ်းပိုင်းတစ်ခုလုံးမှာ ကျောက်ချောလမ်းအဖြစ် ပြီးစီးနေပြီဖြစ်ကာ တံတားများပါ ပြီးနေပြီဖြစ်၍ အသုံးပြုသွားလာနိုင်သည့်အခြေအနေ ရောက်ရှိနေပြီဖြစ်သည်။ သို့သော် လမ်းပိုင်းတစ်ခုလုံးကို အသုံးပြုရာတွင် ပလက်ဝ-မတူပီ ကားလမ်းပိုင်းကို စိမ့်စမ်းကျေးရွာအနီးမှ ချိတ်ဆက်၍ လောင်းကဒူးကျေးရွာ အရှေ့ဘက် ကုလားတန်မြစ်ကမ်းအထိ နှစ်မိုင်ခန့်သာ အသုံးပြုသွားလာနိုင်မည်ဖြစ်ရာ ပလက်ဝမြို့အထိ သွားလာရန် ကုလားတန်မြစ်ကူးတံတားတစ်စင်းကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြစ်ကူးတံတား တည်ဆောက်အသုံးပြု သွားလာနိုင်သည့် အခြေအနေသို့ မရောက်သေးမီကာလအတွင်းတွင် ကျောက်တော်မှ လောင်းကဒူးကျေးရွာအရှေ့ဘက် ကုလားတန်မြစ်ကမ်းအထိ လမ်းအသုံးပြုနိုင်ရေးနှင့် ကုလားတန်မြစ်ကို စက်လှေဖြင့် ကြားခံအသုံးပြုကာ ပလက်ဝ-လောင်းကဒူး ကားလမ်းပိုင်း နှစ်မိုင်ကို ခေါက်တို အသုံးပြု သွားလာနိုင်အောင် စီစဉ်ပေးမည်ဆိုပါက ပလက်ဝမြို့နယ်မှ အနယ်နယ်အရပ်ရပ်သို့ သွားလာရာတွင် ကျောက်တော်မြို့၌ ညအိပ်နားခိုရ၍ အချိန်ကုန်သည့် အခက်အခဲကို ဖြေရှင်းပေးနိုင်မည်ဖြစ်၍ လမ်းအသုံးပြုသွားလာနိုင်ရန် ဒေသခံပြည်သူများ မျှော်လင့်နေကြခြင်းဖြစ်ကြောင်း သိရသည်။
**မောင်မောင်ကျော့(ပလက်ဝ)**

# ဝါးအခြေခံ လက်မှုလုပ်ငန်းသင်တန်းဖွင့်

**ကော့မှူး မေ ၁၂**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိစေရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝါးအခြေခံ လက်မှုလုပ်ငန်းသင်တန်းကို ကော့မှူးမြို့နယ် ထောင်ချောင်ကျေးရွာ အမကကျောင်း၌ ဖွင့်လှစ်ခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်နှင့် တောင်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကျော်လင်းသန်းတို့က အမှာစကားပြောကြားပြီး ဖွင့်လှစ်ခဲ့ကာ သင်တန်းတွင် သင်တန်းသား ၃၀ အား ဝါးအခြေခံလက်မှုထုတ်ကုန်များ ထုတ်လုပ်နည်းကို စာတွေ့ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။
**ကိုကျော်(သုံးခွ)**

## အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်တစ်မျိုးမျိုး ရက်ပေါင်း ၁၀၀ အတွင်း ထုတ်ပေးမည်

**လွိုင်ကော် မေ ၁၂**

ကယားပြည်နယ် လွိုင်ကော်ခရိုင်နှင့် ဘော်လခဲခရိုင်များရှိ မြို့နယ်များအတွင်းမှ ရွှေ့ပြောင်းနေထိုင်သူများကို အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)နှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုးကို ရက်ပေါင်း ၁၀၀ အတွင်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စေမည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊ ဖွဲ့စည်းတာဝန်ပေးအပ်ရမည့် နည်းစနစ်များနှင့် ပတ်သက်၍ ကယားပြည်နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူးက ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများအား မေ ၈ ရက်က မှာကြားခဲ့ကြောင်း သိရသည်။ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံကာ အသေးစိတ် မှာကြားခဲ့ခြင်းဖြစ်ပြီး ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများက သိလိုသည်များကို ပြန်လည်မေးမြန်း ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါစီမံချက်ကို ခရိုင်နှစ်ခုမှ မြို့နယ်များ၌ ဇူလိုင် ၃၁ ရက်အထိ ရက် ၁၀၀ အတွင်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**



## ကွမ်းသီးကျွန်းအပန်းဖြေစခန်း တည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ရှင်းလင်းဆွေးနွေးပွဲပြုလုပ်

**မြိတ် မေ ၁၂**

နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်း တစ်ခုကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကွမ်းသီးကျွန်း၌ BOT စနစ်ဖြင့် တည်ဆောက်၍ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ အဆိုပါ ကွမ်းသီးကျွန်း အပန်းဖြေစခန်း တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း (EIA)နှင့် (ကနဦး အဆင့်)သက်ဆိုင်သူများ တွေ့ဆုံပွဲကို မြိတ်မြို့ ပုလဲရတနာခန်းမ၌ မေ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးလွှမ်းမိုးက အမှာစကားပြောကြားပြီး ကွမ်းသီးကျွန်းအပန်းဖြေစခန်း ကုမ္ပဏီလီမိတက်မှ အတွင်းရေးမှူး ဦးမျိုးအောင် က စီမံကိန်းနှင့်ပတ်သက်၍ အကျဉ်းချုပ် ရှင်းလင်းပြောကြားကာ EGuard Environmental Services ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးတင်အောင်မိုးက စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စီမံကိန်းနှင့် သက်ဆိုင်သူများက စီမံကိန်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး ကွမ်းသီးကျွန်းအပန်းဖြေစခန်း ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့သည်။



အဆိုပါ ကွမ်းသီးကျွန်းအပန်းဖြေစခန်း တည်ဆောက်ရေးစီမံကိန်းကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ရေမြစ်ကြီးကျေးရွာ အုပ်စုအတွင်းမှ အကျယ်အဝန်း ၄၂၇၄ ဧကရှိသည့် ကွမ်းသီးကျွန်းပေါ်တွင် တည်ဆောက်မည်ဖြစ်သည်။ အပန်းဖြေစခန်းအတွက် အသုံးပြုမည့် မြေဧက ၂၀ ပေါ်တွင် ဆောက်လုပ်မည့်အဆောက် အအုံများမှာ အလျား ပေ ၆၀၊ အနံ ပေ ၄၀ ရှိ Delux Villa ခုနစ်လုံး၊ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိ Standard Villa ရှစ်လုံး၊ အလျား ၂၇ ပေ၊ အနံ ၃၆ ပေရှိ Double Villa ၁၅ လုံး၊ အလျား ပေ ၉၀၊ အနံ ၄၅ ပေရှိ Reception & Office တစ်လုံး၊ အလျား ပေ ၅၀၊ အနံ ပေ ၅၀ ရှိ စားသောက်ဆိုင်အဆောက်အအုံတစ်လုံး၊ အလျား ပေ ၆၀၊ အနံ ၄၅ ပေရှိ မီးဖိုဆောင်အဆောက်အအုံ တစ်လုံး၊ ရေကူးကန်တစ်ကန်၊ အလျား ပေ ၈၀၊ အနံ ပေ ၃၀ ရှိ Generator House တစ်လုံး၊ အလျား ပေ ၆၀၊ အနံ ၄၈ ပေရှိ ဝန်ထမ်းနေအိမ်အဆောက်အအုံ ငါးလုံး၊ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ မုန့်တိုင်းဒဏ်ခံအဆောက်အအုံ တစ်လုံး၊ အလျား ပေ ၄၀၊ အနံပေ ၂၀ ရှိ Laundry House တစ်လုံး၊ အလျားပေ ၆၀၊ အနံ ပေ ၃၀ ရှိ ဆိပ်ခံတံတားတစ်စင်း၊ အလျား ၁၂၀၊ အနံ ပေ ၆၀ ပေရှိ တင်းနစ်ကွင်းတစ်ကွင်းတို့ကို တည်ဆောက်ရန်အတွက် ကွမ်းသီးကျွန်းအပန်းဖြေစခန်း ကုမ္ပလီမိတက်က ငွေကျပ်သန်းပေါင်း ၄၇၃၄ ဒသမ ၇၆ သန်း မတည်၍ အချိန် ၁၂ လအတွင်း ပဏာမ စူးစမ်းလေ့လာမှု ပြုလုပ်သွားမည်ဖြစ်ပြီး သုံးနှစ်တာကာလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**မြင့်ဦး(မြိတ်)**

## ဝိုင်ယာများကို ဂရုစိုက်စစ်ဆေး လဲလှယ်သုံးစွဲခြင်းဖြင့် မီးဘေးကာကွယ်ကြပါစို့

**မောင်မောင်(လျှပ်စစ်)**

ကျွန်တော် မပြောလည်း သိကြပြီးသားမို့ စာဖွဲ့၊ စာမချဲ့လိုတော့ပါ။ နှစ်ဦးအစ ဇန်နဝါရီလစလို့ မြန်မာပြည်တစ်နံတစ်လျား၊ တောရောမြို့ပါ လောင်လိုက်တဲ့မီး 'ဟီး'ထနေပါရောလား။ 'ငါးတန်းနဲ့ပြိုင်ဘယ်သူနိုင်'အစီအစဉ်ကို အားကျလို့လားမပြောတတ်ပါ။ မြို့နယ်အလိုက်၊ တိုင်းဒေသကြီးအလိုက်၊ ပြည်နယ်အလိုက်၊ စက်ရုံအလိုက်၊ အပြိုင်အဆိုင်လောင်ကြတာများ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နဲ့ ပြည်သူတွေကို အားနာပါဦး၊ ငဲ့ညှာပါဦး၊ မီးဘေးဒုက္ခသည်တွေကို စာနာသနားပါဦး။

ပြည်သူတွေကိုနှိပ်စက်တဲ့၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားပြုနေတဲ့ လောင်မီးတွေအနက် လျှပ်စစ်ကြောင့်လောင်တာ များသလို၊ ပေါ့ဆမီး၊ မီးဖိုမီး၊ ဖယောင်းတိုင်မီးနဲ့ လောင်စာဆီအမျိုးမျိုးကြောင့် လောင်တဲ့မီးကလည်း မနည်းလှပါ။ ဒီအထဲ တစ်ခါတလေ လင်မယား ရန်ဖြစ်လို့၊ တစ်ယောက်နဲ့တစ်ယောက်မကျေနပ်လို့၊ စိတ်မနှံ့လို့၊ ရူးကြောင်မူးကြောင်ဖြစ်လို့ဆိုပြီး မီးရှို့တဲ့ အမိုက်သား၊ လူရမ်းကားတွေရဲ့ ရှို့မီးတွေလည်း ရှိသေး။

ဘာကြောင့်လောင်လောင်၊ မီးလောင်ခံရတဲ့ ပြည်သူတွေမှာတော့ စိတ်ဆင်းရဲကိုယ်ဆင်းရဲ။ ရှိပြီးသား စည်းစိမ်ဥစ္စာတို့ကလည်း မမြဲ၊ မွဲတော့တာမို့ စိတ်ဓာတ်ရောရုပ်ဓာတ်ပါ ချုံးချုံးကျ သောကတွေဇရပ္ပ ဖြစ်ကြရရှာပါတယ်ဗျာ။

မီးပေါ့ဆသူ၊ မသမာသူတို့ကြောင့် သူနဲ့သူ့မိသားစုသာမက သူတို့ကြောင့် မီးလောင်ခံရတဲ့ မီးဘေးဒုက္ခသည်တို့အဖို့ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ရှာဖွေစုဆောင်းထားကြတဲ့ မနေပစ္စည်းဥစ္စာတွေ၊ နေအိမ်တိုက်တာ အဆောက်အအုံတွေ၊ စာသင်ကျောင်းတွေ ပျက်စီးဆုံးရှုံးသွားရတာတွေ၊ ကျောင်းသားကျောင်းသူတွေရဲ့ စာအုပ်တွေ၊ မှတ်စုတွေ ပျက်စီးသွားလို့ စာမေးပွဲမဖြေနိုင်တော့တာတွေကို ဘာနဲ့အစားထိုးမလဲ၊ ဘယ်လိုဖြေသိမ့်ကြမလဲ။ သူတို့လေးတွေရဲ့ ဘဝတက်လမ်းမှာ အနှောင့်အယှက်အဟန့်အတား ဖြစ်သွားရတာ ဘယ်လိုကုစားမလဲ၊ တချို့ဆိုရင် စိတ်ဝေဒနာရှင် ဖြစ်သွားရတယ်။

ဒါတွေကို မီးပေါ့ဆသူတွေ၊ လောဘ ဒေါသကြောင့် မီးရှို့ဖို့ကြံသူတွေ အလေးအနက် စဉ်းစားကြပါ။ ကိုယ်တစ်ယောက်ကြောင့် အများဒုက္ခရောက်ရတယ်ဆိုတာ တွေးပြီး ဒီဆောင်းပါး ဖတ်ပြီးချိန်ကစလို့ ဆင်ခြင်နိုင်ကြပါစေ။ ကိုယ်ချင်းစာတတ်ကြပါစေ။

'ကာကွယ်ခြင်းသည် ကုသခြင်းထက် အကျိုးရှိသည်၊ ထိရောက်သည်'ဆိုတဲ့ ကျန်းမာရေးဌာနရဲ့ဆောင်ပုဒ်အတိုင်း မီးဘေးကြိုတင်ကာကွယ်ရေးသည် မိသားစုတစ်စုအတွက်သာမက ကိုယ့်ရပ်ကွက်၊ ကိုယ့်မြို့နယ်၊ ကိုယ့်တိုင်းပြည်အတွက်၊ ကိုယ့်နိုင်ငံအတွက် အရေးကြီးတာမို့ 'မီးဘေးရှောင်လို့ မလောင်ခင်တားကြပါ'၊ 'မီးကြွင်းမီးကျန်ထားရင် မှားကြပါလိမ့်မယ်'၊ 'လျှပ်စစ်ကိုပေါ့ဆရင် ဒုက္ခရောက်ကြရပါလိမ့်မယ်'လို့ သတိပေးပါရစေ။ လူကြီးလူငယ်၊ ယောကျ်ားမိန်းမ မရွေး 'မီးသတိ၊ မီးအသိ' ရှိစေချင်ပါတယ်။

တကယ်တော့ လျှပ်စစ်ဓာတ်အားကို တစ်အိမ်လုံးအတွက် အဝင်မိန်းခလုတ်က ထိန်းချုပ်ထားလို့ မိန်းခလုတ်ပိတ်ထားရင်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းသော်လည်း မိန်းခလုတ်တင်ထားချိန်(ဖွင့်ထားချိန်)မှာတော့ ဆားဗစ်ဝိုင်ယာ(Service Wire) နဲ့ အိမ်တွင်းဝိုင်ယာ (Internal Wire)တို့ကလည်း အရေးကြီးပြန်ပါတယ်။ လျှပ်စစ်ကြောင့် အပူလွန်ကဲတာနဲ့ ဝိုင်ယာရှော့ခ်တို့ဟာ ဆားဗစ်ဝိုင်ယာနဲ့ အိမ်တွင်းဝိုင်ယာတို့ကြောင့် ဖြစ်ရတာပါဗျာ။

မြန်မာပြည်အနှံ့၊ တိုင်းဒေသကြီး၊ ပြည်နယ်အစုံမှာ ရင်းနှီးမြှုပ်နှံမှုများစွာ၊ နိုင်ငံတကာ ချေးငွေများစွာနဲ့ တည်ဆောက်ထားတဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ တည်ဆောက်ဆဲစီမံကိန်း အမျိုးမျိုးတွေဟာ ပြည်သူတွေအတွက်၊ နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အား တိုးတက်ရရှိစေလိုတဲ့ ဆန္ဒနဲ့ပါ။ လျှပ်စစ်ကြောင့် မီးလောင်အောင်၊ လျှပ်စစ်ကြောင့်ပျက်စီးအောင် ဖျက်လိုဖျက်ဆီးစိတ်နဲ့ နေ့ရောညပါ အပင်ပန်းခံထုတ်လုပ်နေတာ မဟုတ်ပါဘူးဗျ။

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ ဓာတ်အားပေးစက်ရုံတွေ၊ ဓာတ်အားလိုင်းတွေ၊ ဓာတ်အားခွဲရုံတွေ၊ ထရန်စဖော်မာတွေ တည်ဆောက်ခဲ့တဲ့ တည်ဆောက်နေတဲ့အတွက် ချေးယူထားတဲ့ငွေတွေ အကြွေးဆပ်နေရတာ၊ အတိုးပေးနေရတာ မနည်းပါ။ လျှပ်စစ်ကြောင့် မီးလောင်ရတာဆိုရင် ရင်နာလွန်းလို့ရေးမိတာမို့ လွန်တာရှိဝန္တာမိပါဗျာ။

နေအိမ်တိုက်တာအဆောက်အအုံများ၊ ရုံးများ၊ ကျောင်းများ၊ ဈေးများကို လျှပ်စစ်ဓာတ်အားရောက်ရှိရေးအတွက် အဆောက်အအုံများမှာတပ်ဆင်ထားတဲ့ လျှပ်စစ်မီတာသို့ ဓာတ်အားလိုင်းမှ အိမ်သွယ်ဆားဗစ်ကြိုး (ဆားဗစ်ဝိုင်ယာ)ဖြင့် ဓာတ်အားရောက်ရှိပါတယ်။ မီတာကို ရောက်ရှိလာတဲ့ လျှပ်စစ်ဓာတ်အားကို သက်ဆိုင်ရာအဆောက်အအုံအတွင်းရှိ အိမ်တွင်းဝိုင်ယာမှတစ်ဆင့် အိမ်တွင်းမှာ တပ်ဆင်ထားတဲ့ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းအမျိုးမျိုးသို့ သွယ်ယူသုံးစွဲကြပါတယ်။

တကယ်တော့ အိမ်သွယ်ဆားဗစ်ဝိုင်ယာနဲ့အိမ်တွင်းဝိုင်ယာတို့ကအလွန်သနားဖို့ကောင်းပါတယ်။ နေအိမ်ကစလို့ ရုံး၊ စက်ရုံ၊ အလုပ်ရုံ၊ ဘုရား၊ တန်ဆောင်းအပါအဝင် လျှပ်စစ်ဓာတ်အားသုံးဖို့ စတင်ဆက်သွယ်ကြပြီဆိုရင် လျှပ်စစ်ဓာတ်အား(ဝန်အား) ဘယ်လောက်သုံးမယ်၊ ဘာတွေသုံးမယ်ဆိုပြီး သေသေချာချာ ဂရုတစိုက် ဆားဗစ်ဝိုင်ယာနဲ့ အိမ်တွင်းဝိုင်ယာတွေ လျှပ်စစ်ပစ္စည်းခလုတ်တွေကို ဆက်သွယ်တပ်ဆင်ကြပါတယ်။ နောက်တော့ နောက်တော့... ကြာလာတော့ မူလတပ်ဆင်ဆက်သွယ်ထားတဲ့ ဝိုင်ယာရဲ့အင်အားကိုမတွက်၊ ဂရုမစိုက်တော့ဘဲ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းတွေကို တပ်ချင်သလိုတပ်၊ သုံးချင်သလိုသုံး၊ အိမ်တွင်းဝိုင်ယာတွေကို ဟိုနေရာက ဖောက်ဆွဲ၊ ဒီနေရာက ဖောက်သုံးနဲ့ လုပ်လာကြတော့ အိမ်တွင်းဝိုင်ယာတွေမှာ ဒဏ်ရာဗရပွနဲ့ မူလစွမ်းအားတွေလျော့ပြီး မနိုင်ဝန် ထမ်းရပြီပေါ့။ ထင်သာမြင်သာအောင် ပြောရရင်၊ မြင်းလှည်း၊ နွားလှည်းကို သူတို့နိုင်တဲ့ဝန်အားထက် ပိုတင်ရင် မရုန်းနိုင်ရုံသာမက ကြိတ်မှိတ်ရုန်းရတော့ ဝန်တင်တိရစ္ဆာန်တွေ ဒုက္ခရောက်ရသလို ဝိုင်ယာမှာလည်း Overload တွေ၊ အပူလွန်ကဲတာတွေ၊ ဝိုင်ယာရှော့ခ်တွေ ဖြစ်ရတာပေါ့ဗျာ။

အဆောက်အအုံပြင်ပမှာ ဆက်သွယ်တပ်ဆင်ထားတဲ့ ဆားဗစ်ဝိုင်ယာတွေ ခမျာမှာလည်း နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်၊ အအေးဒဏ်စတဲ့ ဥတုသုံးပါးရဲ့ဒဏ်ကို ခါးစည်းခံနေရရုံသာမက အခုလို အယ်နီညိုကြောင့် အပူရှိန်ပြင်းတဲ့အချိန်မှာ ဆားဗစ်ဝိုင်ယာတို့အဖို့ ဝိုင်ယာရဲ့ အပြင်ကာဗာတွေက အပူဒဏ်ကို အကာအကွယ်မဲ့ ကြိတ်မှိတ်ခံနေရသလို ဓာတ်အားသုံးစွဲသူတချို့က မဆင်မခြင် အလွန်အမင်း ဓာတ်အားတွေသုံးတော့ ဆားဗစ်ဝိုင်ယာအတွင်းမှာရှိတဲ့ ကြေးကြိုးတွေအဖို့ လျှပ်စစ်စီးကြောင်းကြောင့် ဖြစ်ပေါ်လာတဲ့အပူစွမ်းအားကို ရုန်းကန်သယ်ပိုနေရပါတယ်။

ဒီတော့ ဆားဗစ်ဝိုင်ယာတွေအဖို့ အပြင်ကပူ၊ အထဲကပူ၊ ကူသူမရှိ အပူတွေ ဆင့်တော့တာမို့ ဝါယာရှော့ခ်ဖြစ်တာ၊ မီးထတောက်ရတာ ဖြစ်ရပါတယ်။

ဒါကြောင့် "၁၀ နှစ်ကျော်အသုံးပြုထားသော အိမ်သွယ်ဆားဗစ်ကြိုးများကို လဲလှယ်သုံးစွဲပါ"လို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အစဉ်တစိုက် သတိပေးနေရတာဖြစ်ပါတယ်။ တကယ်တော့ ဆားဗစ်ဝိုင်ယာကြိုးများ၊ အိမ်တွင်းဝိုင်ယာများရဲ့ ခံနိုင်ဝန်အားကို မစူးစမ်းမလေ့လာဘဲ မည်သည့်အိမ်၊ မည်သည့်အဆောက်အအုံမဆို ခေတ်နှင့်အညီ ၁၀ နှစ်တာကာလအတွင်း မူလတပ်ဆင် လျှပ်စစ်ဝန်အားထက် လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲကြမည်သာဖြစ်သည်။ သို့ဖြစ်၍ ၁၀ နှစ်မကျော်သော်လည်း မိမိတို့၏လျှပ်စစ်ဓာတ်အားသုံးစွဲမှု(ဝန်အား) တပ်ဆင်ထားသော ဝိုင်ယာတို့၏ ထမ်းဆောင်နိုင်အားတို့ကို တတ်ကျွမ်းနားလည်သူတို့နှင့် ပြသတိုင်ပင်၍ လိုအပ်ရင်လိုအပ်သလို လဲလှယ်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား Overload တို့၊ ဝါယာရှော့ခ်တို့ဘေးမှ ကာကွယ်ကြပါလို့ သတိပေးလိုပါတယ်။

ဆားဗစ်ဝိုင်ယာများ၊ အိမ်တွင်းဝိုင်ယာများကို ဂရုတစိုက် စစ်ဆေးလဲလှယ် သုံးစွဲခြင်းဖြင့် မိမိတို့မိသားစု၊ မိမိတို့ရပ်ကွက်၊ မြို့နယ်၊ မိမိတို့နိုင်ငံကို ကာကွယ်စောင့်ရှောက်ကြပါစို့လို့ အလေးအနက်တိုက်တွန်းလိုက်ရပါကြောင်း။ ။

**နေအိမ်ကစလို့ ရုံး၊ စက်ရုံ၊ အလုပ်ရုံ၊ ဘုရား၊ တန်ဆောင်းအပါအဝင် လျှပ်စစ်ဓာတ်အားသုံးဖို့ စတင်ဆက်သွယ်ကြပြီဆိုရင် လျှပ်စစ်ဓာတ်အား(ဝန်အား)ဘယ်လောက်သုံးမယ်၊ ဘာတွေသုံးမယ်ဆိုပြီး သေသေချာချာ ဂရုတစိုက် ဆားဗစ်ဝိုင်ယာနဲ့ အိမ်တွင်းဝိုင်ယာတွေ လျှပ်စစ်ပစ္စည်းခလုတ်တွေကို ဆက်သွယ်တပ်ဆင်ကြပါတယ်။ နောက်တော့ နောက်တော့... ကြာလာတော့ မူလတပ်ဆင်ဆက်သွယ်ထားတဲ့ ဝိုင်ယာရဲ့အင်အားကိုမတွက်၊ ဂရုမစိုက်တော့ဘဲ လျှပ်စစ်ဓာတ်အားသုံးပစ္စည်းတွေကို တပ်ချင်သလိုတပ်၊ သုံးချင်သလိုသုံး၊ အိမ်တွင်းဝိုင်ယာတွေကို ဟိုနေရာက ဖောက်ဆွဲ၊ ဒီနေရာက ဖောက်သုံးနဲ့ လုပ်လာကြတော့ အိမ်တွင်းဝိုင်ယာတွေမှာ ဒဏ်ရာဗရပွနဲ့ မူလစွမ်းအားတွေလျော့ပြီး မနိုင်ဝန် ထမ်းရပြီပေါ့**

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ညက ကစားခဲ့တဲ့ စပါးအသင်းနဲ့ ဆောက်သမ်တန်အသင်းတို့ပွဲမှာ ဆောက်သမ်တန်အသင်းက ၂-၁ ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ အဲ့ဒီပွဲအပြီးမှာတော့ ဆောက်သမ်တန်အသင်းရဲ့မန်နေဂျာ ရော်နယ်ကိုးမန်းက သူ့ရဲ့ကစားသမားတစ်ဦးကို ချီးကျူးခဲ့ပါတယ်။ အဲ့ဒီကစားသမားကတော့ ဆားဘီးယား ကွင်းလယ်ကစားသမား ဒူဆန်တာဒစ်ပဲ ဖြစ်ပါတယ်။

စပါးအသင်းကို နိုင်ခဲ့တဲ့ပွဲမှာဆိုရင် တာဒစ်ရဲ့ အသင်းအတွက်ဖန်တီးနိုင်မှုတွေဟာ အံ့မခန်းဖြစ်ခဲ့သလို အဓိကကြတဲ့ပေးပို့မှုတွေကို အများဆုံးလုပ်ဆောင်နိုင်ခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ ဒါတင်မကပါဘူး။ ဆောက်သမ်တန်အသင်းအတွက် အနိုင်ဂိုးတွေ သွင်းယူပေးနိုင်ဖို့အတွက် စတီဗင်ဒါဗီးလ်ကို နှစ်ကြိမ်လုံး ပံ့ပိုးပေးခဲ့တဲ့သူလည်း ဖြစ်ပါတယ်။ ဒါ့အပြင် မန်စီးတီးအသင်းကို ၄-၂ ဂိုးနဲ့ နိုင်ခဲ့တဲ့ပွဲမှာဆိုရင်လည်း အသင်းအတွက် ဂိုးရရှိအောင် သုံးကြိမ်တိုင် ပံ့ပိုးပေးနိုင်တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း တာဒစ်ဟာ ယခုနှစ်ရာသီမှာတော့ ဆီဆိုခိုနှင့် ဖာဘရီဂတ်စ်တို့ပြီးရင် ပြိုင်ပွဲတစ်ပွဲအတွင်း ဂိုးရရှိရန်အတွက် တစ်ပွဲတည်း သုံးကြိမ်တိုင် ပံ့ပိုးပေးနိုင်တဲ့ တတိယမြောက် ကစားသမားလည်း ဖြစ်ပါတယ်။



ပရီမီယာလိဂ်၏ ဂိုးရရှိရန်
ပံ့ပိုးပေးနိုင်ဆုံးကစားသမား ငါးဦး

| အမည် | အသင်း | အကြိမ် |
|---|---|---|
| အိုဇေးလ် | အာဆင်နယ် | ၁၈ |
| အဲရစ်ဆင် | စပါး | ၁၃ |
| တာဒစ် | ဆောက်သမ်တန် | ၁၂ |
| မာရက်ဇ် | လက်စတာ | ၁၁ |
| ဆေးလ်ဗား | မန်စီးတီး | ၁၁ |

# ဆောက်သမ်တန်မြေမှာ တောက်ပလာမယ့် ဆားဘီးယားကစားသမား ဒူဆန်တာဒစ်

အောင်က

### တာဒစ်ဟာ ယခုနှစ် ရာသီမှာတော့ ဆီဆိုခိုနှင့် ဖာဘရီဂတ်စ်တို့ပြီးရင် ပြိုင်ပွဲတစ်ပွဲအတွင်း ဂိုးရရှိရန်အတွက် တစ်ပွဲတည်း သုံးကြိမ်တိုင် ပံ့ပိုးပေးနိုင်တဲ့ တတိယမြောက် ကစားသမားလည်းဖြစ်

ဒါကြောင့်လည်း လက်ရှိအချိန်မှာတော့ တာဒစ်ဟာ ပရီမီယာလိဂ်ရဲ့ဂိုးပံ့ပိုးပေးမှုမှာ (၁၂)ကြိမ်အထိရှိခဲ့ပြီး အိုဇေးလ် (၁၈)ကြိမ်၊ အဲရစ်ဆင် (၁၃)ကြိမ် ပြီးရင် တတိယမြောက်ဂိုးရရှိ ဖို့ပံ့ပိုးပေးနိုင်မှု အကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နေတာလည်း ဖြစ်ပါတယ်။ ဒါ့အပြင် တာဒစ် ပရီမီယာလိဂ်ကို ပြောင်းရွှေ့လာခဲ့ပြီးနောက်ပိုင်းမှာတော့ ဂိုးရရှိဖို့အတွက် ပံ့ပိုးပေးနိုင်မှုဟာ လက်ရှိအချိန်အထိ (၁၉)ကြိမ်ရှိခဲ့ပြီး သူ့ထက် ပံ့ပိုးနိုင်မှုကောင်းတဲ့ ကစားသမားဆိုလို့ ဖာဘရီဂတ်စ် (၂၅)ကြိမ်၊ အိုဇေးလ်(၂၃)ကြိမ်တို့သာ ရှိပါတယ်။ လက်ရှိအချိန်မှာတော့ တာဒစ်ဟာ ဆောက်သမ်တန်အသင်းအတွက် ရလဒ်ကောင်းတွေရယူပေးနိုင်သလို အသင်းကို ယူရိုပါလိဂ်မျှော်လင့်ချက်ကိုလည်း လင်းလက်စေတဲ့သူလို့ ပြောရမှာပါ။

ဒါပေမယ့် ဟော်လန်ပရိသတ်တွေကတော့ တာဒစ်ရဲ့ခြေစွမ်းကို တွစ်တီးအသင်းမှာ တွေ့မြင်ခဲ့ရတာဟာ ၂၀၁၃ ခုနှစ်ကတည်းက ဖြစ်ပါတယ်။ တွစ်တီးအသင်းဟာ ၂၀၁၃ ခုနှစ်က တာဒစ်ကို စပါးအသင်းသို့ ပြောင်းရွှေ့သွားခဲ့တဲ့ ချက်လီရဲ့နေရာမှာ အစားထိုးခေါ်ယူခဲ့ပါတယ်။ အဲ့ဒီခေါ်ယူမှုဟာ တွစ်တီးအသင်းအတွက်တော့ အကောင်းဆုံးဖြစ်ခဲ့ပြီး တွမ်တီးပရိသတ်တွေအတွက်လည်း ကျေနပ်နှစ်သက်မှု ရရှိစေခဲ့ပါတယ်။ ဒါ့အပြင် တွမ်တီးအသင်းမှာ နောက်ဆုံးကစားခဲ့တဲ့ ရာသီမှာဆိုရင် တာဒစ်ဟာ ၁၆ ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးရရှိဖို့အတွက် (၁၄)ကြိမ်တိုင် ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း တာဒစ်ဟာ တွစ်တီးအသင်းမှာ ကစားနေခဲ့တဲ့ ၂၀၁၃-၁၄ ရာသီမှာဆိုရင် ဟော်လန်လိဂ်ရဲ့ ပံ့ပိုးမှုအကောင်းဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ဒါပေမယ့် ဒီနှစ်ရာသီမှာက တာဒစ်နဲ့ပတ်သက်ပြီး စိတ်ဝင်စားဖို့ကောင်းတာက ရာသီအစမှာ ရော်နယ်ကိုးမန်းရဲ့ကစားကွက်နဲ့အံဝင်မှုမရှိတာကြောင့် ပွဲထွက်ကစားခွင့်တောင် ပုံမှန်မရှိခဲ့တာကိုတွေ့မှာပါ။ ဒါကြောင့်လည်း လက်ရှိအချိန်အထိ တာဒစ်ဟာ ဆောက်သမ်တန်အသင်းနဲ့ ပရီမီယာလိဂ် (၂၆)ပွဲပဲ ပါဝင်ကစားရသေးတာလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ဆောက်သမ်တန်အသင်းမန်နေဂျာ ရော်နယ်ကိုးမန်းရဲ့ ၄-၂-၃-၁ ကစားကွက်မှာတော့ တာဒစ်နေရာဟာ ပုံမှန်ကစားခွင့် ပြန်လည်ရရှိလာခဲ့ပြီး ဖန်တီးနိုင်မှုအရေအသွေးတွေလည်း ပိုမိုတိုးတက်လာခဲ့ပါတယ်။

လက်ရှိအချိန်မှာတော့ တာဒစ်ရဲ့ ခြေစွမ်းတွေဟာ အကောင်းဆုံးပြန်လည်ရရှိနေတာကြောင့် ဆောက်သမ်တန်ရဲ့ရာသီနောက်ဆုံးအချိန်တွေကို အကောင်းဆုံးဖြစ်နေစေတာလည်း အမှန်ပါပဲ။ ဒါ့အပြင် ရော်နယ်ကိုးမန်းက တာဒစ်ကို စတီဗင်ဒါဗီးလ်၊ မာနီနဲ့ရှိန်း လောင်းတို့ရဲ့နောက်ကနေ ကစားခိုင်းတာကလည်း အကောင်းဆုံးဖြစ်စေခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါ့အပြင် တာဒစ်ဟာ မိနစ် ၃၀ ဒသမ ၈ မိနစ်တိုင်းမှာ အသင်းအတွက် အဓိကပေးပို့မှုတွေ လုပ်ထားနိုင်ပါတယ်။ ဒါ့အပြင် စာရင်းဇယားတွေအရ ပြောရမယ်ဆိုရင်လည်း တာဒစ်ဟာ ပရီမီယာလိဂ်ရဲ့ အောင်မြင်စွာ ဘောလုံးပေးပို့နိုင်မှု အကောင်းဆုံးကစားသမားအဖြစ် ရှိနေတာကို တွေ့ရပါတယ်။

ဒါကြောင့် ဒီနှစ်ရာသီနောက်ပိုင်းတွေမှာ မန်နေဂျာ ရော်နယ်ကိုးမန်းရဲ့ ကစားကွက်နဲ့ အံ့ဝင်မှုတွေရှိလာပြီး အသင်းတွက် အကောင်းဆုံးဖန်တီးနိုင်မှုတွေအပြင် အသင်းအတွက် အဓိက နိုင်ပွဲတွေရရှိဖို့အတွက် ဂိုးတွေရရှိအောင် ပံ့ပိုးထားနိုင်တဲ့ ဒူဆန်တာဒစ်ဟာ ဆောက်သမ်တန်နဲ့အတူ ပရီမီယာလိဂ်မှာ တောက်ပလာမယ့် ကစားသမားလို့ ပြောရမှာဖြစ်ပါတယ်။

| ပရီမီယာလိဂ်ပွဲစဉ်(၃၈) | |
|---|---|
| တနင်္ဂနွေနေ့ (၁၅-၅-၁၆) | |
| ည ၇း၃၀ | အာဆင်နယ် - အက်စ်တွန်ဗီလာ |
| ည ၇း၃၀ | မန်ယူ - ဘုန်းမောက် |
| ည ၇း၃၀ | ဆောက်သမ်တန် - ခရစ္စတဲလ်ပဲလေ့စ် |
| ည ၇း၃၀ | ချယ်လ်ဆီး - လက်စတာ |
| ည ၇း၃၀ | ဝက်စ်ဘရွန်း - လီဗာပူး |
| ည ၇း၃၀ | ဆွမ်ဆီး - မန်စီးတီး |
| ည ၇း၃၀ | အဲဗာတန် - နော့ဝှစ်ချ် |
| ည ၇း၃၀ | ဝက်ဖို့ဒ် - ဆန်းဒါးလန်း |
| ည ၇း၃၀ | နယူးကာဆယ် - စပါး |
| ည ၇း၃၀ | စတုတ် - ဝက်စ်ဟမ်း |

| စပိန်လာလီဂါပွဲစဉ်(၃၈) | |
|---|---|
| တနင်္ဂနွေနေ့ (၁၅-၅-၁၆) | |
| ည ၉း၃၀ | ဗလင်စီယာ - ဆိုစီဒက်စ် |
| ည ၉း၃၀ | ဒီပို့တီဗို - ရီးရဲ |
| ည ၉း၃၀ | ဂီဂျွန် - ဗီလာရီးရဲ |
| ည ၉း၃၀ | ဘက်တစ် - ဂီတာဖေး |
| ည ၉း၃၀ | အက်စ်ပန်ညို - အီဘား |
| ည ၉း၃၀ | ဂရန်နာဒါ - ဘာစီလိုနာ |
| ည ၉း၃၀ | ဘီဘာအို - ဆီဗီလာ |
| ည ၉း၃၀ | မာလာဂါ - လက်ပဲလ်မက်စ် |
| ည ၉း၃၀ | အက်သလက် - ဆယ်တာဗီဂို |
| ည ၉း၃၀ | ဗယ်လီကာနို - လီဗန်တေး |

| ဘွန်ဒက်စ်လီဂါပွဲစဉ် (၃၄) | |
|---|---|
| စနေနေ့ (၁၄-၅-၁၆) | |
| ည ၇း၀၀ | ဘိုင်ယန် - ဟန်နိုဗာ |
| ည ၇း၀၀ | ဒေါ့မွန် - ကိုလုံး |
| ည ၇း၀၀ | လေဗာကူဆင် - အင်ဂိုစလပ် |
| ည ၇း၀၀ | ဝုဖ်ဘတ် - စတုဂတ် |
| ည ၇း၀၀ | အော့စ်ဘတ် - ဟမ်းဘတ် |
| ည ၇း၀၀ | ဝါဒါဘရီမင် - ဖရန့်ဖတ် |
| ည ၇း၀၀ | ဟော့ဖန်ဟိန်း - ရှော်ကေး |
| ည ၇း၀၀ | မိန့်ဇ် - ဟာသာဘာလင် |
| ည ၇း၀၀ | ဒရမ်စတတ် - ဂလာဘတ်ချ် |

## တစ်ချိန်ချိန်တွင် အီတလီအသင်းအား ကမ္ဘာ့ဖလား ချန်ပီယံဖြစ်လာစေရန် ရေနာရီ ဦးဆောင် ပေးနိုင်လိမ့်မည်ဟု အီတလီဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မျှော်လင့်



၂၀၁၅-၁၆ ခုနှစ် ပရီမီယာလိဂ်ရာသီတွင် လက်စတာအသင်းအား ချန်ပီယံဖြစ်လာစေရန် ဦးဆောင်ပေးနိုင်ခဲ့သူ မန်နေဂျာ ရေနာရီသည် တစ်ချိန်ချိန်တွင် အီတလီလက်ရွေးစင်အသင်းအား ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်စေရန် ဦးဆောင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း အီတလီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကာလိုတာဗက်ချီယိုက ထုတ်ဖော်ပြောဆိုလိုက်သည်။ အီတလီအသင်းသည် ဖီဖာကမ္ဘာ့ဖလားချန်ပီယံဆုအား လေးကြိမ်ရရှိခဲ့ဖူးပြီး ၂၀၀၆ ခုနှစ်တွင် နောက်ဆုံးရရှိထားသည်။

"ရေနာရီဟာ တစ်ချိန်ချိန်မှာ အီတလီလက်ရွေးစင်အသင်းနဲ့အတူ ဖီဖာကမ္ဘာ့ဖလားချန်ပီယံဆု ဆွတ်ခူးနိုင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒီလိုဖြစ်လာခဲ့ရင် တကယ့်ကို ကောင်းမွန်တဲ့ကိစ္စ ဖြစ်လာမှာပါ။ ရေနာရီရဲ့ အောင်မြင်မှုဟာ အီတလီမှာတော့ ထူးခြားမှုတစ်ခုဖြစ်နေပါတယ်။ ဒါက အီတလီဘောလုံးလောက ပုံစံတစ်ခုကို ဖြန့်ဖြူးနေတယ်ဆိုတဲ့ သဘောပါ။ ရေနာရီအတွက် အချိန်တွေရှိနေပါသေးတယ်"ဟု အီတလီ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တာဗက်ချီယိုက ပြောသွားသည်။

လက်ရှိ အီတလီလက်ရွေးစင်အသင်းနည်းပြ ကွန်တီသည် လာမည့်ယူရို ၂၀၁၆ ပြိုင်ပွဲအပြီးတွင် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်၍ အီတလီအသင်းအနေဖြင့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ မတိုင်မီတွင် နည်းပြသစ်တစ်ဦး ရှာဖွေသွားရမည်ဖြစ်သည်။

အသက် ၆၄ နှစ်အရွယ်ရှိ မန်နေဂျာ ရေနာရီသည် ၂၀၁၄ ခုနှစ်အတွင်းတွင် ဂရိလက်ရွေးစင်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ဖူးသူဖြစ်သည်။

## ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ကစားသမားစာရင်း ကြေညာမည့်ရက်ကို အင်္ဂလန်မန်နေဂျာ ရှိုင်ဟော့ဂ်ဆန် ပြောင်းလဲ



အင်္ဂလန်အသင်း မန်နေဂျာ ရှိုင်ဟော့ဂ်ဆန်သည် ယူရို ၂၀၁၆ ပြိုင်ပွဲဝင်မည့် အင်္ဂလန်အသင်း ကစားသမားစာရင်း ကြေညာမည့်ရက်ကို ရွှေ့ဆိုင်းလိုက်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မန်နေဂျာ ရှိုင်ဟော့ဂ်ဆန်သည် မူလက ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ကစားသမားစာရင်းကို မေ ၁၂ ရက်တွင် ကြေညာရန် စီစဉ်ထားခြင်းဖြစ်သည်။ သို့သော်လည်း မန်နေဂျာ ရှိုင်ဟော့ဂ်ဆန်အနေဖြင့် ကစားသမားအချို့၏ ကြံ့ခိုင်မှုအခြေအနေကို စောင့်ကြည့်နေခြင်းကြောင့် အင်္ဂလန်အသင်း ကစားသမားစာရင်းကို ၂၀၁၅-၁၆ ခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲအပြီး မေ ၁၆ ရက်တွင်မှ ကြေညာရန် ပြောင်းလဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"မန်နေဂျာ ရှိုင်ဟော့ဂ်ဆန်ဟာ မေလ ၁၁ ရက် နေ့လယ်ပိုင်းမှာ အင်္ဂလန်အသင်းရဲ့နည်းပြအဖွဲ့ဝင်တွေနဲ့ ဆွေးနွေးတိုင်ပင်ခဲ့ပြီးတဲ့နောက် ယူရို ၂၀၁၆ ပြိုင်ပွဲဝင် အင်္ဂလန်အသင်းအတွက် ကစားသမားစာရင်း ကြေညာမယ့်ရက်ကို ပြောင်းလဲဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီလို ဆုံးဖြတ်ခဲ့ရခြင်းက ကစားသမားတွေရဲ့ကြံ့ခိုင်မှုနဲ့ ပတ်သက်ပြီး ပိုမိုချင့်ချိန်အကဲဖြတ်နိုင်ဖို့ ဖြစ်ပါတယ်"ဟု အက်ဖ်အေမှ သတင်းထုတ်ပြန်ခဲ့သည်။

မန်နေဂျာ ရှိုင်ဟော့ဂ်ဆန်သည် ပြီးခဲ့သည့် မေ ၈ ရက်တွင် အာဆင်နယ်နှင့် မန်စီးတီးတို့ နှစ်ဂိုးစီ သရေကျခဲ့သော ပရီမီယာလိဂ်ပွဲစဉ်၌ ဒူးဒဏ်ရာရရှိသွားခဲ့သူ အာဆင်နယ်တိုက် စစ်မှူး ဝဲလ်ဘတ်၏ ဒဏ်ရာနှင့် ပတ်သက်သည့် သတင်းများကို စောင့်ဆိုင်းနေသည်ဟု ဆိုသည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် မေလ ၂၂ ရက်တွင် တူရကီ၊ မေလ ၂၈ ရက်တွင် သြစတြေးလျ၊ ဇွန်လ ၃ ရက်တွင် ပေါ်တူဂီအသင်းတို့နှင့် ခြေစမ်းပွဲများ ကစားမည်ဖြစ်သည်။

မန်နေဂျာ ရှိုင်ဟော့ဂ်ဆန်သည် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် အပြီးသတ်ကစားသမား ၂၃ ဦးစာရင်းကို မေလ ၃၁ ရက်တွင် ကြေညာရမည်ဖြစ်သည်။ အင်္ဂလန်အသင်းသည် ယူရို ၂၀၁၆ ပြိုင်ပွဲ အုပ်စုအဆင့်၌ ရုရှား၊ ဆလိုဗက်ကီးယား၊ ဝေလအသင်းတို့နှင့်အတူ အုပ်စု (B)တွင် ပါဝင်နေသည်။ **ဝေမိုးဆက်**


© Getty Images

# နိုင်ပွဲနဲ့ရာသီပိတ်နိုင်ဖို့ခက်တဲ့လက်စတာ

အောင်က

**PREMIER LEAGUE WEEK 38**

ပရီမီယာလိဂ်ပွဲစဉ် (၃၈)ကို လာမယ့် မေ ၁၅ ရက်မှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ နောက်ဆုံးပွဲစဉ်ဖြစ်နေတာကြောင့်လည်း အသင်းတိုင်းဟာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာကြမှာဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အထူးသဖြင့် မန်ယူ၊ ဝက်စ်ဟမ်း၊ ဆောက်သမ်တန်၊ လီဗာပူးတို့ရဲ့ ဥရောပဝင်ခွင့်ရယူနိုင်ရေး အားစိုက်ကစားမှုတွေကြောင့်လည်း ပရီမီယာလိဂ်ပြိုင်ပွဲဟာ ပိုမိုအကြိတ်အနယ်ရှိလာနိုင်ပါတယ်။ ဒါကြောင့် မန်ယူ၊ ဝက်စ်ဟမ်း၊ လီဗာပူး၊ ဆောက်သမ်တန်တို့ ဒီပွဲစဉ်မှာ နိုင်ပွဲရယူသွားနိုင်မလားဆိုတာ စောင့်ကြည့်သွားရဖို့ရှိနေပါတယ်။ ဒါ့အပြင် ချန်ပီယံလက်စတာအနေနဲ့လည်း နိုင်ပွဲနဲ့ ရာသီပိတ်သိမ်းနိုင်မလားဆိုတာနဲ့ မန်စီးတီး၊ အာဆင်နယ်၊ ချယ်လ်ဆီးတို့လည်း နိုင်ပွဲတွေ ရယူနိုင်မလားဆိုတာ စောင့်ကြည့်သွားရဖို့ရှိနေပါတယ်။

## ချယ်လ်ဆီး v လက်စတာ

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | လက်စတာ | ၂ | ၁ | ချယ်လ်ဆီး |

လက်စတာဟာ ချန်ပီယံဆုကို အရယူနိုင်ခဲ့ပြီဖြစ်ပေမယ့်လည်း နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာတော့ အနိမ့်ဆုံး သရေလောက်ကစားနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးကလည်း နောက်ပိုင်းပွဲတွေမှာ ဟာဇက်ပုံမှန်ခြေစွမ်းပြန်လည်ရရှိလာမှုနဲ့အတူ တိုက်စစ်ကစားပုံကောင်းမွန်လာသလို အသင်းလိုက်ခြေစွမ်းလည်း ကောင်းမွန်နေပါတယ်။ အထူးသဖြင့် ချယ်လ်ဆီးဟာ အိမ်ကွင်းကစားရမှာဖြစ်နေတာကြောင့် နောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက်အားစိုက်လာမှာ သေချာနေပါတယ်။ သရေကျဖို့များတယ်။

## ဝက်စ်ဘရွန်း v လီဗာပူး

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | လီဗာပူး | ၂ | ၂ | ဝက်စ်ဘရွန်း |

လီဗာပူးဟာယူရိုပါလိဂ်ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့်ရမှာဖြစ်သလို တကယ်လို့အက်ဖ်အေဖလားကို မန်ယူရယူနိုင်ခဲ့ရင် အဆင့် ၇ နေရာက အသင်းဟာ ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း လီဗာပူးဟာအဆင့် ၇ နေရာကို ရယူနိုင်ဖို့ မျှော်လင့်ချက်ရှိနေတဲ့အတွက် အနိမ့်ဆုံး ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် ဝက်စ်ဘရွန်းခြေကလည်း သာမန်သာရှိလို့ လီဗာပူးတို့ အဝေးကွင်းဖြစ်ပေမယ့် အခွင့်အရေးရနိုင်ပါတယ်။ လီဗာပူးပဲကပ်နိုင်မယ်။

## အဲဗာတန် v နော့ဝှစ်ချ်

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | နော့ဝှစ်ချ် | ၁ | ၁ | အဲဗာတန် |

အဲဗာတန်ခြေက အခုနောက်ပိုင်းပွဲတွေမှာပါ ထင်သလောက်ကောင်းမွန်လာခြင်း မရှိသေးပါဘူး။ ခံစစ်ပိုင်းက ထင်သလောက် ကျစ်လျစ်မှုမရှိသေးတာကို တွေ့ရပါတယ်။ ဒါပေမယ့် ဒီပွဲက အိမ်ကွင်းပွဲစဉ်ဖြစ်နေတာကြောင့် အဲဗာတန်အနေနဲ့ နောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ နော့ဝှစ်ချ်ရဲ့ခြေစွမ်းကလည်း အားနည်းမှုတွေရှိနေတာကြောင့် အဲဗာတန်တို့ အခွင့်အရေး ပိုမိုရယူနိုင်ခြေရှိနေပါတယ်။ အထူးသဖြင့် နော့ဝှစ်ချ်ဟာအဝေးကွင်းမှာ ခြေပိုအားနည်းတတ်လို့ အဲဗာတန်အနိုင်ပါ။

## ဝက်ဖို့ဒ် v ဆန်းဒါးလန်း

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ဆန်းဒါးလန်း | ၀ | ၁ | ဝက်ဖို့ဒ် |

ဝက်ဖို့ဒ်ဟာ အခုနောက်ပိုင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်မှုရှိနေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့်လည်း ဝက်ဖို့ဒ်ဟာ တန်းတင်ကျန်ရစ်ဖို့ သေချာနေပြီဖြစ်တာကြောင့် အားစိုက်ကစားမှုအပိုင်းမှာ သာမန်လောက်သာ ရှိလာနိုင်တာကိုတော့ သတိပြုရဖို့ရှိနေပါတယ်။ ဒါ့အပြင် ဆန်းဒါးလန်းခြေကလည်း ကောင်းမွန်မှုရှိနေပါတယ်။ နောက်ဆုံးပွဲစဉ်မှာ ချယ်လ်ဆီးကိုတောင် နောက်ကလိုက် အနိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဝက်ဖို့ဒ်တို့ အိမ်ကွင်းဖြစ်ပေမယ့် နိုင်ပွဲရယူနိုင်ဖို့ခက်ခဲနိုင်ကာ အမြင့်ဆုံးသရေလောက်ပဲကစားနိုင်ဖို့ရှိမယ်။

## အာဆင်နယ် v ဗီလာ

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ဗီလာ | ၀ | ၂ | အာဆင်နယ် |

အာဆင်နယ်ဟာ ခြေစွမ်းပိုင်း သာမန်သာရှိတယ်ဆိုပေမယ့်လည်း အိမ်ကွင်းပွဲစဉ်ဖြစ်နေတာကြောင့် အမှားခံမှာတော့မဟုတ်ပါဘူး။ အထူးသဖြင့် ဗီလာဟာ တန်းဆင်းရဖို့အတွက်သေ ချာနေတဲ့အပြင် လက်ရှိခြေစွမ်းပိုင်းကလည်း ကောင်းမွန်မှုမရှိပါဘူး။ အာဆင်နယ်တိုက်စစ်က အခုနောက်ပိုင်းမှာ အဆုံးသတ်ပိုင်းကျဆင်းနေတယ်ဆိုပေမယ့်လည်း ဗီလာခံစစ်ပိုင်းက အားနည်းမှုတွေများလွန်းနေတာကို တွေ့ရပါတယ်။ ဗီလာတို့နောက်ဆုံးပွဲစဉ်မှာ ရလဒ်ကောင်းဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း အာဆင်နယ်ကသာနိုင်ပွဲရသွားမှာပါ။

## မန်ယူ v ဘုန်းမောက်

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ဘုန်းမောက် | ၂ | ၁ | မန်ယူ |

မန်ယူဟာ ချန်ပီယံလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် နောက်ဆုံးအချိန်အထိ အားစိုက်ကစားသွားမှာ သေချာနေပါတယ်။ ကြားရက်မှာကစားခဲ့တဲ့ ဝက်စ်ဟမ်းနဲ့ပွဲစဉ်မှာ မန်ယူတို့ ရှုံးခဲ့လို့ အခုပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့ ပိုမိုအားစိုက်ကစားလာနိုင်တာကို သတိပြုရမှာပါ။ ဘုန်းမောက်ကတော့ တန်းတင်ကျန်ရစ်ဖို့ သေချာပြီဖြစ်သလို လက်ရှိခြေကလည်း အားနည်းမှုတွေများနေပါတယ်။ မန်ယူကတော့ အိမ်ကွင်းပွဲတွေမှာ ခြေပိုကောင်းတတ်တာကြောင့်လည်း ဘုန်းမောက်ကို ပိုမိုဖိအားပေးနိုင်မှာပါ။ မန်ယူပဲအနိုင်ရမယ်။

## ဆောက်သမ်တန် v ပဲလေ့စ်

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ပဲလေ့စ် | ၁ | ၀ | ဆောက်သမ်တန် |

ဆောက်သမ်တန်ဟာ ယူရိုပါလိဂ်ဝင်ခွင့် ရယူနိုင်ဖို့အတွက် မျှော်လင့်ချက်ရှိနေသေးတာကြောင့် အခုနောက်ပိုင်းပွဲတွေမှာလည်း အားစိုက်ကစားနေသလို ခြေကလည်းကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဆောက်သမ်တန်တို့ ပိုမိုအားစိုက်ကစားလာမှာ သေချာနေပါတယ်။ ပဲလေ့စ်ကတော့ လက်ရှိခြေစွမ်းပိုင်းအရ သာမန်သာရှိတာတွေ့ရသလို အဝေးကွင်းပွဲတွေမှာလည်း ခြေက ပိုမိုအားနည်းတတ်ပါတယ်။ ပဲလေ့စ်ရဲ့ ခံစစ်ပိုင်းကစားပုံက ကောင်းမွန်နေတယ်ဆိုပေမယ့်လည်း ဆောက်သမ်တန်ကသာ ကပ်နိုင်သွားနိုင်ပါတယ်။

## ဆွမ်ဆီး v မန်စီးတီး

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | မန်စီးတီး | ၂ | ၁ | ဆွမ်ဆီး |

မန်စီးတီးဟာ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်ခွာခဲ့ပြီဖြစ်တာကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲကိုသာ အာရုံစိုက်ကစားလာမှာဖြစ်သလို နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာလည်း နိုင်ပွဲနဲ့ရာသီပိတ်သိမ်းနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ မန်စီတီးမှာ ကွန်ပါနေးလ်ပါဝင်ဖို့ မသေချာပေမယ့်လည်း ဆွမ်ဆီးရဲ့တိုက်စစ်ပိုင်းလည်း အဆုံးသတ်ပိုင်း သေချာမှုမရှိပါဘူး။ ဆွမ်ဆီးအနေနဲ့ အိမ်ကွင်းမှာ အားစိုက်ကစားလာမှာဖြစ်ပေမယ့် ဖာနန်ဒင်ညို၊ ဖာနန်ဒိုတို့ ဦးဆောင်လာမယ့် မန်စီးတီးကွင်းလယ်ကို ထိန်းဖို့ခက်နေတာကြောင့် ဒီပွဲမှာမန်စီးတီးပဲ အနိုင်ရမယ်။

## ကာဆယ် v စပါး

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | စပါး | ၁ | ၂ | ကာဆယ် |

ချန်ပီယံမဖြစ်ခဲ့ပေမယ့်လည်း စပါးဟာ ဒီရာသီပိတ်နောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့်လည်း ကာဆယ်က တန်းမဆင်းရဖို့အတွက် နောက်ဆုံးပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်အထိ အားစိုက်ကစားသွားမှာ သေချာနေပါတယ်။ ဒါ့အပြင် လက်ရှိကာဆယ်ခြေကလည်း ကောင်းမွန်နေကာ အိမ်ကွင်းအားနဲ့လည်း ဖိအားပေးနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အထူးသဖြင့် ကာဆယ်ဟာ အိမ်ကွင်းပွဲတွေမှာ ရှန်းအားပိုမိုကောင်းမွန်တတ်တာကြောင့်လည်း စပါးတို့ အခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်မယ်။

## စတုတ် v ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ပ-ကျော့ | ဝက်စ်ဟမ်း | ၀ | ၀ | စတုတ် |

ဝက်စ်ဟမ်းဟာ ကြားရက်မှာ မန်ယူနဲ့ ပရီမီယာလိဂ်ပွဲကျန် ကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိလာနိုင်ပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းဟာ အနိမ့်ဆုံး ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်အောင် ဒီပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒီပွဲကစတုတ်ကွင်း ဖြစ်တယ်ဆိုပေမယ့်လည်း စတုတ်ခြေက အားနည်းမှုတွေရှိနေပါတယ်။ ဒါ့အပြင် စတုတ်ဟာ လက်ရှိအချိန်မှာလည်း မျှော်လင့်ချက်အတွက် အားစိုက်ကစားရမယ့် အခြေအနေမှာမရှိတော့ပါဘူး။ ဝက်စ်ဟမ်းကသာ အဝေးကွင်းမှာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် ရီယိုအိုလံပစ်သို့ မလာရန် ခရီးသွားများကို ရီဗယ်ဒို တိုက်တွန်း






**ဘရာဇီး ကွင်းလယ်တိုက်စစ်ကစားသမားဟောင်း ရီဗယ်ဒိုက ဘရာဇီးနိုင်ငံတွင်ဖြစ်ပေါ်နေသည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရီယိုဒီဂျနေးရိုးတွင် ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲသို့ လာရောက်ခြင်းမပြုရန် ခရီးသွားများအား သူ၏ Instagram တွင် ရေးသားတိုက်တွန်းလိုက်သည်။**

ရီဗယ်ဒို(၄၄နှစ်)သည် သူ၏သတိပေးစာနှင့်အတူ ပြီးခဲ့သည့်စနေနေ့တွင် သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် သေဆုံးခဲ့ရသော အသက် ၁၇ နှစ်အရွယ် အမျိုးသမီး၏ပုံကို ပူးတွဲဖော်ပြခဲ့သည်။ ဘာတာထရီပီရီရာဖရာဒီအမည်ရှိ အဆိုပါ အမျိုးသမီးငယ်သည် ပြီးခဲ့သည့် စနေနေ့ နံနက်ပိုင်းတွင် ရီယိုဒီဂျနေးရိုးမြို့၏ လေဆိပ်နှင့် အိုလံပစ် ပြိုင်ပွဲကျင်းပမည့် ကွင်းအများစုသို့ ဆက်သွယ်ထားသော အဓိကလမ်းမကြီး တစ်ခုပေါ်၌ သေနတ်သမားတစ်ဦး၏ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဖရာဒီနှင့် သူ၏မိသားစုသည် ခရီးထွက်ခွာလာစဉ် ၎င်းတို့စီးနင်းလာသည့်ကားအား လူ ရှစ်ဦးပါဝင်သည့် အဖွဲ့တစ်ခုက ဝန်းရံကာ ဓားပြတိုက်မှုဖြစ်စဉ်အတွင်း သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဘရာဇီးပြည်တွင်းမီဒီယာများက ရေးသားဖော်ပြခဲ့သည်။

"ဒီမှာတော့ နေ့စဉ်နေ့တိုင်း ရုပ်ဆိုးတဲ့အဖြစ်အပျက်တွေ ဖြစ်ပေါ်နေပါတယ်။ အိုလံပစ်ပြိုင်ပွဲအတွက် ဘရာဇီးကို ခရီးထွက်ဖို့ စီစဉ်နေသူတိုင်းကို ကျွန်တော်က ကိုယ့်အိမ်မှာပဲကိုယ်နေပါလို့ အကြံပေးချင်ပါတယ်။ ဒီကိုလာမယ်ဆိုရင် ကိုယ့်ဘဝကို အန္တရာယ်ကြားပို့သလို ဖြစ်လာပါလိမ့်မယ်။ ဘုရားသခင်ကသာလျှင် ဘရာဇီးမှာ ဖြစ်ပျက်နေတဲ့အခြေအနေတွေကို ပြောင်းလဲပေးနိုင်ပါလိမ့်မယ်"ဟု ရီဗယ်ဒိုက ရေးသားခဲ့ခြင်းဖြစ်သည်။

ရီယိုအိုလံပစ်ပြိုင်ပွဲအား လာမည့် ဩဂုတ်လအတွင်း ကျင်းပမည်ဖြစ်သည်။

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၂)
## ရွှေရတုအခမ်းအနားဖိတ်ကြားလွှာ

၁၉၆၆ခုနှစ် ဇွန် ၆ရက် (၆-၆-၆၆)ရက်တွင် သင်တန်းစတင်တက်ရောက်ခဲ့ကြသော တို့သူငယ်ချင်းများသည် ၂၀၁၆ခုနှစ် ဇွန် ၆ရက်(၆-၆-၁၆)ရက်တွင် ရွှေရတု နှစ်(၅၀)ပြည့်မြောက်မည်ဖြစ်ပါသည်။ ရွှေရတုအထိမ်းအမှတ်ပွဲကို အောက်ပါအတိုင်း ကျင်းပမည်-

**ဂေါက်သီးရိုက်ပြိုင်ပွဲ**

**ရက်/အချိန်**

၆-၆-၂၀၁၆ရက် (တနင်္လာနေ့) ၀၅း၃၀နာရီ

**နေရာ**

ငွေသော်တာဂေါက်ကွင်း(YCDC)

**မိတ်ဆုံညစာစားပွဲ**

**ရက်/အချိန်**

၆-၆-၂၀၁၆ရက်(တနင်္လာနေ့) ၁၈း၃၀နာရီ

**နေရာ**

Yangon Hotel၊ ၈မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်။

**ဖိတ်ကြားခြင်း**

သူငယ်ချင်းများ၊ မိသားစုဝင်များ၊ စုံညီစွာ တက်ရောက်ကြပါရန် ဂုဏ်ပြုဖိတ်ကြားအပ်ပါသည်။

(တို့ သူငယ်ချင်းများ၏ 'နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်စာအုပ်'ကို ပုံနှိပ်ပြီးဖြစ်ပါသဖြင့် ၇၀၃ ဝဏ္ဏကျော်ထင် ကိုလှမြင့်ဆွေ(ဖုန်း-၀၉-၅၁၀၁၉၃၀)၏ရုံးခန်း၌ ၉-၅-၂၀၁၆ရက်မှစ၍ ထုတ်ယူရရှိနိုင်ပြီဖြစ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဖုန်း-၀၉-၇၃၂၀၄၀၀၄၊ ၀၁-၃၈၇၅၀၁**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အလုပ်ပိတ်ရက်ကြော်ငြာ

